သမဏာနဉ္စ ဒဿနံ ဧတံ မင်္ဂလမုတ္တမံ၊ ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၁ ရက်၊ ၂၀၀၄ ခုနှစ်၊ မတ် ၃၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၈၃)

စီမံကိန်းလုပ်ငန်းကြီးများ ထုထည်ပမာဏကြီးမား
သက်ဆိုင်ရာဝန်ကြီးဌာနသာမက အခြားဝန်ကြီးဌာနများ၏ပံ့ပိုးမှုပါရယူ

စီမံကိန်းလုပ်ငန်းကြီးများမှာ ထုထည်ပမာဏကြီးမားသဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာန တစ်ခုတည်းကသာ တာဝန်ယူ ဆောင်ရွက်နေ၍မဖြစ်နိုင်ဘဲ လုပ်ငန်းအရ ဆက်စပ်နေသော အခြားဝန်ကြီးဌာနများ၏ ပံ့ပိုးအထောက်အကူပြုမှုကိုပါ ညှိနှိုင်း ပေါင်းစပ်ရယူမှသာ မြန်မြန်ဆန်ဆန် တည်ဆောက်ပြီးစီးနိုင်သဖြင့် လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ပေးနိုင်ရန် အထူး စီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ကို ဖွဲ့စည်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

အမှာစကားပြောကြား

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေး အဖွဲ့၏(၁/၂၀၀၄)ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(ဝဲပုံနှင့်အောက်ပုံ) (သတင်းစဉ်)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကြီးများ မြန်မြန်ဆန်ဆန်အကောင်အထည်ဖော် စီမံကိန်းလုပ်ငန်းမြန်မြန်ဆန်ဆန်ပြီးမှ စီမံကိန်းအကျိုးကို ပြည်သူများမြန်မြန်ခံစားရမည် မြန်မြန်ပြီးရုံသာမက တည်ဆောက်မှုများကောင်းမွန်ပြီး သပ်သပ်ရပ်ရပ်ရှိရန်လည်းလိုအပ် စီမံကိန်းလုပ်ငန်းများအနက် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းအဓိကအရေးပါ ပြည်သူများသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှုပိုမိုချောမွေ့ရန် မီးရထားလမ်းအဆင့်မြှင့်တင်

ရန်ကုန် မတ် ၃၀

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၀၄) ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီ ၄၅မိနစ်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေး အစည်းအဝေးခန်းမ၌ကျင်းပရာ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၆ ကော်လံ ၁ ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ မတ်လ ၃၁ ရက်)

အမျိုးသားရေး လုပ်ငန်းစဉ်များ အောင်မြင်ဖြစ်ထွန်းရေး နယ်စပ်ဒေသဖွံ့ ဖြိုးရေးစီမံကိန်း အောင်မြင်အောင်ကြိုးပမ်း

တပ်မတော်အစိုးရသည် နိုင်ငံတော်၏တာဝန်ကို ရယူခဲ့ချိန်မှစ၍ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ချမှတ်ခဲ့သည်။ ယင်းအမျိုးသားရေးမူဝါဒ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရေးအတွက် အမျိုးသားရေးလုပ်ငန်းစဉ်ကြီးများဖြစ်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၁၂)ရပ်နှင့်အညီ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပထမဦးစွာ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ခဲ့ပြီး ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးတို့ ဖြစ်ထွန်းအောင် တည်ဆောက်ရင်း ငြိမ်းချမ်းရေးတိုးပွားခိုင်မာအောင် ဆောင်ရွက်ခဲ့သည်။ တစ်ဆက်တည်းမှာပင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ချမှတ်၍အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေးအမှတ်စဉ်(၁/၂၀၀၄)ကို မတ်လ ၂၉ရက်နေ့နံနက်ပိုင်းက ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေးအစည်းအဝေးခန်းမ၌ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက အဖွင့်အမှာစကား ပြောကြားရာ၌ –

"ယခုအခါတွင် နယ်စပ်ဒေသများ၌ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအောင်မြင်ဖြစ်ထွန်းမှု၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်မှုတို့ ရရှိဖြစ်ထွန်းနေပြီး စက်မှုနှင့် လျှပ်စစ်စွမ်းအား ကဏ္ဍတွင်လည်း ဒေသအလိုက် တစ်ပိုင်တစ်နိုင် ဆောင်ရွက်ပေးနိုင်သည့်အပြင် ပညာရေး၊ ကျန်းမာရေးအခြေခံများလည်းအထိုက်အလျောက်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည့် အခြေအနေတွင် လုပ်ငန်းများအရှိန်အဟုန်မပျက် အောင်မြင်ဖြစ်ထွန်းစေရေးအတွက် ဖိဖိစီးစီး ပီပီပြင်ပြင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း"

လမ်းညွှန်မှာကြားသွားသည်။

နယ်စပ်ဒေသများနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးမှုနောက်ကျခဲ့သည့် အတိုင်းအတာ ပမာဏမှာ လွန်စွာကြီးမားခဲ့သည့်အလျောက် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်မည့် ဝန်ကြီးဌာနတစ်ခု ဖွဲ့စည်းပေးခဲ့သည်။ ထို့အပြင် အခြားသော ဝန်ကြီးဌာနများကပါ လုပ်ငန်းများထိရောက်စွာ ပေါင်းစည်းဆောင်ရွက်နိုင်ရေးအတွက် လမ်းညွှန်မှုပြုနိုင်ရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ဖွဲ့စည်း ဆောင်ရွက်ခဲ့သည်။

တစ်ချိန်တည်းမှာပင် နယ်စပ်ဒေသများ၌ ရှိနေခဲ့သည့် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှုများ ပပျောက်ပြီး သမ္မာအာဇီဝ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖြစ်ပေါ်လာစေရန် ဘိန်းအစားထိုး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ ဖြစ်ထွန်းလာစေရေးအတွက် မူးယစ်ဆေးဝါး ပပျောက်ရေး စီမံကိန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးကို သဘောတရားရေး ခံယူချက်အဖြစ် စွဲမြဲစွာခံယူပြီး ယင်းခံယူချက်များနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဟူသည့် အမျိုးသားရေး ပန်းတိုင်သို့ရောက်ရှိရေး ဦးတည်လျက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး၂၄ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကို ပေါင်းစပ်အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည်။

သို့ဖြစ်ရာ အမျိုးသားရေးပန်းတိုင်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးသို့ တက်လှမ်းရောက်ရှိစေရေးဦးတည်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အမျိုးသားရေးလုပ်ငန်းစဉ်ကြီးများ အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းလာရေးတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ အောင်မြင်ပြည့်မြောက်ရေး သည် ပဓာနကျသောအခန်းကဏ္ဍတွင် ရှိနေသည်ဆိုခြင်းကို သိမြင်ခံယူကြပြီး တာဝန်ရှိသူအသီးသီးက လုပ်ငန်းများအောင်မြင်စေရန် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

သာကေတမြို့နယ် ၂/တောင်ရပ်ကွက်၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံးတွင် မတ်၂၈ ရက်ကမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏နယ်လှည့်စာကြည့်တိုက် ဖွင့်ပွဲ ပြုလုပ်ရာမြို့နယ် ဦးစီးမှူး ဦးအေးလှသိန်းနှင့် ရပ်ကွက် ဥက္ကဋ္ဌ ဦးဘငြိမ်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်စဉ်။ (၃၀၂)

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တပ်မတော်နေ့အဝိဋ္ဌာန်

"အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား မင်းမြတ်တို့ တည်ထောင်ခဲ့သည့် ထက်မြက်သော တပ်မတော်များ၏ လက်ဆင့်ကမ်း အမွေခံလျက် ပိုမိုအင်အား တောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်ကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်ကို မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ တည်ဆောက်ကြပါစို့"

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)မှ စီစဉ်ပြုလုပ်သော ဆယ်ကျော်သက် မျိုးဆက်ပွားကျန်းမာရေး ပညာပေးဟောပြောပွဲကိုမတ်၂၈ရက်က ဒေသန္တရကျန်းမာရေး ဦးစီးဌာန ရုံးခန်းတွင် ပြုလုပ်ရာ မင်္ဂလာတောင်ညွန့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ရွှေရွှေရှိန် အမှာစကားပြောကြားစဉ်။ (က-ပ)

သွေးဆေးကန်အရှင်နန္ဒာစရိယ မိုးကုတ်တရားစခန်းပွဲ

ရန်ကုန် မတ် ၃၀

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ သွေးဆေးကန် အရှင်နန္ဒာစရိယ (သာသနဓဇ ဓမ္မာစရိယ)သည် ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် မဲပလီကျေးရွာ အောင်သိဒ္ဓိကျောင်း မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး အဖွဲ့ခွဲအမှတ်(၃၀၂)တွင် ဧပြီ၂ ရက် (မဟာသင်္ကြန် အကြိုနေ့မှ) စ၍ ဧပြီ ၁၇ ရက် (နှစ်ဆန်းတစ်ရက်နေ့) အထိ ကျင်းပမည့် တရားစခန်းပွဲတွင် ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မဟာသဒ္ဓမ္မဇောတိကဓဇ ဂုဏ်ဝိသိဋ္ဌပူဇာ အလှူတော်မင်္ဂလာကျင်းပမည်

ရန်ကုန် မတ် ၃၀

မွန်ပြည်နယ် ကျိုက်ထိုမြို့ ဆိပ်ဖူးတောင်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ ဦးစီးပဓာနနာယက မြို့နယ်ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု ကြီးကြပ်ရေး အဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဇောတိကအား မဟာသဒ္ဓမ္မ ဇောတိကဓဇ ဂုဏ်ဝိသိဋ္ဌပူဇာ အလှူတော်မင်္ဂလာပွဲကို ဧပြီ ၄ရက်မှ ၅ရက်အထိ အဆိုပါ ကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့ မြန်မာနိုင်ငံရိုးရာ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ သီဟသုဓမ္မသီဂီ၊ သီရိသုဓမ္မသီဂီ ဒေါ်မိမိခင် (လူမှုထူးချွန်ပထမဆင့်)နှင့်သားသမီးများက ပရဟိတဂေဟာရှိ ပအိုဝ်း၊ ပဒေါင်၊ ကရင်၊ ကယား အစရှိသော တိုင်းရင်းသား၊ တိုင်းရင်းသူ ကလေးများကို သာသနာ့ဘောင်သို့ သွတ်သွင်းခြင်း ပဗ္ဗဇ္ဇမင်္ဂလာသဘင်ပြုလုပ်၍ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဆရာတော်ကြီးအား ဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြို့နယ်စာပေနှင့်စာနယ်ဇင်းသို့အလှူငွေပေးအပ်

ရန်ကုန် မတ် ၃၀

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် မတ် ၂၃ ရက် ညနေ ၃ နာရီက အလှူငွေပေးအပ်ပွဲပြုလုပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကိုက မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့အတွက် မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်)ထံ အလှူငွေ ကျပ် ၁၀၀၀၀၀ ကို ပေးအပ်ကြောင်း သိရသည်။ **(က-ပ)**

* ကျောဖုံးမှ

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးကအကောင်းဆုံး မြဝတီဆောင်းပါးဆု ရရှိသူ ရဲထွန်း(စစ်ပညာ)၊ အကောင်းဆုံး ငွေတာရီဆောင်းပါးဆုရရှိသူတင်ထွန်းဦး (ယဉ်ကျေးမှု)၊ အကောင်းဆုံး မြဝတီကဗျာဆုရရှိသူ မြင်းမူမောင်နိုင်မိုး၊ အကောင်းဆုံး ငွေတာရီကဗျာဆု ရရှိသူ မောင်ဟေမာတို့အား ဆုများကို ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက မြဝတီမဂ္ဂဇင်းနှစ်ပတ်လည်အကောင်းဆုံး ကာတွန်းဆုရရှိသူ စိုးစံ၊ ငွေတာရီမဂ္ဂဇင်းနှစ်ပတ်လည် အကောင်းဆုံး ကာတွန်းဆုရရှိသူ အောင်ချမ်းမြေ့(မင်းဘူး)၊ မြဝတီ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဒုတိယဆုရရှိသူကျော်ကျော်ဝင်း(မြန်မာနိုင်ငံဓာတ်ပုံအသင်း)၊ မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ တတိယဆုရရှိသူ ကိုကိုဆန်နီ(သီဂီရွှေရည်)တို့အား ဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက မြဝတီရုပ်မြင်သံကြားမှ အကောင်းဆုံး တည်းဖြတ်ဆု ရရှိသူများ ဖြစ်ကြသော အရာခံဗိုလ်(အစားခန့်)ကေခိုင်စိုးနှင့် ဒုတိယအရာခံဗိုလ်(အစားခန့်)ရွှေစင်ထွန်း၊ အကောင်းဆုံး ထုတ်လုပ်ရေးမှူးဆု ရရှိသူ ဒုတိယအရာခံဗိုလ်(အစားခန့်)ချိုချိုခိုင်၊ အကောင်းဆုံး သတင်း ကြေညာသူဆုရရှိသူ အရာခံဗိုလ် (အစားခန့်)ရီရီစိုး၊ အကောင်းဆုံး မှတ်တမ်းထိန်းသိမ်းမှုဆုရရှိသူ အရာခံဗိုလ်(အစားခန့်) ယဉ်ပြုံးဝင်းတို့အား ဆုများကိုချီးမြှင့်သည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်က မြဝတီရုပ်မြင်သံကြားမှ အကောင်းဆုံး ကွန်ပျူတာဆုရရှိသူ တပ်ကြပ်ကြီး (အစားခန့်) ဥမ္မာခိုင်၊ အကောင်းဆုံး ရုပ်မြင်သံကြား ရိုက်ကူးသူ ဆုရရှိသူများ ဖြစ်ကြသော တပ်ကြပ်ကြီး ခင်စိုးနှင့် ဒုတိယအရာခံဗိုလ်စိုးညွန့်၊ အကောင်းဆုံး အစီအစဉ်ထုတ်လုပ်မှုဆုရရှိသူ ဗိုလ်ကြီးမောင်ထွေး၊ စက်မှုဌာနဂုဏ်ပြုဆုကို ဗိုလ်ကြီးဘုန်းနိုင်တို့အား ဆုများကိုချီးမြှင့်သည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက စီမံထုးချွန်တံဆိပ်(ဒုတိယဆင့်)ရရှိသူ မြဝတီသတင်းစာတိုက်မှ ဒုတိယဗိုလ်မှူးကြီး ခင်မောင်သန်း၊ စီမံထူးချွန်တံဆိပ် (ဒုတိယဆင့်)နှင့် ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး စွမ်းဆောင်နိုင်မှုဆုများ ရရှိသူ အထက(၂)မင်္ဂလာဒုံမှ ဗိုလ်မှူးစောသိန်း၊ စီမံထူးချွန်တံဆိပ်(တတိယဆင့်) ရရှိသူများဖြစ်ကြသော မြဝတီရုပ်မြင်သံကြားမှ ဗိုလ်မှူးရဲနိုင်စိုး၊ အရာခံဗိုလ်မြင့်နိုင်၊ အရာခံဗိုလ်(အစားခန့်) မြင့်မြင့်ကြည်နှင့် အရာခံဗိုလ်(အစားခန့်) အေးအေးဟန်တို့အား ဆုများကိုချီးမြှင့်သည်။ ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်က ကောဒသမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရရှိသူများ ဖြစ်ကြသော နဲ့(ဝါသနာရှင်အဆင့်)တွင် ပထမဆုရရှိသူ အမှတ် (၄)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ တပ်ကြပ်ကြီး ထွန်းထွန်းဦး၊ ဆိုင်းတစ်ဦးချင်း (ဝါသနာရှင်အဆင့်)တွင် ပထမဆုရရှိသူ အမှတ်(၂) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ဒုတိယအရာခံဗိုလ် မြဝင်းဗိုလ်တို့အား ဆုများကိုချီးမြှင့်သည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်မှူးချုပ် ခင်မောင်ထွန်းက ဆိုင်းတစ်ဦးချင်း(ပညာရှင်အဆင့်)တွင် တတိယဆုရရှိသူ မြဝတီရုပ်မြင်သံကြားမှ အရာခံဗိုလ်(အစားခန့်) ကျော်မြင့်၊ အဆို(ခေတ်ဟောင်း/ကာလပေါ်) (ဝါသနာရှင်အဆင့်)တွင် တတိယဆုရရှိသူအမှတ်(၁) နယ်လှည့်ပြည်သူ့ ဆက်ဆံရေးတပ်ခွဲမှ တပ်ကြပ်ကြီး (အစားခန့်)အေးအေးဦးနှင့် ဒုံမင်း အတီးပြိုင်ပွဲအတွက် (၅–၁၀ နှစ်)တွင် တတိယဆုရရှိသူ အထက(၇) တောင်ကြီးမှ မအိတို့အား ဆုများကို ချီးမြှင့်သည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သိန်းထွန်းက (၅၉)နှစ်မြောက် တပ်မတော်နေ့ ဗဟိုအဆင့်ပြိုင်ပွဲ စစ်သည်တော်ကျင့်ဝတ် (အရာခံအဆင့်)တွင် ပထမဆုရရှိသူ ထုတ်လုပ်ရေးတပ်(ပြည်သူ့ဆက်ဆံရေး)မှ အရာခံဗိုလ်ညွန့်ဝင်း၊ ကျပန်းစကားပြောပြိုင်ပွဲ(အကြပ်အဆင့်)တွင် ပထမဆုရရှိသူ မြဝတီစာပေတိုက်မှ တပ်ခွဲ တပ်ကြပ်ကြီး ဖြိုးမောင်လှ၊ စစ်သည်တော်ကျင့်ဝတ်(တပ်သားအဆင့်)တွင် ပထမဆုရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယတပ်ကြပ်ဉာဏ်စိုးတို့အား ဆုများကိုချီးမြှင့်သည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်းက စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲ(အရာခံအဆင့်)တွင် ဒုတိယဆုရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှ အရာခံဗိုလ်ကျော်အေး၊ (၅၉)နှစ်မြောက် တပ်မတော်နေ့ ဗဟိုအဆင့်ဝတ္ထုရှည်ပြိုင်ပွဲတွင် ပထမဆုရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်ကြပ်အောင်ကျော်မိုးတို့အား ဆုများချီးမြှင့်သည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ဆွေလှက (၅၉)နှစ်မြောက် တပ်မတော်နေ့ ဗဟိုအဆင့် ဝတ္ထုရှည်ပြိုင်ပွဲတွင် တတိယဆုရရှိသူ ထုတ်လုပ်ရေးတပ်(ပြည်သူ့ဆက်ဆံရေး)မှ ဗိုလ်ကြီးသန်းစိုး၊ (၅၉)နှစ်မြောက် တပ်မတော်နေ့ ဗဟိုအဆင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ဒုတိယဆုရရှိသူ အထက(၂)အလုံ မုံရွာမှ မောင်နေမျိုးဇော်တို့အား ဆုများကို ချီးမြှင့်သည်။

ဂုဏ်ပြုလက်ဆောင်ပေးအပ်

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးညိုဝင်း၊ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ဦး၊ ဒုတိယဗိုလ်မှူးကြီးတင့်လွင်၊ ဒုတိယဗိုလ်မှူးကြီးကျော်ဆန်းနှင့် ဒုတိယဗိုလ်မှူးကြီးအောင်သူတို့က မြဝတီရုပ်မြင်သံကြားတွင် ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသည့် အတတ်ပညာရှင်များနှင့် မြဝတီစာပေတိုက်တွင် ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသည့် စာပေနှင့် ဓာတ်ပုံပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ကြသည်။

ထို့နောက် ဧည့်သည်တော်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ၍ မြဝတီတေးဂီတအဖွဲ့ဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြဝတီရုပ်မြင်သံကြား နဝမနှစ်ပတ်လည်နေ့နှင့် မြဝတီစာပေတိုက် နှစ်ပတ်လည် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဆုရရှိသူအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

လူမှုဝန်ထမ်းဝန်ကြီးဗိုလ်ချုပ်စိန်ထွား ဂျပန်နိုင်ငံမှအလှူရှင်နှင့်အဖွဲ့အားလက်ခံတွေ့ဆုံ

ရန်ကုန် မတ် ၃၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွားအား ယနေ့ညနေ ၃ နာရီတွင် ဝန်ကြီးရုံး ဧည့်ခန်းမ၌ လူမှုဝန်ထမ်းဦးစီးဌာန မန္တလေး နားမကြားသောကလေးများ ကျောင်းသို့ ငါးနှစ်ဆက်တိုက် လှူဒါန်းသော အလှူရှင် ဂျပန်နိုင်ငံ ကျိုတိုမြို့ Kyo Shin Co., Ltd. ဥက္ကဋ္ဌဖြစ်သူ Mr. Sadaaki Tachi Ki နှင့် အဖွဲ့ဝင်များ လာရောက်တွေ့ဆုံသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်၊ ရုံးအဖွဲ့မှူး ဦးမောင်ပီနှင့် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဘိုးသန်းတို့ တက်ရောက်ကြသည်။

တက်ရောက်

အဆိုပါ အလှူရှင်နှင့်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းတွင် မန္တလေးမြို့ နားမကြားသောကလေးများ ကျောင်းတွင် ပင်မစာသင်ဆောင် ဆောက်လုပ်ရန်အတွက် ဒုတိယအရစ်အလှူငွေ အမေရိကန်ဒေါ်လာ ၃၉၆၀၀ ကို လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က လက်ခံယူသည်။ ယင်းအခမ်းအနားသို့ မန္တလေး မြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်နှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က အမှာစကား ပြောကြားသည်။

ထို့နောက် အလှူရှင် Mr. Sadaaki Tachi Ki က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

အခမ်းအနား အပြီးတွင် ဒုတိယဝန်ကြီးနှင့် အလှူရှင်များသည် မန္တလေး နားမကြားသော ကလေးများကျောင်း အတွင်းရှိ အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားနေမှုများနှင့် အလှူရှင်၏ လှူဒါန်းငွေဖြင့် ဆောက်လုပ်လျက်ရှိသော ပင်မကျောင်းဆောင်သစ်အား လိုက်လံကြည့်ရှုအားပေး ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငါး၊ပုစွန်မွေးမြူသူများလိုင်စင်လဲလှယ်ရန်ကြေညာ

ရန်ကုန် မတ် ၃၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မြန်မာနိုင်ငံအတွင်းရှိ ငါးမွေးမြူရေးလုပ်ငန်း စနစ်တကျဖြစ်စေရေးအတွက် ငါးမွေးမြူခြင်းဆိုင်ရာ ဥပဒေ (နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၂၄/၈၉)ကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။

ငါးလုပ်ငန်းဦးစီးဌာနသည် အဆိုပါဥပဒေနှင့်အညီ ငါး၊ ပုစွန်မွေးမြူခြင်းလိုင်စင်၊ ငါး၊ ပုစွန်သားပေါက်ထုတ်လုပ်ခြင်းလိုင်စင်၊ အလှပြငါး မွေးမြူခြင်းလိုင်စင် စသည်များကို ထုတ်ပေးလျက်ရှိရာ ယခုအခါ လိုင်စင်ရရှိထားသူများသည် ၂၀၀၄ခုနှစ်တွင် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်ရရှိရန်အတွက် သက်ဆိုင်ရာခရိုင်၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနများ၌ သက်တမ်းရက်ကုန်ဆုံးပြီး ရက်ပေါင်း၃၀အတွင်း လိုင်စင်အသစ်လဲလှယ်ကြရန်ဖြစ်သည်။

ထို့အပြင် ငါး၊ ပုစွန်မွေးမြူခြင်းဆိုင်ရာလုပ်ငန်းများကို စတင်လုပ်ကိုင်လိုသူများသည်လည်း သက်ဆိုင်ရာ ခရိုင်၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနတွင် လိုင်စင်လျှောက်ထားရယူပြီးမှ လုပ်ကိုင်ကြရမည်ဖြစ်သည်။

ငါးမွေးမြူခြင်း လိုင်စင်မရှိဘဲ ငါးမွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်နေကြောင်း စစ်ဆေးတွေ့ရှိရပါက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်စိမ်း၊ကျောက်မျက်အထူးရောင်းချပွဲ ဇွန် ၂၆ ရက်မှစ၍ ကျင်းပမည်

ရန်ကုန် မတ် ၃၀

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ၂၀၀၄ခုနှစ် ဇွန် ၂၆ ရက်မှ ဇူလိုင် ၃ ရက်အထိ ရန်ကုန်မြို့ မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဆက်သွယ်ဆောင်ရွက်နိုင်

ယခုနှစ် မတ်လတွင် ကျင်းပခဲ့သည့် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် အရည်အသွေးကောင်းမွန်သည့် ကျောက်မျက်ရတနာများကို သင့်တော်သည့် အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်၍ တင်ပြရောင်းချခဲ့ခြင်းနှင့် ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပမှ ရတနာကုန်သည် ၆၃၀ ကျော် တက်ရောက် ယှဉ်ပြိုင်ဝယ်ယူကြခြင်းတို့ကြောင့် ယူရို ၁၈ ဒသမ ၅ သန်းကျော် ရောင်းရငွေများ တိုးတက်ရရှိခဲ့သည်။ သို့ဖြစ်၍ ဇွန်လတွင်ကျင်းပမည့် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲတွင် အရည်အသွေးကောင်းမွန်သည့် ကျောက်မျက်ရတနာများကို တင်ပြရောင်းချပေးရန် ဈေးပြိုင်စနစ်ဖြင့် ရောင်းချပေးရန် အခြေခံရောင်းဈေးကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် ဈေးနှုန်း ညှိနှိုင်းသတ်မှတ်ရေးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ရန်ရှိရာ ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲတွင် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ ကုမ္ပဏီ/အသင်းများမှ တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို မေ ၁ ရက်မှ ဇွန် ၁ ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) ကျောက်စိမ်းရောင်းဝယ်ရေးဌာန ကျောက်မျက်ရောင်းဝယ်ရေးဌာနမှ တာဝန်ရှိသူများနှင့်ဆက်သွယ်၍ ညှိနှိုင်းဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သကြၤန်တွင်း အဓိဋ္ဌာန်တရားစခန်းပွဲ

ရန်ကုန် မတ် ၃၀

ရန်ကုန်တိုင်း တိုက်ကြီးမြို့ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲအမှတ် (၂၆၀)တွင် ဧပြီလ ၁၁ရက်မှ ၁၇ရက်နေ့အထိ (၂၇)ကြိမ်မြောက် သကြၤန်တွင်း အဓိဋ္ဌာန် ခုနစ်ရက်တရားစခန်းပွဲ ပြုလုပ်မည်ဖြစ်ရာ ရန်ကုန်မြို့ မိုးကုတ်ရိပ်သာအဖွဲ့ချုပ်၏ ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ အရှင်ဝိစိတ္တ (ဖွဲ့စုံကျောင်း) ဆရာတော် အရှင်သူမြတ်က ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ ခန္ဓာဉာဏ်ရောက် သစ္စာလေးပါး ပဋိစ္စသမုပ္ပာဒ် တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ တရားအားထုတ်လိုသော ယောဂီများသည် ဧပြီ ၁၀ရက် ညနေ ၅ နာရီ အရောက် လာရောက်ကြရန် နှိုးဆော်ထားကြောင်းသိရသည်။

(က–ပ)

မြန်မာ့ရုပ်မြင်သံကြား

၃၁–၃–၂၀၀၄(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၅။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၁၀	၆။	အရေးပြိုင်ပွဲ
၈း၂၀	၇။	ဘော်ဘင်ရေလှောင်တမံ
၈း၃၀	၈။	International News
၈း၄၅	၉။	Happy and Educational English Summer Course MRTV
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	Practice in Reading
၁၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၁၇း၁၅	၆။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇း၃၀	၇။	သီချင်းကြီးပဒေသာ
၁၇း၄၅	၈။	ဒါးကတံတား
၁၇း၅၀	၉။	(၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၈း၀၀	၁၀။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈း၁၅	၁၁။	Discovery
၁၈း၃၀	၁၂။	ညနေခင်းသတင်း
၁၉း၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၄။	ကြံ့ခိုင်ကျန်းမာ ပြည်မြန်မာ
၁၉း၂၀	၁၅။	တေးဂီတအစီအစဉ်
၁၉း၃၅	၁၆။	ကော်ဖီ(အပိုင်း–၂)
၂၀း၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
	၂၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း–၁၈)
	၂၂။	နောက်တစ်နေ့အစီအစဉ်
	၂၃။	အစီအစဉ်ပြီး၏။

အထူးတရားစခန်း

ရန်ကုန် မတ် ၃၀

ပဲခူးမြို့ ဥဿာမြို့သစ် ရန်ကုန်–မန္တလေးလမ်းမကြီး ပညာမွန် ကျောင်းတိုက်၌ တတိယအကြိမ် မဟာသကြၤန် ခုနစ်ရက် တရားစခန်းပွဲကို ဧပြီ၂ ရက်မှ ၁၈ရက်အထိ ကျင်းပမည်ဖြစ်သည်။ ပညာမွန် ဆရာတော် ဘဒ္ဒန္တ ပညာသာမိ (အစိုးရဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတရေ)က လယ်တီညောင်လေးပင်တောရ မိုးကုတ် စသော ဆရာတော်ကြီးများ၏ ဥပနိဿယကို ခံယူကာ ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သတိပဋ္ဌာန် ဒေသနာ ဝိပဿနာ အလုပ်ပေး တရားတော်များကို အခြေခံမှုစ၍ ဟောကြားပြသမည် ဖြစ်ရာ တရားစခန်း ဝင်လိုသူများ ဖုန်း–၀၅၂–၂၂၁၀၂ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

ဘုရှ်၏ စီးပွားရေးမူဝါဒများသည် မရေရာ ဒီမိုကရက်တစ်သမ္မတလောင်းဂျွန်ကယ်ရီဝေဖန်တိုက်ခိုက်

စိန့်လူးဝစ် မတ် ၂၉

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်၏ စီးပွားရေးမူဝါဒများသည် တည်မြဲမှုမရှိသော ကတိများဖြစ်ပြီး တိုးတက်မှုကင်းမဲ့သော တစ်ဖက်ပိတ်လမ်းဆုံးဆီသို့ အမေရိကန်ပြည်ထောင်စုကို ကျဆင်းသွားစေကြောင်း ဒီမိုကရက်တစ်သမ္မတလောင်း ဂျွန်ကယ်ရီက တနင်္ဂနွေနေ့၌ ပြောကြားလိုက်သည်။

စိန့်လူးဝစ်မြို့၏ လူမည်းဆင်ခြေဖုံးအရပ်ရှိ ဘုရားကျောင်း၌ ပြောဆိုရာတွင် ဘုရှ်ကိုလက်တွေ့မကျသောသူအဖြစ်လည်းကောင်း၊ ပေါင်းစည်းမှုထက်ပိုင်းခြားမှုကို ပြုလုပ်သူအဖြစ်လည်းကောင်း ကယ်ရီက ပုံဖော်ပြောဆိုခဲ့သည်။

ကတိပေး

နှစ်နာရီကြာ ဝတ်ပြုဆုတောင်းပွဲတွင် ဂျွန်ကယ်ရီသည် အမေရိကန်၌ မညီမျှမှုကို အထူးစူးစိုက်ပြောဆိုခဲ့ပြီး ဆင်းရဲမှုနှင့် ချမ်းသာမှု၊ လူမည်းနှင့်လူဖြူ ကွာဟချက်ကို ပပျောက်စေမည်ဟု ကတိပေးပြောကြားလိုက်သည်။

လှောင်ပြောင်

ဘုရှ်အာဏာရချိန်မှစပြီး လူသုံးသန်းအလုပ်အကိုင်များဆုံးရှုံးခဲ့ရခြင်းနှင့် အမေရိကန် ၄၃သန်းဆေးဝါးမကုသနိုင်ခြင်းတို့ကို ထောက်ပြကာ သမ္မတဘုရှ်မကြာသေးခင်က အခိုင်အမာ ပြောဆိုခဲ့သည့် အမေရိကန်စီးပွားရေးသည် ယခုအခါဦးလှည့်လာပြီဆိုသော စကားကို လှောင်ပြောင်ပြောဆိုခဲ့သည်။

ကင်းမဲ့

မိမိတို့၏ နိုင်ငံခေါင်းဆောင်သည် မိမိတို့အား အလှည့်အပြောင်းတစ်ခုဆီသို့ ခေါ်ဆောင်သွားဖွယ်ရှိသော်လည်း ယင်းအလှည့်အပြောင်းသည် တည်မြဲမှုမရှိသော ကတိများဖြင့်ပြီးသည့် တိုးတက်မှုကင်းမဲ့သော တစ်ဖက်ပိတ် အလှည့်အပြောင်းပင်ဖြစ်ကြောင်း ကယ်ရီက ပြောဆိုသည်။

အမ်အင်အေ၊ရိုက်တာ

ပဋိပက္ခဖြစ်ပွား

မတ် ၂၉ ရက်က ဘာဆာရာမြို့တွင် ဗြိတိသျှတပ်ဖွဲ့ဝင်များနှင့် ဆန္ဒပြသူအီရတ်တို့ ပဋိပက္ခ ဖြစ်ပွားနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆာမာဝါ၌ကုန်တင်ယာဉ်တိုက်ခိုက်ခံရ

တိုကျို မတ် ၂၉

အီရတ်နိုင်ငံတောင်ပိုင်း ဆာမာဝါမြို့ရှိ ဂျပန်တပ်ဖွဲ့ဝင်များ၏ အခြေစိုက်စခန်းအတွက် ကုန်ပစ္စည်းများ တင်ဆောင်လာသော ကုန်တင်ယာဉ်တစ်စီး တိုက်ခိုက်ခံခဲ့ရသည်။

အဆိုပါကုန်တင်ယာဉ်သည် ကူဝိတ်မှ ဆာမာဝါသို့ ထွက်ခွာလာသော မော်တော်ယာဉ်ဖြစ်သည်။ ယင်းတိုက်ခိုက်ရာတွင် အီရတ်တစ်ဦးသေဆုံးသွားကြောင်း သိရသည်။

အဆိုပါ မော်တော်ယာဉ်သည် ဂျပန်စစ်ယာဉ်တန်းဖြင့် လိုက်ပါခြင်းမရှိသည်ကိုသာ သိကြောင်း ဂျပန်အစိုးရတာဝန်ရှိသူက ပြောကြားသည်။ အီရတ်တစ်ဦးမှာ ဒဏ်ရာသာရရှိကြောင်း အခြားအရာရှိတစ်ဦးက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

စစ်ပွဲအတွင်းမှားယွင်းပစ်ခတ်မှုကြောင့် ကန်တပ်ဖွဲ့ဝင် ၁၀ဦးသေဆုံးခဲ့ရမှု မရိန်းတပ်ဖွဲ့အရာရှိ၏ မှားယွင်းသော အမိန့်ပေးမှုကြောင့်ဟုဆို

ဝါရှင်တန် မတ် ၂၉

အီရတ်စစ်ပွဲစတင်ခဲ့သည့် ပြီးခဲ့သော ၂၀၀၃ ခုနှစ် မတ်လ၌ အီရတ်၏ မသင်္ကာဖွယ်ရာစခန်းများကို တိုက်ခိုက်ရန်အတွက် အမေရိကန်မရိန်းတပ်မှ ဗိုလ်ကြီးတစ်ဦးက ဂျက်တိုက်လေယာဉ်များကို ခေါ်ယူခဲ့မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များအချင်းချင်း မှားယွင်းပစ်ခတ်မှုဖြစ်ခဲ့ရခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်အရာရှိများက တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။

ထုတ်ပြန်

အီရတ်နိုင်ငံတောင်ပိုင်း နာဆီရီယာမြို့အနီး အဆိုပါမတော်တဆ မှားယွင်းပစ်ခတ်မှုကြောင့် အမေရိကန် မရိန်းတပ်ဖွဲ့ဝင် ၁၀ဦး သေဆုံးခဲ့ရပြီး တပ်ဖွဲ့ဝင်သုံးဦးဒဏ်ရာရရှိခဲ့သည်။ ယင်းကဲ့သို့ မရိန်းတပ်ဖွဲ့ဝင်များ သေဆုံးခဲ့ရမှုနှင့် ပတ်သက်၍ မည်ကဲ့သို့သေဆုံးခဲ့ရသည်ဆိုသော ထောက်လှမ်းရေးအစီရင်ခံစာတစ်ရပ်အပေါ်တွင် အမေရိကန် ဗဟိုစစ်ဌာနချုပ်က အထက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်ခြင်းဖြစ်သည်။

ကောက်ချက်ချ

၂၀၀၃ ခုနှစ် မတ် ၂၃ရက် တိုက်ခိုက်မှုဖြစ်ပွားစဉ်အတွင်း အဆိုပါ မတော်တဆ မှားယွင်းပစ်ခတ်မှု ဖြစ်ရပ်မှာ မြေပြင်လေတပ်ထိန်းချုပ်ရေး အရာရှိတစ်ဦးဖြစ်သူ မရိန်းတပ်ဖွဲ့ဗိုလ်ကြီးတစ်ဦး၏ မှားယွင်းစွာ အမိန့်ပေးခဲ့မှုကြောင့် အဆိုပါ အဖြစ်အပျက်ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်ကြောင်း အဖွဲ့ဝင် ၁၁ ဦးပါရှိသော အမေရိကန် စစ်ဘက်အဖွဲ့တစ်ခုက တစ်နှစ်ကြာ စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီးနောက် အထက်ပါအတိုင်း ကောက်ချက်ချခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

မတ် ၂၈ ရက်က စပိန်လိဂ်ဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ရီးယဲမက်ဒရစ်နှင့် ဆီဗီလာအသင်းတို့ ယှဉ်ပြိုင်ပွဲတွင် ရီးယဲမက်ဒရစ်အသင်းမှ ဒေးဗစ်ဘက်ဟမ်းထိုးဖောက်ကစားစဉ်။ (ယင်းပွဲတွင် ရီးယဲမက်ဒရစ်က ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။) (ဓာတ်ပုံ-အင်တာနက်)

အီရတ်ကြားဖြတ်အစိုးရအဖွဲ့ အမျိုးသမီးဝန်ကြီး မိုဆူးလ်အနီးတွင်လုပ်ကြံသတ်ဖြတ်မှုမှ လွတ်မြောက်ခဲ့

မိုဆူးလ် မတ် ၂၉

အီရတ်ကြားဖြတ် အစိုးရအဖွဲ့၏ တစ်ဦးတည်းသော အမျိုးသမီးဝန်ကြီးဖြစ်သူ ပြည်သူ့လုပ်ငန်းဝန်ကြီး နာဆရင်းဘာဝါရီသည်မိုဆူးလ်မြို့အနီး၌ လုပ်ကြံသတ်ဖြတ်ရန် ကြံစည်မှုမှ လွတ်မြောက်ခဲ့ကြောင်း ရဲအရာရှိတစ်ဦးက အေအက်ဖ်ပီသို့ ပြောကြားသည်။

ထိုသို့ လုပ်ကြံသတ်ဖြတ်ရာတွင် သူမ၏ သက်တော်စောင့်သုံးဦးမှာ သေဆုံးသွားသည်ဟု ဆိုသည်။ ဘာဝါရီ (၃၇)နှစ်သည် ကာ့ဒ်လူမျိုးဖြစ်ပြီး ယနေ့မိုဆူးလ် အရှေ့ဘက် အယ်လ်ကာရာမာ၌ သူမအားလုပ်ကြံသတ်ဖြတ်ခြင်းမှ လွတ်မြောက်ခဲ့ကြောင်း ဗိုလ်မှူးရာ်ဟစ်ဒ်ယူနက်စ် အဗ္ဗဒယ်လာက ပြောကြားသည်။

ပစ်ခတ်

လုပ်ကြံသတ်ဖြတ်သူ တိုက်ခိုက်ရေးသမားများက သေနတ်များဖြင့် သူမ၏ ယာဉ်တန်းကို ပစ်ခတ်ခဲ့ကြောင်း၊ သက်တော်စောင့်သုံးဦးသေဆုံးပြီး စတုတ္ထမြောက် သက်တော်စောင့်မှာ ဒဏ်ရာရရှိခဲ့ကြောင်း ရဲကပြောကြားသည်။

တစ်ဦးတည်း

ဘာဝါရီသည် ကြားဖြတ်အစိုးရအဖွဲ့၌ ပါရှိသော ကာ့ဒ်ဝန်ကြီးငါးဦးတွင် တစ်ဦးတည်းသော အမျိုးသမီးဝန်ကြီးဖြစ်သည်။ သူမသည် ဘဂ္ဂဒက်တက္ကသိုလ်မှ ဗိသုကာအင်ဂျင်နီယာဘွဲ့ရဖြစ်ပြီး ပြည်သူ့ရေးရာ မူဝါဒနှင့် စီမံခန့်ခွဲမှုဘာသာရေးဖြင့် ဟားဗာ့ဒ်တက္ကသိုလ်ကနေဒီအစိုးရကျောင်းမှ ဒီဂရီရထားသူလည်းဖြစ်သည်။

ဆောင်ရွက်ခဲ့

သူမသည် ၁၉၉၇ မှ ၁၉၉၈ ခုနှစ်ထိ အီရတ်မြောက်ပိုင်း ဒိုဟာ့ခ်မြို့၌ လူသားရေးရာဖြေရှင်းမှု ကုလသမဂ္ဂရုံးတွင် အကြီးအကဲအဖြစ် ဆောင်ရွက်ခဲ့သည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အီရတ်ခုခံတိုက်ခိုက်ရေးသမားများ၏ပစ်ခတ်မှု ဗြိတိသျှတစ်ဦးနှင့် ကနေဒါတစ်ဦးတို့ သေဆုံး

ဘဂ္ဂဒက် မတ် ၂၈

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်တွင် မော်တော်ကားတစ်စီးကို ခုခံတိုက်ခိုက်ရေးသမားများက ယနေ့ပစ်ခတ်တိုက်ခိုက်သဖြင့် ဗြိတိသျှတစ်ဦးအပါအဝင် နိုင်ငံခြားသားနှစ်ဦး သေဆုံးသွားသည်။

သေနတ်ပစ်ခတ်မှု ဖြစ်ပွားပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ရဲတို့က ဖြစ်ပွားရာနေရာကို ပိတ်ထားလိုက်ကြသည်။ မီးလောင်နေသော မော်တော်ကား တစ်စီး၏ နံဘေး၌ မီးလောင်ထားသော အလောင်းနှစ်လောင်းကို တွေ့ရကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ သေဆုံးသူတစ်ဦးမှာ ဦးခေါင်း၌ သေနတ်ထိမှန်ထားသည်ဟု ဆိုသည်။

လန်ဒန်ရှိ နိုင်ငံခြားရေးရုံးက ဗြိတိသျှလူမျိုးတစ်ဦး သေဆုံးကြောင်း အတည်ပြုပြောကြားသည်။ ဒုတိယ သေဆုံးသူမှာ ဗြိတိသျှလူမျိုးမဟုတ်ဟု ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အစောပိုင်း၌ အရှေ့မိုဆူးလ်ရှိ လျှပ်စစ်ဓာတ်အားပေး စက်ရုံမှ အရာရှိတစ်ဦးက သေဆုံးသူများမှာ ဗြိတိသျှအစောင့်များဖြစ်ကြောင်း၊ ဓာတ်အားစက်ရုံ၌ လုပ်ကိုင်နေကြသည့် နိုင်ငံခြားသား ကျွမ်းကျင်သူများကို ကာကွယ်နေသူများဖြစ်ကြောင်းပြောကြားသည်။

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့ရှိ ဓာတ်အားစက်ရုံကို ခုခံတိုက်ခိုက်ရေးသမားများက ယနေ့ပစ်ခတ်တိုက်ခိုက်ခဲ့ရာတွင် နိုင်ငံခြားသားအစောင့်နှစ်ဦး သေဆုံးခဲ့ကြောင်းနှင့် သေဆုံးသူတစ်ဦးမှာအမည်မဖော်နိုင်သောကနေဒါနိုင်ငံသားတစ်ဦးဖြစ်ကြောင်း ကနေဒါနိုင်ငံခြားရေးဌာနဝန်ကြီးဌာနက ပြောကြားသည်။ **(အင်တာနက်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဌာန၏၂၀၀၃-၂၀၀၄ ခုနှစ်ကျောင်းဆင်းပွဲနှင့် ပဒေသာကပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဌာန ကျောင်းဆင်းပွဲကျင်းပ

ရန်ကုန် မတ် ၃၀

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကဖွင့်လှစ်ထားသည့် ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဌာန၏၂၀၀၃-၂၀၀၄ခုနှစ် ကျောင်းဆင်းပွဲနှင့် ပဒေသာကပွဲ အခမ်းအနားကို ယနေ့နံနက်၈နာရီခွဲတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသောဒေါက်တာကြည်စိုးနှင့် ဒေါက်တာဒေါ်တင်လင်းမြင့်၊ ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ငွေနှင့် ကြီးကြပ်မှုကော်မတီ နာယကကြီးများ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး ဒေါက်တာနွယ်ဦးက ဆောင်ရွက်သည်။

ပေးအပ်ချီးမြှင့်

ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အမှာစကားပြောကြား၍ ကလေးသူငယ်များအား အကပညာသင်ကြားပေးသော ယဉ်ကျေးမှုတက္ကသိုလ်မှ နည်းပြဆရာမများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီး ကျောင်းသား ကျောင်းသူလေးများ၏ ကျောင်းဆင်းလက်မှတ်များကို အတန်းခွဲအလိုက် ဆရာမများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကလေးသူငယ်များအား အမှတ်တရလက်ဆောင်ပစ္စည်းများကို အသင်းဒုတိယဥက္ကဋ္ဌဒေါက်တာဒေါ်တင်လင်းမြင့်ကပေးအပ်ရာ တန်းခွဲကိုယ်စားလှယ် ကလေးငယ်များက လက်ခံယူကြသည်။

ယင်းနောက် ကြွရောက်လာကြသည့် ဧည့်သည်တော်များအား ကျောင်းသား ကျောင်းသူလေးများက "မြမန်းဂီရိ" တပင်တိုင်အက၊"အောင်စေပိုင်စေ"သီချင်း၊ "ငြိမ်းချမ်းရေးပန်းခင်း" သီချင်းဖြင့် တိုင်းရင်းသားအက၊ "ပန်း ၁၀ ပွင့်နှင့် A,B,C,D ကဗျာ၊ အေရိုးဗစ်အက၊ "မမကိုယ်တိုင်က" သီချင်းဖြင့် သကြ်န်အက၊ "အောင်သီချင်း" ဖြင့် ဆရာမလေးများက ဂုဏ်ပြုသည့် အဆို၊ အက ပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စားလှယ်များ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာကြည့်ရှုလေ့လာ

ရန်ကုန် မတ် ၃၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များစုံညီအစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည့် ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ် ၃၀၀တို့သည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ခေါင်းဆောင် သူနာပြုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာမေဝင်းအောင်ခင်၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ကြည်ကြည်မြနှင့် လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်ခင်မေစိုးတို့လိုက်ပါလျက် ယနေ့နံနက်၇နာရီခွဲတွင် ရန်ကုန်တိုင်း သာကေတမြို့နယ် ရန်ကုန်-သန်လျင်တံတား အနီးရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၏ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ သွားရောက်ကြည့်ရှုလေ့လာကြရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်၊ ညွှန်ကြားရေးမှူး ဦးရဲနိုင်နှင့် တိုင်းရင်းသူလေးများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်က ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၏ ပင်မမုခ်ဦးတွင် ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များအား ပြည်ထောင်စု တိုင်းရင်းသူလေးများဖြစ်ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ရခိုင်၊ ရှမ်း တိုင်းရင်းသူများနှင့် မိတ်ဆက်ပေးသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်က ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်၊ စီမံကိန်း၊ အကျယ်အဝန်း၊ တည်နေရာ၊ ပြည်ထောင်စု တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များကို တစ်နေရာတည်းတွင် တစုတဝေးတည်း ကြည့်ရှုလေ့လာနိုင်ရန် တိုင်းရင်းသားကျေးရွာ ခုနစ်ရွာဖြင့် တည်ဆောက် ခင်းကျင်းပြသထားမှုများကို ရှင်းလင်းပြောကြားသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စားလှယ်များသည် ရခိုင်ရွာရှိ ရခိုင်အိမ်ကို ဝင်ရောက်ကြည့်ရှုလေ့လာကြပြီး ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိ ထုက္ကန်သိမ်ပုထိုးတော်ကြီး ပုံတူပုထိုးတော်ကြီးကို ကြည်ညိုလေ့လာကြသည်။

ဆက်လက်၍ ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များသည် ဗမာရွာ၊ ကရင်ရွာ၊ မွန်ရွာ၊ ချင်းရွာနှင့် ကချင်ရွာများသို့ ဝင်ရောက် ကြည့်ရှုလေ့လာကြရာ သက်ဆိုင်ရာရွာများအလိုက် တိုင်းရင်းသား တိုင်းရင်းသူများက ရှင်းလင်းပြသကြသည်။

ထို့နောက် ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များသည် အမှတ်တရပစ္စည်းအရောင်းဆိုင်များတွင် ရောင်းချလျက်ရှိသော ရိုးရာ အဝတ်အထည်များနှင့် အသုံးအဆောင်ပစ္စည်းများကို ဝယ်ယူအားပေးကြသည်။

ဆက်လက်၍ ပြည်နယ်၊တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များသည် ရှမ်းရွာသို့ ဝင်ရောက်ကြည့်ရှုလေ့လာကြပြီး အင်းလေးကန်အတွင်း ရှမ်းတိုင်းရင်းသူတစ်ဦးက ဘုန်းကြီးကျောင်းသို့ ဆွမ်းအုပ်ပို့ရန် လှေဖြင့်သွားပုံ သရုပ်ပြသမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ကယားရွာအတွင်း ဝင်ရောက်ကြည့်ရှု လေ့လာကြပြီး သီရိမင်္ဂလာတောင်တော်ရှိ တောင်ကွဲစေတီ ပုံတူစေတီတော်အား ကြည်ညိုလေ့လာကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များသည် နန်းမြင့် မျှော်စင်ပေါ်သို့ တက်ရောက်၍ ပဲခူးမြစ်နှင့် ရန်ကုန်-သန်လျင်တံတားကြီး၏ ရှုခင်း၊ ပြည်ထောင်စု တိုင်းရင်းသား ကျေးရွာ၏ မြင်ကွင်းများကို ကြည့်ရှုလေ့လာကြပြီး နံနက်၁၀နာရီတွင် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာမှ ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

ဟာသဂျာနယ်ဖြန့်ချိ

ရန်ကုန် မတ် ၃၀

ကာတွန်းဗကလေး၏ မျက်နှာဖုံးကာတွန်းနှင့် ဆရာသာဂဒိုး၊ အိကြာကွေး၊ မြေဇာ၊ သုဝဏ္ဏကျော်စိန်၊ ဆြာကြီးထိန်၊ မြမြလှိုင်၊ ကာတွန်းမြင့်စိုးလေး၊ ရဲမြင့်ဝင်း၊ မောင်မြင့်မား (ဗိုလ်ကလေး)၊ သာဂရဇော်ရင်၊ မောင်ထည်ဝါ(ပျော်ဘွယ်)၊ ရွှေလမင်း(မန်း)၊ သိန်းသိန်း၊ စုသက်မှူး (မရမ်းကုန်း)၊ ကျော်ဇောဟိန်း(ဒေါပုံ)၊ ကိုအောင်ငွေသိမ်းတို့၏ ဟာသရသ အတွေးအရေးများအပါအဝင် ရုပ်ရှင်၊ ဇာတ်သဘင် ဟာသရသများကို ပြည့်ပြည့်ဝဝဖော်ပြထားသော ဟာသဂျာနယ် အတွဲ(၂) အမှတ်(၃၅)ကို ဝါမိုးအောင်စာပေ အမှတ် ၅၂၉ ကုန်သည်လမ်း ရန်ကုန်မြို့က ဖြန့်ချိထားကြောင်း သိရသည်။

(က-ပ)

မဟာပဋ္ဌာန်းပူဇော်မည်

ရန်ကုန် မတ် ၃၀

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီ ဗုဒ္ဓသာသနာ့ဝေယျာဝစ္စ နိဗ္ဗာန်ဆော် ဝတ်အသင်း၏ အရိယဓမ္မာရုံကြီးတွင် မတ်၃၁ ရက်မှ ဧပြီ ၅ ရက် အထိငါးရက်တိုင်တိုင် ဒုတိယအကြိမ်မဟာပဋ္ဌာန်းပူဇော်ပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ရန်ကုန်မြို့တော်မဟာသင်္ကြန်ပွဲတော်ရေကစားလိုသူများ ခွင့်ပြုမိန့်လျှောက်ထားရမည်

ရန်ကုန် မတ် ၃၀

၁၃၆၅ခုနှစ် မဟာသင်္ကြန်ပွဲတော်ရက်များအတွင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင်ရေပိုက်၊ အင်းလျားကန်နှင့်ကန်တော်ကြီးကန်တို့မှရေကို ဆက်သွယ်ကစားလိုသည့်ကိစ္စရပ်များ စီစဉ်ဆောင်ရွက်ပေးနိုင်ရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)သို့ ဧပြီ ၉ ရက် မွန်းတည့် ၁၂ နာရီနောက်ဆုံးထား၍ ယာယီရေဆက်သွယ်ရန်အတွက် ခွင့်ပြုမိန့်လျှောက်ထားကြရမည်ဖြစ်သည်။

တင်ပြလျှောက်ထား

ခွင့်ပြုမိန့်လျှောက်ထားရာ၌ သတ်မှတ်လျှောက်လွှာတွင် သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်(ရေ/သန့်)တာဝန်ခံတို့၏မှတ်ချက်ရယူပြီး အင်ဂျင်နီယာဌာန (လမ်း/တံတား)မှ မဏ္ဍပ်ဆောက်လုပ်ခွင့်ကိုပူးတွဲ၍ တင်ပြလျှောက်ထားရမည်ဖြစ်သည်။

ရေဆက်သွယ်မှုကို မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးရှိ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ဝန်ထမ်း များက ရေကစားမဏ္ဍပ်သို့ ရေဆက်သွယ်သူများလိုက်နာရန် စည်းကမ်းချက်များနှင့်အညီ ရေဆက်သွယ်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ခွင့်ပြုမိန့်မရှိဘဲ ကော်မတီပိုင်ရေပိုက်များ၊ အင်းလျားကန်၊ ကန်တော်ကြီးကန်နှင့် အခြားမြေစိုက်ကန်များမှ ရေကိုဆက်သွယ်၍ ရေကစားခြင်းပြုပါက ဥပဒေစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၃၁-၃-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅ ၆။ မျိုးချစ်တပ်မတော်
၄:၄၀ ၇။ ကျန်းမာခြင်းသည် နိုင်ငံ့ခွန်အား
၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီခြင်း
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Quality Control (စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား)
၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မောင့်ရွှေနဖာဖူး၊ မယ်ရွှေနဖူးစာ"** (အပိုင်း-၂၀)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သစ္စာမဏ္ဍိုင်"** (အပိုင်း-၂၇)
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

ဖွံ့ဖြိုးတိုးတက်နေသောနိုင်ငံများနှင့် ရင်ပေါင်တန်းလိုက်နိုင်ရေး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကြီးများကို မြန်မြန်ဆန်ဆန်ပြီးစီးအောင်အကောင်အထည်ဖော်

■ ***ရှေ့ဖုံးမှ***

ညှိနှိုင်းအစည်းအဝေးသို့ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အတွင်းရေးမှူး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အထူး စီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် အထူးဖိတ်ကြားထားသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင် ရေလှောင်တမံ၊ ရေထိန်းတံခါး၊ လျှပ်စစ်မြစ်ရေတင်စီမံကိန်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ စက်ရုံစီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ လေယာဉ်ကွင်းတည်ဆောက်ရေး စီမံကိန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ရေနံသဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ရေး စာချုပ်ကိစ္စ၊ အမှတ်(၄) ဓာတ်မြေဩဇာစက်ရုံတည်ဆောက်ရေးစီမံကိန်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ညှိနှိုင်းအစည်းအဝေးတွင် အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ညှိနှိုင်းအစည်းအဝေးတွင် အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အမှာစကားပြောကြားရာ၌ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဖွဲ့စည်း၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကြီးများကို အမြန်အကောင်အထည်ပေါ်အောင် အတည်ပြုပေးပြီး ဆက်လက်ဆောင်ရွက်စေလျက်ရှိကြောင်း။

ညှိနှိုင်းပေါင်းစပ်

စီမံကိန်းလုပ်ငန်းကြီးများမှာ ထုထည်ပမာဏကြီးမားသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန တစ်ခုတည်းကသာ တာဝန်ယူဆောင်ရွက်နေ၍ မဖြစ်နိုင်ဘဲ လုပ်ငန်းအရဆက်စပ်နေသော အခြားဝန်ကြီးဌာနများ၏ ပံ့ပိုး အထောက်အကူပြုမှုကိုပါ ညှိနှိုင်းပေါင်းစပ်ရယူမှသာ မြန်မြန်ဆန်ဆန် တည်ဆောက်ပြီးစီးနိုင်သဖြင့် လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ပေးနိုင်ရန် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

အခြားဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံများနှင့်ရင်ပေါင်တန်း လိုက်နိုင်ရန်နှင့် မိမိတို့နိုင်ငံတော်ကြီးကို အမြန်ဆုံးခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်လာစေရန်အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကြီးများကို မြန်မြန်ဆန်ဆန် ပြီးစီးအောင် အကောင်အထည်ဖော်သွားနိုင်ရန်လိုအပ်ကြောင်း။

စီမံကိန်းလုပ်ငန်းများ မြန်မြန်ပြီးစီးမှသာ ပြည်သူများအနေဖြင့် စီမံကိန်း၏ အကျိုးသက်ရောက်မှုများကို မြန်မြန်ခံစားကြရပြီး နိုင်ငံတော်ကြီးသည်လည်း မြန်မြန်ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

အလေးထားအကောင်အထည်ဖော်

ထို့ကြောင့် အထူးစီမံကိန်းကြီးများကို သက်ဆိုင်ရာဝန်ကြီးဌာနကသာမက ကျန်ဝန်ကြီးဌာနများကပါ ပံ့ပိုးအထောက်အကူပြုပြီး အလေးထားအကောင်အထည်ဖော်သွားကြရန်လိုကြောင်း။

ယခုအခါ မိမိတို့သည် အထူးစီမံကိန်းများကို အကောင်အထည်ဖော်ရာ၌ အတွေ့အကြုံများ ရရှိလာပြီဖြစ်၍ အရေးကြီးသော စီမံကိန်းလုပ်ငန်းတစ်ခု အချိန်မီမပြီးစီးဘဲ အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာသွားမည်ဆိုလျှင် အခြားကွင်းဆက် အခက်အခဲများနှင့်လည်း ကြုံတွေ့ရနိုင်သဖြင့် ဤကဲ့သို့ အခက်အခဲများကို ရင်မဆိုင်ရအောင် အတွေ့အကြုံများစွာကို အခြေခံပြီး မလိုအပ်ဘဲ ကြန့်ကြာမှုများမရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း။

ကောင်းမွန်သပ်ရပ်ရန်လို

ထို့ကြောင့် နောင်စီမံကိန်းလုပ်ငန်းကြီးများကို အကောင်အထည်ဖော်ရာ၌ အချိန်ကြန့်ကြာမှုမရှိစေရေးနှင့် ကုန်ကျစရိတ်သက်သာစေရေးအတွက် အလေးထားသင့်သည်တို့ကို အလေးထားလုပ်ကိုင်သွားကြရမှာဖြစ်ကြောင်း၊ မြန်မြန်ပြီးရုံသာမက လုပ်ငန်းဆောင်ရွက်မှုများ၊ တည်ဆောက်မှုများ ကောင်းမွန်ပြီး သပ်သပ်ရပ်ရပ်ရှိရန်လည်း လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က ဆည်မြောင်းဦးစီးဌာနက တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် ရေလှောင်တမံစီမံကိန်းသုံးခုနှင့် ရေထိန်းတံခါးတစ်ခုနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက တည်ဆောက်အကောင်အထည်ဖော်မည့် လျှပ်စစ်မြစ်ရေတင်စီမံကိန်းရှစ်ခုနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက အမှတ်(၁)စက်မှုဝန်ကြီးဌာနက တည်ဆောက်လျက်ရှိသည့် စက်ရုံစီမံကိန်းများနှင့် တည်ဆောက်ပြီးစက်ရုံစီမံကိန်းများကို ရှင်းလင်းတင်ပြသည်။

အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်း အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၀၄) ညှိနှိုင်းအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်စဉ်။ (သတင်းစဉ်)

ထို့နောက် အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က အမှတ်(၂)စက်မှုဝန်ကြီးဌာနက တည်ဆောက်အကောင်အထည်ဖော်သွားမည့် စက်ရုံစီမံကိန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

လမ်း၊ တံတားစီမံကိန်း

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းက လမ်းဖောက်လုပ်ရေးစီမံကိန်းလုပ်ငန်းများ၊ တည်ဆောက်ဆဲတံတားစီမံကိန်းလုပ်ငန်းများ၊ အသစ်တည်ဆောက်အကောင်အထည်ဖော်သွားမည့် တံတားစီမံကိန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက်ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက လေယာဉ်ကွင်းတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အော်တိုတယ်လီဖုန်းလိုင်းများတပ်ဆင်ခြင်း၊ ဂျီအက်စ်အမ်၊ ဆယ်လ်လူလာတယ်လီဖုန်းစနစ်တပ်ဆင်ခြင်း၊ ဆက်သွယ်မှုကွန်ရက်လမ်းကြောင်းများ တည်ဆောက်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ရေး စာချုပ်များကိစ္စနှင့် အမှတ်(၄) ဓာတ်မြေဩဇာစက်ရုံ တည်ဆောက်ရေးစီမံကိန်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းနှင့် ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများကိုရှင်းလင်းတင်ပြသည်။

ထို့နောက် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၊ ရထားလမ်းအဆင့်မြှင့်တင်ရေး စီမံကိန်း၊ ပါရမီခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်း၊ မြို့ပတ်ရထားလမ်း တိုးချဲ့ဖောက်လုပ်ရေး စီမံကိန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဂရုပြုလုပ်ကိုင်

ယင်းနောက် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး နိဂုံးချုပ် အမှာစကား ပြောကြားရာတွင် စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ရာ၌ မြန်မြန်ဆန်ဆန် ပြီးစီးအောင်နှင့် ကုန်ကျစရိတ်များကိုလည်း တတ်နိုင်သမျှ သက်သာအောင်၊ မကုန်သင့်သည်များ မကုန်ရအောင် ဂရုပြုလုပ်ကိုင်သွားကြရန်ဖြစ်ကြောင်း။

စီမံကိန်းလုပ်ငန်းများအနက် လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်းများမှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးပါသည့် စီမံကိန်းများဖြစ်ရာ ယင်းစီမံကိန်းများကို အမြန်အကောင်အထည်ဖော် ပြီးစီးအောင်အလေးထား လုပ်ကိုင်သွားကြရန်လိုကြောင်း။

စီမံလုပ်ကိုင်

ထို့ပြင် ပြည်သူများ၏ သွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှုတို့ ပိုမိုချောမွေ့မြန်ဆန်စေရန် လက်ရှိမီးရထားလမ်းများ၏ အဆင့်ကိုလည်း စီမံချက်များနှင့်အညီ မြှင့်တင်သွားနိုင်အောင် စီမံလုပ်ကိုင်သွားစေရန်ဖြစ်ကြောင်းဖြင့် မှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ဆားလင်းကြီးရေလှောင်တမံစီမံကိန်း

ဆည်မြောင်းဦးစီးဌာနက တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် ရေလှောင်တမံများအနက် ဆားလင်းကြီးရေလှောင်တမံမှာ စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့ အနောက်ဘက် ဆားလင်းကြီးချောင်းပေါ်တွင် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် ရေလှောင်တမံဖြစ်သည်။

အဆိုပါရေလှောင်တမံကို မြေသားတမံအဖြစ် တည်ဆောက်သွားမည်ဖြစ်ပြီး လယ်မြေဧက ၆၀၀ သို့ စိုက်ပျိုးရေပေးဝေနိုင်မည့် တမံဖြစ်သည်။

သဲဖြူရေလှောင်တမံစီမံကိန်း

မန္တလေးတိုင်း လယ်ဝေးမြို့နယ် ရေပြာရိုးကျေးရွာ၏ အနောက်မြောက်ဘက် သဲဖြူချောင်းပေါ်တွင် သဲဖြူရေလှောင်တမံစီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိသည်။ ရေလှောင်တမံမှာ မြေသားတမံအမျိုးအစားဖြစ်ပြီး လယ်မြေဧရိယာဧက ၁၂၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည့် တမံဖြစ်သည်။

ခရမ်းရေထိန်းတံခါးစီမံကိန်း

ရန်ကုန်တိုင်း သန်လျင်မြို့နယ် အရှေ့မြောက်ပိုင်းရှိ လယ်မြေများကို မိုးတွင်းကာလ ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်ရန်နှင့် နွေရာသီတွင် ရေပိုမိုရရှိစေရန်ရည်ရွယ်၍ သန်လျင်မြို့နယ် ချောင်းဝရွာဟောင်းအနီးတွင် ခရမ်းရေထိန်းတံခါးကို တည်ဆောက်လျက်ရှိသည်။ ***စာမျက်နှာ ၇ ကော်လံ ၁***

အထူးစီမံကိန်းကြီးများကိုသက်ဆိုင်ရာဝန်ကြီးဌာနကသာမက ကျန်ဝန်ကြီးဌာနများကပါ ပံ့ပိုးအထောက်အကူပြု အကောင်အထည်ဖော်ရာ၌အခက်အခဲများရင်မဆိုင်ရအောင်အတွေ့အကြုံများစွာကိုအခြေခံပြီးဆောင်ရွက်

အမှတ် (၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ စက်ရုံစီမံကိန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်း လမ်း၊ တံတား တည်ဆောက်ရေး စီမံကိန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် အော်တိုတယ်လီဖုန်းလိုင်းများ၊ ဂျီအက်စ်အမ်၊ ဆယ်လ်လူလာတယ်လီဖုန်းများ၊ ဆက်သွယ်မှု ကွန်ရက်လမ်းကြောင်းများ တည်ဆောက်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

ခရမ်းချောင်းပေါ်တွင် အကျယ် ၆ ပေ x ၁၆ ပေရှိ ရေတံခါးအပေါက် ၄၀ ပါ ကွန်ကရစ်ရေထိန်းတံခါးကို တည်ဆောက်သွားမည်ဖြစ်ပြီး ခရမ်းရေထိန်းတံခါးတည်ဆောက်ခြင်းကြောင့် လယ်မြေဧက ၃၀၀၀၀ ကို အကျိုးပြုမည်ဖြစ်သည်။

ငါ့သရောက်ရေလှောင်တမံ

မန္တလေးတိုင်း ညောင်ဦးမြို့နယ် ငါ့သရောက်ကျေးရွာ၏ အနောက်မြောက်ဘက် သုံးမိုင်ခန့်အကွာ ချောင်းမကြီးပေါ်တွင် တည်ဆောက်လျက်ရှိသည့် ငါ့သရောက်ရေလှောင်တမံမှာ လယ်မြေဧရိယာ ဧက ၂၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည့်အပြင် လက်ပံချောပေါ်ဒေသရှိ လျှပ်စစ်မြစ်ရေတင်စီမံကိန်းကိုလည်း ရေကူပေးနိုင်မည့် စီမံကိန်းဖြစ်သည်။

ပျော့ရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်း

ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် မူးဝရွာထောင်ကျေးရွာအနီးတွင် မူးမြစ်ရေကိုရယူမည့် ပျော့ရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး စိုက်ပျိုးမြေဧက ၅၀၀၀ ကို အကျိုးပြုမည့် စီမံကိန်းဖြစ်သည်။

ဆင်တပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ အနောက်ဘက် ၁၀ မိုင်ခန့်အကွာ ဆင်တပ်ကျေးရွာအနီးတွင် ဆင်တပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။ စီမံကိန်းကြောင့် စိုက်ပျိုးမြေဧက ၆၅၀၀ ကို အကျိုးပြုမည်ဖြစ်သည်။

နံ့ပို့လျှပ်စစ်မြစ်ရေတင်စီမံကိန်း

မကွေးတိုင်း ပခုက္ကူမြို့နယ် နံ့ပို့ကျေးရွာအနီးတွင် နံ့ပို့လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး စိုက်ပျိုးမြေဧက ၈၀၀၀ ကို အကျိုးပြုသွားမည်ဖြစ်သည်။

ကြီးရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်း

မကွေးတိုင်း ပခုက္ကူမြို့နယ် ရွှေတန့်တစ်နှင့်မယ်တော်လှ ဘုရားကြားဒေသတွင် ကြီးရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ ဧက ၅၀၀၀ကို အကျိုးပြုမည့် စီမံကိန်းဖြစ်သည်။

ဆင်တပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ နံ့ပို့လျှပ်စစ်မြစ်ရေတင်စီမံကိန်းနှင့် ကြီးရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်းတို့မှာ ဧရာဝတီမြစ်ရေကို ရယူအသုံးချမည့်စီမံကိန်းများဖြစ်သည်။

ကျုံစုတ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း

ဧရာဝတီတိုင်း မအူပင်မြို့နယ် ကျုံစုတ်ကျေးရွာအနီး အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျုံစုတ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှာ လယ်မြေဧက ၉၀၀၀ကို စိုက်ပျိုးရေပေးဝေနိုင်မည့် စီမံကိန်းဖြစ်သည်။ ကျုံစုတ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှာ ကျိုက်လတ်မြစ်(ပံတပွတ်မြစ်)မှ ရေတင်မည့် စီမံကိန်းဖြစ်သည်။

မြစ်ကျိုးလျှပ်စစ်မြစ်ရေတင်စီမံကိန်း

ဧရာဝတီတိုင်း မြန်အောင်မြို့နယ် မြစ်ကျိုးကျေးရွာအနီးတွင် ဧရာဝတီမြစ်ရေကိုတင်မည့် မြစ်ကျိုးလျှပ်စစ်မြစ်ရေတင်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး စိုက်ပျိုးမြေ ဧက ၂၀၀၀၀ခန့်ကို အကျိုးပြုမည့်စီမံကိန်းဖြစ်သည်။

ရောင်ပြစ်ကွင်း(ဒါးက)လျှပ်စစ်မြစ်ရေတင်စီမံကိန်း

ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် ကညင်ကောက်ကျေးရွာအနီးတွင် ရောင်ပြစ်ကွင်း(ဒါးက)လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒါးကမြစ်မှတစ်ဆင့် ဧက ၉၀၀၀ကို အကျိုးပြုမည့်စီမံကိန်းဖြစ်သည်။

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် တရနာကျေးရွာအနီး စိုက်ပျိုးမြေဧက ၅၀၀၀ ခန့်ကို ဂျိုင်းမြစ်မှ ရေပေးနိုင်ရန် တရနာလျှပ်စစ်မြစ်ရေတင်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာနက စက်ရုံများကို တည်ဆောက်အကောင်အထည်ဖော်သွားမည်ဖြစ်ရာ မြန်မာ့စားသောက်ကုန်လုပ်ငန်းက မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် ပရပ်ကြယ်ကျေးရွာအနီး ရန်ပယ်ဆည်သို့ ဝင်ရောက်သည့်နေရာ၌ ပြောင်းဖူးထွက် စားကုန်ပစ္စည်းစက်ရုံစီမံကိန်း(ရန်ပယ်)ကို တည်ဆောက်လျက်ရှိသည်။

အဆိုပါစက်ရုံမှ ပြောင်းဖူးဆီ၊ ပြောင်းဖူးကော်မှုန့်နှင့် တိရစ္ဆာန်အစာတို့ကို ထုတ်လုပ်သွားမည်ဖြစ်သည်။

မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းက မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်တွင် အဆင့်မြင့် မီးခံအုတ်စက်ရုံစီမံကိန်း(ကျောက်ဆည်)ကို တည်ဆောက်လျက်ရှိသည်။

မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း၏ ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ စက်ဘီးစက်ရုံ(ရန်ကုန်)မှ ၂၈လက်မ ကျားစီးစက်ဘီး၊ ၂၆လက်မ မစီးစက်ဘီးနှင့် ၂၈လက်မ ဝန်တင်စက်ဘီးတို့ ထုတ်လုပ်နေပြီဖြစ်သည်။

ဖိနပ်စက်ရုံ(ကျောက်ဆည်)

မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်းက မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်တွင် ဖိနပ်စက်ရုံ(ကျောက်ဆည်)ကို တည်ဆောက်ခဲ့ပြီး ၂၀၀၂ ခုနှစ် ဧပြီ ၁၁ ရက်တွင် စက်ရုံကိုဖွင့်လှစ်၍ ခြေညှပ်နှင့် ကွင်းထိုးဖိနပ်မျိုးစုံ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေပြီဖြစ်သည်။

မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းသည် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံဝင်းအတွင်းတွင် ငှက်ဖျားရောဂါကုသသည့် ဆေးများ ထုတ်လုပ်နိုင်ရေးအတွက် အထူးဆေးဝါးများထုတ်လုပ်ရေးစီမံကိန်း(၁)နှင့် စီမံကိန်း(၂)တို့ကို ဆောင်ရွက်ခဲ့ပြီး ငှက်ဖျားရောဂါကုသဆေးများ ထုတ်လုပ်လျက်ရှိသည်။

မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းသည် မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်တွင် PP Woven Bag ပလတ်စတစ်အိတ်စက်ရုံ (ကျောက်ဆည်)စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

အဆိုပါစက်ရုံမှာ တစ်နှစ်လျှင် ဘိလပ်မြေအိတ်ခွံ ကိုးသန်းထုတ်လုပ်နိုင်မည့် စက်ရုံဖြစ်ပြီး ဘိလပ်မြေအိတ်ခွံပေါင်း ၁ ဒသမ ၃ သန်းထုတ်လုပ်ပြီးဖြစ်သည်။

အမှတ်(၂)စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်းက ပဲခူးတိုင်း ရေတာရှည်မြို့နယ်တွင် Multiple Diesel Engine 128 ZC Series အင်ဂျင်အမျိုးအစားများဖြစ်သည့် မြင်းကောင်ရေ ၂၅၀ မှ ၄၀၅၊ မြင်းကောင်ရေ ၃၃၀ မှ ၅၄၂၊ မြင်းကောင်ရေ ၅၀၀ မှ ၈၀၀ ရှိ အင်ဂျင်များထုတ်လုပ်နိုင်မည့် ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံ (စီမံကိန်း)ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

လျှပ်စစ်မော်တာစက်ရုံ

မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းက ပဲခူးတိုင်း ပဲခူးမြို့နယ် အင်းတကော်စက်မှုနယ်မြေတွင် Single Phase နှင့် Three Phase မော်တာများထုတ်လုပ်နိုင်မည့် လျှပ်စစ်မော်တာစက်ရုံကို တည်ဆောက်သွားမည်ဖြစ်သည်။

မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းက အင်းတကော်စက်မှုနယ်မြေတွင်ပင် Startor Motor၊ Alternator၊ Ignition Coil နှင့် Electronic Fuel Pump တို့ကို ထုတ်လုပ်ပေးနိုင်မည့် မော်တော်ယာဉ်သုံး လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုစက်ရုံကို တည်ဆောက်အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်စေရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၅၀မိုင် ၄ဖာလုံရှိ မြိတ်မြို့ ရှောင်ကွင်းလမ်းကို ရာသီမရွေးသွားလာနိုင်သည့် ကတ္တရာလမ်းအဖြစ် ဖောက်လုပ်သွားမည်ဖြစ်သည်။

ကျောက်ဖြူမြို့မှ အမ်းမြို့၊ ၎င်းမှ မင်းဘူး–မကွေးမှတစ်ဆင့် အခြားဒေသများသို့လည်းကောင်း၊ ကျောက်ဖြူမြို့မှ ရခိုင်ပြည်နယ်မြောက်ပိုင်း စစ်တွေ၊ မြောက်ဦး၊ ကျောက်တော်မြို့နယ်များသို့လည်းကောင်း၊ ထိုမှတစ်ဆင့် တောင်ကုတ်၊ သံတွဲ၊ ဂွမြို့များသို့လည်းကောင်း ဆက်သွယ်သွားလာနိုင်ရန် ၄၄မိုင် ၇ဖာလုံရှိ အမ်း– ပဒဲကြော–မအီလမ်းကို ရာသီမရွေးသွားလာနိုင်သည့် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်သည်။

မိတ္ထီလာ–တောင်ကြီး–ကျိုင်းတုံ–တာချီလိတ် ပြည်ထောင်စုလမ်းမကြီးသည် မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကို ဆက်သွယ်သည့် အဓိကလမ်းမကြီးတစ်ခုဖြစ်သည်။

အဆိုပါ ပြည်ထောင်စုလမ်းမကြီး၏ မိတ္ထီလာ–တောင်ကြီး–ကျိုင်းတုံလမ်းပိုင်းကို ၂၄ပေအကျယ် ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့် ဆောင်ရွက်လျက်လည်းရှိသည်။

တံတားများ

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအနေဖြင့် တံတားများကိုလည်း တည်ဆောက်လျက်ရှိရာ သက္ကယ်ကျင်း–ဖောင်းပြင်–ဟုမ္မလင်း–ခန္တီးလမ်း၌ ဥရုမြစ်ကူး ဥရုတံတား၊ ပုသိမ်–မုံရွာလမ်းမကြီး၏ မင်းတုန်း–ပဒါန်းလမ်းပိုင်း၌ ပနီချောင်းကူး ရွှေချောင်းတံတား၊ ရန်ကုန်–မန္တလေးလမ်းမကြီး မန္တလေးမြို့အဝင်၌ မြစ်ငယ်မြစ်ကူး မြစ်ငယ်တံတား၊ ရန်ကုန်–ကျောက်ဖြူလမ်း၌ သဇင်တန်ပေါက်တံတားနှင့် သံသမကြီးတံတား၊ ပုသိမ်–ရွှေမြင်တင်–ဝါးယားချောင်းလမ်း၌ ငဝန်မြစ်ကူး ပုသိမ်တံတားနှင့် ဖျာပုံမြို့နယ် ဖျာပုံမြစ်ကူး ဖျာပုံတံတားတို့မှာ တည်ဆောက်ဆဲတံတားများဖြစ်သည်။ ငမိုးရိပ်တံတား (ကမာကြည်)နှင့် ရွှေလီတံတား(နမ့်ခမ်း)တို့ကို တည်ဆောက်ရန် အကြိုအင်ဂျင်နီယာလုပ်ငန်းများ စတင်နေပြီဖြစ်သည်။

အသစ်တည်ဆောက်သွားမည့်တံတားများမှာ ရန်ကုန်–ပြည်–မန္တလေးလမ်း၊ ပြည်–အောင်လံအပိုင်းရှိ ဘွက်ကြီးချောင်းကူး ဘွက်ကြီးချောင်းတံတား၊ ရန်ကုန်–မော်လမြိုင်–မြိတ်လမ်းတွင် စစ်တောင်းတံတား (မုပ္ပလင်)နှင့် ဟသ်ာတ–အင်္ဂပူလမ်းပိုင်းတွင် ငဝန်မြစ်ကူး ငဝန်တံတား (မြို့ကွင်း)တို့ဖြစ်သည်။

မြန်မာ့လေကြောင်း

ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာ့လေကြောင်းမှ ဖော်ကာအက်ဖ်–၂၇၊ ဖော်ကာအက်ဖ်–၂၈ လေယာဉ်များအပြင် နိုင်ငံတကာအဆင့်မီ ဘိုးရင်း၇၃၇–၄၀၀လေယာဉ်ကြီးများ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆင်း/တက်နိုင်ရေးအတွက် လေယာဉ်ပြေးလမ်းများ အသစ်တည်ဆောက်ခြင်း၊ တိုးချဲ့ပြင်ဆင်မွမ်းမံခြင်း စသည့် စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ဟုမ္မလင်းလေယာဉ်ကွင်းသစ်တည်ဆောက်ရေးစီမံကိန်း၊ ပုသိမ်လေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ရေးစီမံကိန်း၊ ဟဲဟိုးလေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ရေးစီမံကိန်း၊ မုံရွာလေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်း၊ မြိတ်လေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ရေးစီမံကိန်းနှင့် မကွေးလေယာဉ်ကွင်းသစ် တည်ဆောက်ရေးစီမံကိန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်သည်။

ဆောင်ရွက်ဆဲ လေယာဉ်ကွင်းတည်ဆောက်ရေးစီမံကိန်းများမှာ ခန္တီးလေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်း၊ ဗန်းမော်လေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ရေးစီမံကိန်း၊ လားရှိုးလေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်း၊ ကျိုင်းတုံလေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ရေးစီမံကိန်း၊ ညောင်ဦးလေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ရေးစီမံကိန်းနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်စီမံကိန်းတို့ဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁

31-3 (7).p65 1 3/24/05, 10:30 PM





စာမျက်နှာ ၇ မှ

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ အနီးစခန်း လေယာဉ်ကွင်းတိုးချဲ့တည်ဆောက်ရေးစီမံကိန်းကိုလည်း ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဓာတ်မြေသြဇာစက်ရုံ

စွမ်းအင်ဝန်ကြီးဌာနက ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ်တွင် တစ်ရက် ၃၂၅တန်ကျ အမိုးနီးယားစက်ရုံနှစ်ရုံ၊ တစ်ရက် တန် ၅၀၀ကျ ယူရီးယားစက်ရုံနှစ်ရုံပါဝင်မည့် အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံကို တည်ဆောက်သွားမည်ဖြစ်သည်။

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ပဲခူးတိုင်း ရွှေကျင်မြို့အရှေ့မြောက်ဘက်ခြောက်မိုင်ခန့်အကွာ ကျောက်နဂါးကျေးရွာအနီး ရွှေကျင်ချောင်းပေါ်၌ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါစီမံကိန်းမှာ လျှပ်စစ်ဓာတ်အား ၇၅ မဂ္ဂါဝပ်ရရှိမည့် စီမံကိန်းဖြစ်သည်။



မြန်မာ့မီးရထားက ဆောင်ရွက်ဆဲနှင့်အသစ်တည်ဆောက်မည့်စီမံကိန်းများ

ဆောင်ရွက်ဆဲစီမံကိန်း	ရထားလမ်းအရှည်မိုင်	လမ်းပိုင်းတည်နေရာ
ပခုက္ကူ-ဂန့်ဂေါ-ကလေးရထားလမ်း	၂၆	ကျော-ရေမျက်နီ
ရွှေညောင်-နမ့်စန်ရထားလမ်း	၁၀၃	ဆိုက်ခေါင်-နမ့်စန်
ရန်ကုန်-မန္တလေးရထားလမ်း (အဆင့်မြှင့်တင်ရေး)	၃၈၅ ဒသမ ၅၀	-
အသစ်တည်ဆောက်မည့်စီမံကိန်း		
* ပါရမီခုံးကျော်တံတား	၇၄၂ ပေ ၃ လက်မ	ရန်ကုန်တိုင်း
* ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း (ကျည်တောင်ကန်-မြစ်ငယ် ဒွေးလမ်း)	၁၄၂ မိုင်	
* တိုးကြောင်ကလေး-ဒဂုံတက္ကသိုလ် (မြို့ပတ်ရထားလမ်း တိုးချဲ့ဖောက်လုပ်ရေး)	၅ ဒသမ ၀၆ မိုင်	ရန်ကုန်တိုင်း

၅၄ မဂ္ဂါဝပ် ထုတ်လုပ်နိုင်

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုးနဲမြို့၏အရှေ့ဘက် ၃၁ မိုင်ခန့်အကွာ နမ့်တိန်ချောင်း ကျိုင်းတောင်းရေတံခွန်အနီးတွင် ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းမှာ လျှပ်စစ်ဓာတ်အား ၅၄ မဂ္ဂါဝပ် ထုတ်လုပ်နိုင်စွမ်းရှိမည့် စီမံကိန်းဖြစ်သည်။

မြန်မာ့မီးရထား

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ဆောင်ရွက်ဆဲစီမံကိန်းများမှာ ပခုက္ကူ–ဂန့်ဂေါ–ကလေး ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းမှ ၂၆ မိုင်ရှည် ကျော–ရေမျက်နီ လမ်းပိုင်း၊ ရွှေညောင်–နမ့်စန် ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းမှ ၁၀၃ မိုင်ရှည် ဆိုက်ခေါင်–နမ့်စန် လမ်းပိုင်း၊ ၃၈၅ ဒသမ ၅၀မိုင်ရှည် ရန်ကုန်–မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်းတို့ဖြစ်သည်။

တိုးချဲ့ဖောက်လုပ်ရေးစီမံကိန်း

မြန်မာ့မီးရထားက အသစ်တည်ဆောက်သွားမည့် စီမံကိန်းများမှာ ၇၄၂ ပေ ၃လက်မရှိမည့် ရန်ကုန်တိုင်းမှ ပါရမီခုံးကျော်တံတား၊ ရန်ကုန်–မန္တလေး ရထားလမ်းပိုင်း၌ ဒွေးလမ်းဖောက်လုပ်ရာတွင် ကျန်ရှိသည့် ၁၄၂မိုင်ရှည် ကျည်တောင်ကန်–မြစ်ငယ်လမ်းပိုင်းကို ဒွေးလမ်းအဖြစ် ဖောက်လုပ်ရေး စီမံကိန်းနှင့် ၅ ဒသမ ၀၆ မိုင်ရှိမည့် တိုးကြောင်ကလေး–ဒဂုံတက္ကသိုလ် အပိုင်း ရန်ကုန်မြို့ မြို့ပတ်ရထားလမ်း တိုးချဲ့ဖောက်လုပ်ရေးစီမံကိန်းတို့ဖြစ်သည်။

တစ်နာရီလျှင် ကီလိုမီတာ ၈၀ (၄၈မိုင်)နှုန်း

မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်–ညောင်လေးပင် ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်းကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ရာ စီမံကိန်း ပြီးစီးသွားပါက တစ်နာရီလျှင် ကီလိုမီတာ၈၀(၄၈မိုင်)နှုန်းဖြင့် ရထားပြေးဆွဲနိုင်မည်ဖြစ်သည်။

(သတင်းစဉ်)

ရှင်းလင်းတင်ပြ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် အောင်မင်း ရထားလမ်း ဖောက်လုပ်ရေး၊ တိုးချဲ့ရေး စီ မံ ကိန်း များ နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

အထူးစီမံကိန်းကြီးများအကောင်အထည်ဖော်ရေးအဖွဲ့သို့တင်ပြသည့်ဆည်မြောင်းစီမံကိန်းများ

ရေလှောင်တမံ/ရေထိန်းတံခါး/ လျှပ်စစ်မြစ်ရေတင်စီမံကိန်း	အမျိုးအစား	အကျိုးပြုဧက	တည်နေရာ
ငါ့သရောက်ရေလှောင်တမံ		ဧက (၂၀၀၀)	မန္တလေးတိုင်း၊ ညောင်ဦးမြို့နယ်
ဆားလင်းကြီးရေလှောင်တမံ	မြေသားတမံ	ဧက (၆၀၀)	စစ်ကိုင်းတိုင်း၊ ဆားလင်းကြီးမြို့နယ်
သဲဖြူရေလှောင်တမံ	မြေသားတမံ	ဧက (၁၂၀၀)	မန္တလေးတိုင်း၊ လယ်ဝေးမြို့နယ်
ခရမ်းရေထိန်းတံခါး	ကွန်ကရစ်ရေထိန်းတံခါး	ဧက (၃၀၀၀၀)	ရန်ကုန်တိုင်း၊ သန်လျင်မြို့နယ်
ပျော့ရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်း		ဧက (၅၀၀၀)	စစ်ကိုင်းတိုင်း၊ မြင်းမူမြို့နယ်
ဆင်တပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း		ဧက (၆၅၀၀)	စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့
နံ့ပို့လျှပ်စစ်မြစ်ရေတင်စီမံကိန်း		ဧက (၈၀၀၀)	မကွေးတိုင်း၊ ပခုက္ကူမြို့နယ်
ကြီးရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်း		ဧက (၅၀၀၀)	မကွေးတိုင်း၊ ပခုက္ကူမြို့နယ်
ကျုံစုတ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း		ဧက (၉၀၀၀)	ဧရာဝတီတိုင်း၊ မအူပင်မြို့နယ်
မြစ်ကျိုးလျှပ်စစ်မြစ်ရေတင်စီမံကိန်း		ဧက (၂၀၀၀၀)	ဧရာဝတီတိုင်း၊ မြန်အောင်မြို့နယ်
ရောင်ပြစ်ကွင်း(ဒါးက)လျှပ်စစ်မြစ်ရေတင်စီမံကိန်း		ဧက (၉၀၀၀)	ဧရာဝတီတိုင်း၊ ကျောင်းကုန်းမြို့နယ်
တရနာလျှပ်စစ်မြစ်ရေတင်စီမံကိန်း		ဧက (၅၀၀၀)	မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော ရေအားလျှပ်စစ်စီမံကိန်းများ

ရေအားလျှပ်စစ်စီမံကိန်း	လျှပ်စစ်ဓာတ်အား	တည်နေရာ
ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း	၇၅မဂ္ဂါဝပ်	ပဲခူးတိုင်း၊ရွှေကျင်မြို့
ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း	၅၄မဂ္ဂါဝပ်	ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုးနဲမြို့

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အသစ်တည်ဆောက်မည့်တံတားများ

တံတားအမည်	လမ်းပိုင်း
ဘွက်ကြီးချောင်းတံတား	ရန်ကုန်–ပြည်–မန္တလေးလမ်း (ပြည်–အောင်လံ အပိုင်း)
စစ်တောင်းတံတား(မုပ္ပလင်)	ရန်ကုန်–မော်လမြိုင်–မြိတ်လမ်း
ငဝန်တံတား (မြို့ကွင်း)	ဟသ်ာတ–အင်္ဂပူလမ်း





တပ်မတော်နေ့အထိမ်းအမှတ် ပြပွဲဆက်လက်ပြသ

ရန်ကုန် မတ် ၃၀

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲကို ယနေ့နံနက် ၉နာရီမှ ညနေ၆နာရီအထိရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ပဥ္စမနေ့အဖြစ် ဆက်လက်ဖွင့်လှစ်ပြသသည်။

ယင်းပြပွဲတွင် တပ်မတော် စစ်သမိုင်းပြတိုက်နှင့် တပ်မတော်ခန်းမရှိ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်း၌ ဗဟုသုတ ဉာဏ်စမ်းမေးခွန်းလွှာဖြေဆိုမှုပြိုင်ပွဲကို နေ့စဉ်မွန်းတည့် ၁၂ နာရီတွင်ကျင်းပပေးရာ စိတ်ပါဝင်စားသူများဝင်ရောက်ဖြေဆိုကြပြီး ဆုရရှိသူများအား နေ့စဉ်ဆုများချီးမြှင့်ပေးအပ်သည်။

ယနေ့ပြပွဲသို့ ရဟန်းရှင်လူပြည်သူများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၈၀၉ ဦး လာရောက်ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

တပ်မတော်နေ့ စာပေအနုပညာပြပွဲဆက်

ရန်ကုန် မတ် ၃၀

(၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေအနုပညာပြပွဲ ပြိုင်ပွဲကျင်းပရေးကော်မတီက (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေအနုပညာပြပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ယနေ့ဆက်လက်ပြသလျက်ရှိရာ အဆိုပါပြပွဲသို့ ရဟန်းရှင်လူပြည်သူများ၊ မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကျောင်းသား၊ကျောင်းသူများစုစုပေါင်း ၆၀၀ကျော် စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုလေ့လာကြသည်။

ပြပွဲ၌ ကျင်းပလျက်ရှိသော စာပေအနုပညာပြပွဲဆိုင်ရာဉာဏ်စမ်းမေးခွန်းဖြေဆိုပွဲကိုလည်း နေ့စဉ် ကျင်းပပေးပြီး ဆုရရှိသူများအား ပြိုင်ပွဲပြီးလျှင်ပြီးချင်း ဆုငွေများကိုချီးမြှင့်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝါစိုက်ပျိုးရေးစီမံကိန်း ဒုတိယဝန်ကြီးစစ်ဆေး

ရန်ကုန် မတ် ၃၀

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်းသည် တာဝန်ရှိသူများလိုက်ပါ၍ မတ် ၂၈ရက်တွင် မကွေးတိုင်း ဆင်ပေါင်ဝဲမြို့နယ် လယ်မဒေသ ဝါစိုက်ပျိုးရေးစီမံကိန်းသို့ ရောက်ရှိ၍ ဝါစိုက်ပျိုးရေးအတွက် ရေရရှိနိုင်ရန် ချောင်းပိတ်မြောင်းပိတ် မြေသားတမံငယ်များ ဆောင်ရွက်နေမှုအခြေအနေကို လည်းကောင်း၊ ထပ်မံပိတ်ဆို့နိုင်မည့်အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် မတ် ၂၉ ရက်တွင် ဝါစိုက်ပျိုးနိုင်မည့်မြေလွတ်မြေရိုင်းများရှင်းလင်းပြီးစီးမှုအခြေအနေနှင့်အောင်လံမြို့နယ် ရွှေပန်းတောလေးဒေသ ကြက်ရုံးကလေးကျေးရွာ အနီး မြေရိုင်းမြေလွတ်များ ဖော်ထုတ်ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ရွှေမြန်မာတို့၏ အဖိုးတန်ရွှေ

မောင်ဖြူ
(စွမ်းအင်)

မြန်မာတို့သည် 'ရွှေ'ကို တန်ဖိုးထားကြသည်။ **'ရွှေ'**ကိုအလေးအနက်ထားကြပါသည်။ **'ရွှေ'**ကို မြတ်နိုးဖွယ်ရာ၊ နှစ်သက်ဖွယ်ရာ **'ရတနာ'** အဖြစ် သတ်မှတ်ကြသည်။ အမိနိုင်ငံတော်ကြီးကိုလည်း **'ရွှေမြန်မာနိုင်ငံ'**၊ မိမိကိုယ်ကိုလည်း **'ရွှေ'**ဟူ၍ တန်ဖိုးထားလေ့ရှိသည်။ ထိုင်းနိုင်ငံတွင် ပညာဆည်းပူးစဉ်က ထိုင်းနိုင်ငံရှိ မြန်မာများသည် ဖိလစ်ပိုင်လူမျိုးများကို **'ဖ'**၊ စင်ကာပူနိုင်ငံသားများကို **'စ'**ဟူ၍ နာမည်အတိုကောက် ခေါ်သကဲ့သို့ မိမိတို့ မြန်မာများကိုမူ **'ရွှေ'**ဟူ၍ သတ်မှတ်ခေါ်ဝေါ်လေ့ရှိသည်။

ယင်းကဲ့သို့ မြန်မာလူမျိုးတို့၏ တန်ဖိုးထားရာ ရတနာ **'ရွှေ'**သိုက်ကြီးတစ်ခု ၂၀၀၄ ခုနှစ် နှစ်သစ်ကို ကြိုဆိုသောအားဖြင့် အမိရွှေနိုင်ငံတော်ကြီးတွင် ထပ်မံပေါ်ထွန်းလာခဲ့ပြန်ပါပြီ။

ထို**'ရွှေ'**သိုက်ကြီးကား **'ရွှေမည်း'**ဟူ၍ တင်စားခေါ်ဝေါ်လေ့ရှိသော ရေနံသိုက်၊ တစ်နည်းအားဖြင့် သဘာဝဓာတ်ငွေ့သိုက်ကြီးဖြစ်ပြီး မြန်မာနိုင်ငံ၏ အနောက်ဘက် ရခိုင်ကမ်းလွန်ဒေသ လုပ်ကွက်အမှတ် A-1တွင် တည်ရှိနေခဲ့ပြီး ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့က အောင်မြင်စွာ စမ်းသပ် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ယခု အသစ်ထပ်မံရှာဖွေတွေ့ရှိသော **'ရွှေ'**သိုက်ကြီးအကြောင်း အသေးစိတ်မရေးမီ ယခင်တွေ့ရှိပြီး သဘာဝဓာတ်ငွေ့သိုက်ကြီးများဖြစ်ကြသည့် ရတနာနှင့် ရဲတံခွန်စီမံကိန်းကြီးများအကြောင်း ဦးစွာဖော်ပြလိုသည်။

မြေပေါ်မြေအောက် သယံဇာတပေါကြွယ်ဝသော အမိမြန်မာနိုင်ငံတော်ကြီးတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့များကို လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက ရှာဖွေတွေ့ရှိထုတ်လုပ်ခဲ့ကြသည်။ ကမ္ဘာပေါ်ရှိ သက်တန်းအကြာမြင့်ဆုံး ရေနံမြေတွင် ပါဝင်သော မြန်မာပြည်အလယ်ပိုင်းရှိ ရေနံချောင်းရေနံမြေကို ခရစ်နှစ် ၁၈၈၇ ခုနှစ်တွင် စတင်တွေ့ရှိခဲ့သည်။ ထူးခြားချက်တစ်ရပ်မှာ ရေနံချောင်းရေနံမြေမှ ရေနံစိမ်းများကို ယနေ့ထက်အထိ ထုတ်ယူသုံးစွဲလျက်ရှိနေခြင်းဖြစ်သည်။ အလားတူပင် အရာတော်၊ ချောက်၊ ဘုရားကုန်း၊ မြန်အောင်၊ ပြည်၊ ရွှေပြည်သာ၊ ပြလို့၊ မန်း၊ လက်ပံတို၊ ပက်ပယ်၊ ထောက်ရှာပင်၊

လုပ်ကွက်အမှတ် A-1 နှင့် အစမ်းတွင်း "ရွှေ-၁"၏တည်နေရာပြပုံ



ထန်းတပင်၊ ကမ်းနီ၊ အဖျောက်၊ ကျောက်ခွက်၊ စပယ်၊ သာကြီးတောင်၊ အင်းတိုင်၊ ညောင်တုန်းစသော ရေနံနှင့် သဘာဝဓာတ်ငွေ့မြေများကို ရှာဖွေတွေ့ရှိပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့များ ထုတ်ယူလျက်ရှိသည်။

ထိုသို့ မိမိကိုယ်ပိုင်အင်အားဖြင့် တတ်စွမ်းသရွေ့ ကြိုးပမ်းအားထုတ်ဆောင်ရွက်နေရာမှ အရင်းအနှီးကြီးမားသော ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေးဦးတည်ချက် လေးရပ်တွင် **"ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး"** ဟူသော ဦးတည်ချက်နှင့်အညီ စွမ်းအင်ဝန်ကြီးဌာနသည် ၁၉၈၉ ခုနှစ်မှ စတင်၍ **"ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားရေး"** (Production Sharing Contract) ပုံစံသစ်များရေးဆွဲပြီး နိုင်ငံတကာရေနံကုမ္ပဏီကြီးများကို ဖိတ်ခေါ်ဆွေးနွေးခဲ့သည်။

ယင်းသို့ ဖိတ်ခေါ်ဆွေးနွေးခဲ့ပြီး ဆောင်ရွက်ချက်များအရ နိုင်ငံတော်၏ အကျိုးစီးပွားကို ထူးခြားစွာ အထောက်အကူပြုနေသည့် **"ရတနာ"**နှင့် **"ရဲတံခွန်"** ကမ်းလွန်စီမံကိန်းကြီး နှစ်ခုကို ရှာဖွေတွေ့ရှိခဲ့သည်။

အမှန်စင်စစ် မုတ္တမကမ်းလွန်ဒေသရှိ လုပ်ကွက်အမှတ် အမ်-၅နှင့် အမ်-၆ တို့တွင် ရတနာသဘာဝဓာတ်ငွေ့သိုက်ကို **နိုင်ငံပိုင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း** က ၁၉၈၃ခုနှစ်တွင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ထိုရတနာသဘာဝဓာတ်ငွေ့သိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပြင်သစ်နိုင်ငံ တိုတယ်ရေနံကုမ္ပဏီ၊ အမေရိကန်နိုင်ငံမှ ယူနိုကယ်ကုမ္ပဏီ၊ ထိုင်းနိုင်ငံမှ ပီတီတီအီးပီအိုင်ကုမ္ပဏီများနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတို့ အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့သည်။ ရတနာသဘာဝဓာတ်ငွေ့သိုက်တွင် ထုတ်ယူရရှိနိုင်မည့် သဘာဝဓာတ်ငွေ့ပမာဏမှာ ၅ ဒသမ ၇ ထရီလီယံကုဗပေ ဖြစ်ပြီး စိန်နှင့်ပတ္တမြားသဘာဝဓာတ်ငွေ့သိုက်များ အပါအဝင် စုစုပေါင်း ၆ ဒသမ ၅၂ ထရီလီယံကုဗပေအထိ ရှိနိုင်မည်ဟု ခန့်မှန်းထားသည်။ ယင်းရတနာ သဘာဝဓာတ်ငွေ့သိုက်မှ သဘာဝဓာတ်ငွေ့များကို အချင်း ၃၆ လက်မရှိ ရေပေါ်ရေအောက် ပိုက်လိုင်းများဖြင့် သွယ်တန်းရယူပြီး ၁၉၉၈ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှစတင်၍ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ကုဗပေ သန်း ၅၂၅ နှုန်းဖြင့် ထိုင်းနိုင်ငံသို့ ရောင်းချလျက်ရှိသည်။

အလားတူပင် တနင်္သာရီကမ်းလွန်ဒေသ လုပ်ကွက်အမှတ် အမ်-၁၂၊ ၁၃ နှင့် ၁၄ တို့တွင် ရဲတံခွန် ရေနံနှင့် သဘာဝဓာတ်ငွေ့မြေတည်ရှိပြီး ၂၀၀၀ ပြည့်နှစ် ဧပြီလ ၁ ရက်နေ့မှစ၍ သဘာဝဓာတ်ငွေ့ကုဗပေသန်း ၂၀၀ ကို ပိုက်လိုင်းများသွယ်တန်းရယူပြီး ထိုင်းနိုင်ငံသို့ ရောင်းချလျက်ရှိသည်။ ရဲတံခွန်ဒေသမှ သဘာဝဓာတ်ငွေ့သာမက အပေါ့စားရေနံစိမ်း Condensate များလည်း ထုတ်ယူရရှိလျက်ရှိသည်။ရဲတံခွန်တွင် သဘာဝဓာတ်ငွေ့ ၃ ဒသမ ၁၆၇ ထရီလီယံကုဗပေနှင့် Condensate စည်သန်းပေါင်း ၈၄ ဒသမ ၆ အထိ ခိုအောင်းမည်ဟု ခန့်မှန်းထားကြသည်။ ရဲတံခွန်ကမ်းလွန်စီမံကိန်း ရှာဖွေထုတ်လုပ်မှုတွင် မလေးရှားနိုင်ငံ ပက်ထရိုနပ်ကုမ္ပဏီ၊ ဂျပန်နိုင်ငံ နိပ္ပွန်အွိုင်းကုမ္ပဏီ၊ ထိုင်းနိုင်ငံ ပီတီတီအီးပီအိုင်နှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတို့က အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အထက်တွင် ဖော်ပြထားသည့် ရတနာနှင့် ရဲတံခွန်ကမ်းလွန်စီမံကိန်းများတွင် တည်ရှိမည့် သဘာဝဓာတ်ငွေ့သိုက် စုစုပေါင်းမှာ ၉ ဒသမ ၆၈၇ ထရီလီယံကုဗပေနှင့် အပေါ့စားရေနံစိမ်း စည်သန်းပေါင်း ၈၄ ဒသမ ၆ ဖြစ်သည်။

ယခု နောက်ဆုံး ရှာဖွေတွေ့ရှိသော **"ရွှေ"**အကြောင်း ဖော်ပြပါတော့မည်။

"ရွှေ"ရတနာသိုက်မှာ အထက် တွင်ဖော်ပြထားခဲ့သည့်အတိုင်း မြန်မာနိုင်ငံ အနောက်ဘက် ရခိုင်ကမ်းလွန် ဒေသ လုပ်ကွက်အမှတ် A-1 တွင် တည်ရှိသည်။ ရေနံနှင့် သဘာဝဓာတ် ငွေ့ ရှာဖွေတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ပြည်လုံးရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်မည့် ဒေသများကို လုပ်ကွက်များ ခွဲဝေသတ်မှတ်ကာ နံပါတ်များ တပ်ထားလေ့ရှိသည်။ ကုန်းတွင်းပိုင်းဒေသများအတွက် လုပ်ကွက် ၄၇ ကွက် နှင့် ကမ်းလွန်ဒေသများအတွက် ရခိုင်ကမ်းလွန်ဒေသတွင် ခုနစ်ကွက်၊ မုတ္တမ၊ တနင်္သာရီဒေသတွင် လုပ်ကွက် ၁၈ ကွက်၊ စုစုပေါင်း လုပ်ကွက် ၇၂ ကွက် သတ်မှတ်ထားသည်။

ယင်းလုပ်ကွက်အမှတ် A-1 တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကိုရီးယားသမ္မတနိုင်ငံ Daewoo International Cooperation နှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ်ကို ၂၀၀၀ ပြည့်နှစ် ဩဂုတ်လ ၄ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။ လုပ်ကွက်အမှတ် A-1 တွင် Daewoo International Cooperation က Operator အဖြစ် ဆောင်ရွက်ပြီး အစုရှယ်ယာ ၆၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်သည်။ ကိုရီးယားသမ္မတ နိုင်ငံ Korea Gas Corp က အစုရှယ်ယာ ၁၀ ရာခိုင်နှုန်း၊ အိန္ဒိယ သမ္မတနိုင်ငံ ONGC Videsh Ltd. က ၂၀ ရာခိုင်နှုန်းနှင့် GAIL (India) Ltd. က ၁၀ ရာခိုင်နှုန်းအသီးသီး ရှယ်ယာများပါဝင်ကြသည်။ ၂၀၀၁ ခုနှစ်အတွင်း ဆိုက်စမစ်လိုင်း ကီလိုမီတာ ၃၅၅၂ ဒသမ ၇၅ တိုင်းတာခဲ့ပြီးနောက် တွက်ချက်မှုနှင့် အဓိပ္ပာယ်ဖော်ဆောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကမ်းလွန်ဒေသတွင် ယခင်ကတူးဖော်ခဲ့သော အစမ်းတွင်းများ၏ ရလဒ်နှင့် ဆိုက်စမစ်တိုင်းတာမှုများမှ ရရှိသော အဓိပ္ပာယ်ဖော်ဆောင်မှုများအပေါ် စိစစ်သုံးသပ်မှုများကို Daewoo Corporation နှင့် မြန်မာ့ရေနံသဘာဝ ဓာတ်ငွေ့လုပ်ငန်းမှ ပညာရှင်များ

New Discovery of Gas in Block A-1



BLOCK A-1 OFFSHORE MYANMAR



ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး ပထမဦးဆုံး အစမ်းတွင်းအမှတ် **"ရွှေ-၁"**ကို တူးဖော်ရန် အတည်ပြု ဆုံးဖြတ်ခဲ့ကြသည်။

လုပ်ကွက်အမှတ် A-1 အတွင်းရှိ အစမ်းတွင်းအမှတ် **"ရွှေ-၁"**ကို Emergy searcher တွင်းတူးရေယာဉ်ဖြင့် ၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် စတင်တူးဖော်ခဲ့သည်။ အဆိုပါ **"ရွှေ-၁"**အစမ်းတွင် စတင်တူးဖော်သည့် အခမ်းအနား Spud-in Ceremony ကို စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကိုယ်တိုင် တက်ရောက်ချီးမြှင့်ခဲ့သည်။

"ရွှေ-၁"ကိုတူးဖော်ခဲ့ရာ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် အနက် ၁၀၅၈၈ ပေ သို့ ရောက်ရှိခဲ့ပြီး ၇-၁-၂၀၀၄ ရက်နေ့ စမ်းသပ်မှုများအရ G-5သဲကြောတွင် စီးပွားဖြစ် သဘာဝဓာတ်ငွေ့များ ခိုအောင်းနေကြောင်း တွေ့ရှိခဲ့သည်။ ဆက်လက်စမ်းသပ်မှုများအရ ရွှေဘူမိအနေအထားတွင် ၄ ဒသမ ၂ မှ ၅ ဒသမ ၈ ထရီလီယံကုဗပေအထိ သဘာဝဓာတ်ငွေ့များ တည်ရှိနေနိုင်ကြောင်း တွေ့ရှိရသည်။

စမ်းသပ်တွေ့ရှိချက်များအရ လုပ်ကွက်အမှတ် A-1တွင်**"ရွှေ"** အပြင် **"ရွှေဖြူ"**နှင့် **"ငွေ"** စသော အလားအလာကောင်းသည့် ဘူမိအနေအထားများလည်း ရှိနေသည်။ ခန့်မှန်းတွက်ချက်မှုများအရ လုပ်ကွက်အမှတ် A-1မှ **သဘာဝဓာတ်ငွေ့ ၁၄ ထရီလီယံကုဗပေအထိ** ထုတ်ယူရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ ယင်းဓာတ်ငွေ့ပမာဏမှာ အထက်တွင် ဖော်ပြထားသည့် **"ရတနာ"**နှင့် **"ရဲတံခွန်"**စီမံကိန်းများ၏ စုစုပေါင်းပမာဏ ၉ ဒသမ ၆၈၇ ထရီလီယံကုဗပေထက် ပိုမိုများပြားသည်။

ယခုရွှေလုပ်ကွက်မှ နိုင်ငံတကာအဆင့်မီ သဘာဝဓာတ်ငွေ့သိုက် ရှာဖွေတွေ့ရှိရာတွင် သဘာဝဓာတ်ငွေ့ အရင်းအမြစ်ပိုင်ရှင်ဖြစ်သည့် နိုင်ငံတော်အနေဖြင့် အချိုးကျအကျိုးခံစားခွင့်များ ရရှိမည်ဖြစ်သည်။ နိုင်ငံတော်က ခံစားရရှိမည့် အကျိုးအမြတ်မှာ **"ရတနာ"** နှင့် **"ရဲတံခွန်"**တို့ မှ ခံစားရရှိမှုထက် ပိုမိုများပြားမည်ဖြစ်သည်။

ငွေကြေး အကျိုးကျေးဇူးခံစားရရှိမှုထက် ပိုမိုအရေးပါသော အချက်မှာ တပ်မတော်အစိုးရအနေဖြင့် မိမိကိုယ်ပိုင်အင်အားဖြင့် ရပ်တည်ရန် ကြိုးပမ်းအားထုတ်မှု၏ အကျိုးရလဒ်ဖြစ်သည်။

မည်သူတွေ မည်ကဲ့သိုပင် ပိတ်ဆို့တားဆီးမှုရှိနေပါစေ ပြည်တွင်းအင်အားကို အခြေခံပြီး ချမှတ်ထားသော စီးပွားရေးဦးတည်ချက်နှင့်အညီ စွမ်းအင်ဝန်ကြီးဌာန၏ ကြိုးပမ်းအားထုတ်မှုသည် မဝေးတော့သော အနာဂတ်ကာလတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်ကြီး တည်ဆောက်ရာတွင် ကြီးစွာသော အထောက်အပံ့ပြုမည့် တန်ဖိုးမဖြတ်နိုင်သည့် **"ရွှေ"** ရတနာသိုက်ကြီးကို ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်ပါကြောင်း ၂၀၀၄ခုနှစ်သစ်အတွက် အထူးမင်္ဂလာသတင်းအဖြစ် တင်ပြလိုက်ရပါသည်။ ။

မြန်မာ့ဘောလုံးသမိုင်းမှတ်တမ်းပြုစုရေး ဆွေးနွေး နှစ်အပိုင်းအခြားအလိုက် မှတ်တမ်းတင်သွားမည်

ရန်ကုန် မတ် ၃၀

First Eleven Sports ဂျာနယ်၏ ကမကထပြုမှုဖြင့် မြန်မာအားကစားကလောင်ရှင်များနှင့် သုတေသီများ စုပေါင်းပြုစုလျက်ရှိသည့် မြန်မာ့ဘောလုံးသမိုင်းမှတ်တမ်းပြုစုရေး တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ညနေ ၆နာရီက သိမ်ဖြူတင်းနစ်ကွင်း မြက်ခင်းပြင်၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ အားကစားဝန်ကြီးဌာန အထူးအရာရှိ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်ကိုနှင့် အမှုဆောင်များ၊ မြန်မာ့လက်ရွေးစင်ဘောလုံးသမား ဟောင်းကြီးများ၊ အားကစားကလောင်ရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ First Eleven Sports ဂျာနယ် အယ်ဒီတာချုပ် ဒေါက်တာသန်းထွဋ်အောင်က ဘောလုံးသမိုင်းမှတ်တမ်းစာအုပ်ပြုစုရေးစိတ်ကူးရရှိခဲ့ပုံနှင့် စီစဉ်ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်း ပြောကြားသည်။ ဆက်လက်၍ ဦးခင်မောင်ထွေး (ခင်မောင်ထွေး-ပျဉ်းမနား)က ဘောလုံးသမိုင်းပြုစုရေးနှင့် ပတ်သက်၍ အချက်အလက်များစုဆောင်းရရှိမှု၊ မှတ်တမ်းတင်ပြုစုနေမှုနှင့်တက်ရောက်လာကြသူများမှ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက အကြံပြု အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ မြန်မာ့ဘောလုံးသမိုင်းနှင့် ပတ်သက်၍ ပြည့်ပြည့်စုံစုံ ပါဝင်မည့် မှတ်တမ်းစာအုပ်ပေါ်ပေါက်လာရေး ဆောင်ရွက်ထားရှိမှုကို သိရှိရ၍ ဝမ်းမြောက်ကြိုဆိုပါကြောင်း၊ မြန်မာ့ဘောလုံးသမိုင်းစာအုပ်သည် မြန်မာ့ဘောလုံးလောကအတွက် အရေးကြီးသည့် မှတ်တမ်းတစ်ရပ်ဖြစ်ကြောင်း၊ မြန်မာ့ဘောလုံးလောကအတွက် လိုအပ်ချက်တစ်ခုကို ဖြည့်ဆည်းခြင်းပင်ဖြစ်ကြောင်း၊ မြန်မာ့ဘောလုံးသမိုင်းစာအုပ်ပေါ်ထွက်လာရေးအတွက် ဝိုင်းဝန်းပံ့ပိုးသူများကို ကျေးဇူးတင်ကြောင်း၊ မိမိကိုယ်တိုင်လည်း စာအုပ်ထုတ်ဝေရေးကို ဝါသနာပါပြီး စာအုပ်များထုတ်ဝေခဲ့ဖူးကြောင်း၊ မြန်မာ့ဘောလုံးသမိုင်းစာအုပ်စီစဉ်သူများက အကူအညီတောင်းခံလာပါက တာဝန်ယူထုတ်ဝေပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက်တက်ရောက်လာကြသူများက အကြံပြုစကားများပြောကြားရာ ဦးခင်မောင်ထွေး(ခင်မောင်ထွေး-ပျဉ်းမနား)က အကြံပြုချက်များအပေါ် ပြန်လည်ဆွေးနွေးတင်ပြသည်။ ထို့နောက် တက်ရောက်လာကြသူများအား ညစာဖြင့် တည်ခင်းဧည့်ခံသည်။

ယခုပြုစုလျက်ရှိသည့် မြန်မာ့ဘောလုံးသမိုင်းမှတ်တမ်းစာအုပ်မှာ ပြီးစီးလုအခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်။ မြန်မာ့ဘောလုံးသမိုင်းမှတ်တမ်းစာအုပ်ကို ကဏ္ဍကြီးလေးရပ်ဖြင့် နှစ်အပိုင်းအခြားအလိုက် မှတ်တမ်းတင်ထားရာ ခေတ်ဦးမှ ၁၉၄၀ ပြည့်နှစ်၊ ၁၉၄၀ပြည့်နှစ်မှ ၁၉၆၀ ပြည့်နှစ်၊ ၁၉၆၀ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်၊ ၁၉၈၁ခုနှစ်မှ ၂၀၀၃ခုနှစ်အထိ ပိုင်းခြားပြုစုထားပြီး မြန်မာ့ဘောလုံးသမိုင်းတွင် ထင်ရှားခဲ့သော ပုဂ္ဂိုလ်များ၏ အခန်းကဏ္ဍနှင့် အောင်မြင်ထင်ရှားသော ဘောလုံးအသင်းကြီးများ၏ ဖြစ်စဉ်အကျဉ်းတို့ကိုလည်း ထည့်သွင်းရန်စီစဉ်ထားကြောင်းသိရသည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံဘောလုံးအဖွဲ့ ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်း မြန်မာ့ဘောလုံးသမိုင်း မှတ်တမ်းပြုစုရေးအတွက် အားကစားကလောင်ရှင်များနှင့်ဝါရင့်ဘောလုံးသမားများ အပါအဝင် တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဗိုလ်တထောင်ဘုရား သမထဝိပဿနာတရားပွဲ

ရန်ကုန် မတ် ၃၀

မြတ်ဗုဒ္ဓ၏ အကျင့်မြတ် ပဋိပတ်တရားတော်များကို ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့်အနာဂါမ် ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထ ဝိပဿနာတရားမြတ်များကို ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်း နည်းပြဆရာကြီး ဦးသန်းရွှေ (ဒလ-အုံကြီး)က ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးဘုရား ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံတော်ကြီးတွင် ဧပြီ ၁ ရက်မှ ၇ ရက်အထိ ညစဉ် ၆ နာရီခွဲမှ ၈ နာရီအထိလည်းကောင်း၊ သင်္ကြန် ခုနစ်ရက် တရားစခန်းကို အုံကြီးအရှေ့ ဓမ္မရသရိပ်သာတွင် ဧပြီ ၁၁ ရက်မှ ၁၉ ရက် နံနက်အထိ ကျင်းပမည်ဖြစ်ရာ မည်သူမဆိုလာရောက်အားထုတ်နိုင်ကြောင်း သိရသည်။

(က-ပ)

ဝါးခယ်မမြို့အလက(၂) အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၃၀

ဝါးခယ်မမြို့ အလက(၂) (ဦးဗိုလ်ကြီးကျောင်း) စတင်တည်ထောင်သည့် ၁၉၁၇ခုနှစ်မှ ၂၀၀၄ခုနှစ် အထိ တာဝန်ထမ်းဆောင်ပြီး သက်ပြည့် အငြိမ်းစားယူသွားကြသောကျေးဇူးရှင်ဆရာမကြီး ဒေါ်တင်တင်ဦးနှင့် ဆရာကြီး၊ ဆရာမကြီးများအား တတိယအကြိမ်အာစရိယပူဇော်ပွဲကို ဧပြီ ၂၅ ရက် (ကဆုန်လဆန်း ၇ ရက်) တနင်္ဂနွေနေ့တွင် အမှတ်(၂)အလက၌ကျင်းပမည်ဖြစ်သည်။ ဆရာကြီး ဆရာမကြီးများကြွရောက်အပူဇော်ခံကြရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုပါက ဦးဌေးမြင့် ဖုန်း-၃၇၅၆၆၅၊ ဒေါ်ခင်ဆွေရီ ဖုန်း-၂၅၂၉၂၄၊ ဦးရဲဝင်း ဖုန်း- ၅၄၃၂၉၆၊ ဦးမြတ်ကြွယ် ဖုန်း-၅၇၀၁၇၉၊ ဦးသက်ဆွေ ဖုန်း-၇၀၉၆၀၄၊ ဒေါ်တင်နွယ်ဦး ဖုန်း-၇၀၈၃၉၂ ဝါးခယ်မမြို့တွင် ဒေါက်တာ ဦးမောင်မောင်ကြိုင် (ယုယအောင်)၊ ဒေါက်တာ ဦးအောင်နိုင် (အောင်ချမ်းသာ)၊ ဒေါ်အေးမြတ်မြတ် (သစ်၊ဝါး၊ခနို)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

သံဃမဟာဝိသုဒ္ဓိပွဲကျင်းပမည်

ရန်ကုန် မတ် ၃၀

တတိယအကြိမ် သံဃမဟာဝိသုဒ္ဓိပွဲ အောင်မြင်မှုကို ဧပြီ ၁ ရက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း) (၁၅၃) ရပ်ကွက် တဲဝိုင်းကြီး သာသနာပြုတောရကျောင်းတွင် ကျင်းပမည်ဖြစ်ရာ သိမ်ဆင်းလောင်းလှူလိုသူ တပည့်ဒါယကာ ဒါယိကာမများ ထိုနေ့နံနက် ၉နာရီအရောက်လာရောက်နိုင်ကြောင်း သိရသည်။

(က-ပ)

ပိုက်ကျော်ခြင်းပြိုင်ပွဲဆက်လက်ယှဉ်ပြိုင်

ရန်ကုန် မတ် ၃၀

(၁၁)ကြိမ်မြောက် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌဖလားပိုက်ကျော်ခြင်း (REGU) ပြိုင်ပွဲများကို လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) မြန်မာနိုင်ငံပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲရုံတွင် ဆက်လက်ကျင်းပရာ အမျိုးသမီး အလွတ်တန်းအဖွဲ့လိုက်ပြိုင်ပွဲ တတိယနေရာလုပွဲတွင် မြို့တော်စည်ပင်(ခ)အသင်း က ပို့ဆောင်ရေးအသင်းကို နှစ်ပွဲ-ပွဲ မရှိဖြင့်အနိုင်ရရှိပြီးတတိယရရှိသွားသည်။

အမျိုးသား အလွတ်တန်းအဖွဲ့လိုက်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင် လယ်/ဆည် (ခ)အသင်းက ပို့ဆောင်ရေးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ မြို့တော်စည်ပင် (ခ)အသင်းက သစ်တော(က)အသင်းကို နှစ်ပွဲ-ပွဲမရှိဖြင့်လည်းကောင်း၊ လယ်/ဆည်(ဂ)အသင်းက သစ်တော (ခ)အသင်းကို နှစ်ပွဲ-ပွဲမရှိဖြင့် လည်းကောင်း၊ လည်/ဆည်(က)အသင်းက ပို့ဆောင်ရေး(က)အသင်းကို နှစ်ပွဲ-ပွဲမရှိဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

လူသစ်တန်း အမျိုးသား အဖွဲ့လိုက်ကွာတား ဖိုင်နယ်ပွဲစဉ်တွင် ရဲလူငယ် (ခ)အသင်းက ရကတ(ခ)အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ထိပ်တန်းကပို့ဆောင်ရေး(က)အသင်းကို နှစ်ပွဲ-ပွဲမရှိဖြင့်လည်းကောင်း၊ရဲလူငယ် (က) အသင်းက ပို့ဆောင်ရေး(ခ) အသင်းကို နှစ်ပွဲ-ပွဲမရှိဖြင့် လည်းကောင်း၊ ရိုးရိုးလေးက တက်သစ်စလူငယ်အသင်းကို နှစ်ပွဲ-ပွဲမရှိဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အမျိုးသားအလွတ်တန်းအဖွဲ့လိုက်ပြိုင်ပွဲအကြို ဗိုလ်လုပွဲတွင် မြို့တော်စည်ပင်(ခ)အသင်းက လယ်/ဆည်(ခ)အသင်းကို နှစ်ပွဲ-ပွဲမရှိဖြင့်လည်းကောင်း၊ လယ်/ဆည်(က)အသင်းက လယ်/ဆည်(ဂ)အသင်းကို နှစ်ပွဲ-ပွဲမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အမျိုးသားလူသစ်တန်းအဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲတွင် ရဲလူငယ် (က)အသင်းက ရဲလူငယ်(ခ)အသင်းကို နှစ်ပွဲ-ပွဲမရှိဖြင့်လည်းကောင်း၊ ရိုးရိုးလေးအသင်းက ထိပ်တန်းအသင်းကို နှစ်ပွဲ-ပွဲမရှိဖြင့်လည်းကောင်းအသီးသီး အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ပြိုင်ပွဲကို မတ်၃၁ရက် နံနက် ၈ နာရီမှစတင်၍ ကျင်းပမည်ဖြစ်သည်။

(မြန်မာ့အလင်း)

နန္ဒဝန်မိုးကုတ်ဓမ္မရိပ်သာတရားစခန်းစာရင်းပေးသွင်းနိုင်

ရန်ကုန် မတ် ၃၀

ပဲခူးမြို့စိန်ထွန်းရပ်ကွက် မိုးကုတ် ဝိပဿနာအဖွဲ့ခွဲ(၂၀၅) နန္ဒဝန်မိုးကုတ်ဝိပဿနာ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရိပ်သာ ပဓာနနာယက မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသူရိယမထေရ်မြတ်က ဧပြီ ၁၀ ရက်မှ ၁၇ ရက်အထိ ခုနစ်ရက်တရားစခန်းကို ခန္ဓာဉာဏ်ရောက် ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီများသည် ဧပြီ ၁၀ ရက် ညနေအရောက် လာရောက်ကြရန်နှင့် အကျိုးဆောင်အဖွဲ့ ဖုန်း- ၀၅၂-၂၃၈၂၂ သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

မော်လမြိုင်အသင်း(ရန်ကုန်)နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် မတ် ၃၀

မော်လမြိုင်အသင်း (ရန်ကုန်) ၂၀၀၃-၂၀၀၄ ခုနှစ် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ဘွဲ့ထူးဂုဏ်ထူးနှင့် စာပေအနုပညာပြိုင်ပွဲဆုရ ပုဂ္ဂိုလ်များအား ဂုဏ်ပြုပွဲ၊ ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဧပြီ ၄ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ်ရှိ မော်လမြိုင်အသင်း ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ပူဇော်ကန်တော့ခံမည့် အသက် (၇၅)နှစ်နှင့်အထက်အဘိုးအဘွားများ၊ စာပေအနုပညာပြိုင်ပွဲဆုရပုဂ္ဂိုလ်များနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသောကျောင်းသူ ကျောင်းသားများ၏ စာရင်းကို အသင်းအတွင်းရေးမှူး ဦးမောင်မောင်ဝင်း ဖုန်း-၂၈၅၇၅၀၊ ၂၉၇၄၄၉၊ အမှုဆောင်ဒေါ်ခင်နွယ် ဖုန်း-၆၅၀၀၉၁၊ ဦးကျော်ဝင်း(ဓမ္မာရုံ) ဖုန်း-၂၅၆၁၅၇ တို့သို့ဆက်သွယ်ပေးပို့ကြရန် နှိုးဆော်ထားသည်။

(က-ပ)

တိမ်ဖြစ်ထွန်းမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီစည်းဝေး

ရန်ကုန် မတ် ၃၀

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီအစည်း အဝေး(၃/၂၀၀၄)ကို ယနေ့မွန်းလွဲ ၁နာရီတွင်ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ဒုတိယထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးတင်ခ(တက္ကသိုလ်တင်ခ)၊ဦးသန်းမောင် (သန်းမောင်)နှင့် အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တွံတေး)၊တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ်အဖွဲ့ဥက္ကဋ္ဌဦးလှမြိုင်(ကိုဆောင်း) က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး ဦးခင်ဆွေ (ရွှေစွန်ညို)က ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိက အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့အတွင်းရေးမှူး ဦးလှထွန်း (လှထွန်း-တွံတေး)က ဗဟိုအမှုဆောင်အစည်းအဝေး (၂/၂၀၀၄) ဆုံးဖြတ်ချက်များ ဆောင်ရွက်ပြီးစီးမှုကို တင်ပြသည်။

အကြံပြုဆွေးနွေး

ဆက်လက်၍ ရုံးအဖွဲ့၊စည်းရုံးရေး လုပ်ငန်းအဖွဲ့၊ ဘဏ္ဍာရေးလုပ်ငန်းအဖွဲ့၊ စာအုပ်ထုတ်ဝေရေးနှင့် ဟောပြော ဆွေးနွေးလေ့လာရေးအဖွဲ့၊ ရန်ပုံငွေရှာဖွေရေးလုပ်ငန်းအဖွဲ့၊ သက်သာချောင်ချိရေးလုပ်ငန်းအဖွဲ့၊ နိုင်ငံတကာဆက်သွယ်ရေးလုပ်ငန်းအဖွဲ့၊ စာရင်းစစ်အဖွဲ့နှင့် စာပေရန်ပုံငွေကြီးကြပ်ရေး အဖွဲ့တို့၏ ခေါင်းဆောင်များက အကြံပြုဆွေးနွေးကြသည်။

ထို့နောက် သဘာပတိက မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်း ဗဟိုဦးစီးအဖွဲ့အစည်းအဝေးကြီးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ပြုလုပ်ကြရန် နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ညနေ ၃နာရီတွင် ရုပ်သိမ်းလိုက်သည်။

မီးသုံးစွဲလျှင် အသိယှဉ် အစဉ်သတိ အမြဲရှိ

ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ခေတ္တရာတိုးချဲ့စက်မှုဇုန် တည်ဆောက်ရေးလုပ်ငန်း စစ်ဆေး ပေါင်းတည်မြို့ နွေစပါးစုပေါင်းကောက်စိုက်ပွဲအခမ်းအနား တက်ရောက်အားပေး

ရန်ကုန် မတ် ၃၀

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်း) ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်း၊ ပြည်တပ်နယ်မှ ဗိုလ်မှူးကြီးခင်ဇော်ဦး၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါ၍ မတ် ၂၅ရက် နံနက် ၈နာရီက ပြည်မြို့နယ် မော်ဇာကျေးရွာအုပ်စုရှိ မော်ဇာ ဟင်းသီးဟင်းရွက်အထူးဇုန်ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးစန်းမောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းအား ပြည်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဆွေက မော်ဇာ ဟင်းသီးဟင်းရွက်အထူးဇုန်မှ ဟင်းသီးဟင်းရွက်နှင့် စားဖိုဆောင်သီးနှံများ စိုက်ပျိုးမှု၊ ထွက်ရှိလာသည့်သီးနှံများကို ရန်ကုန်မြို့တော်နှင့် အခြားမြို့များသို့ တင်ပို့ရောင်းချမှုတို့ကို ရှင်းလင်းတင်ပြရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးစန်းမောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မှာကြား

ဆက်လက်၍ ဟင်းသီးဟင်းရွက် စိုက်ပျိုးသည့် တောင်သူများနှင့် ရောင်းဝယ်သူများက ဟင်းသီးဟင်းရွက်စိုက်ပျိုးမှုနှင့် ရောင်းဝယ်ဖောက်ကားမှုတို့ကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့်အတူ မော်ဇာ ဟင်းသီးဟင်းရွက်အထူးဇုန်တွင် စိုက်ပျိုးထွက်ရှိသည့် ဟင်းသီးဟင်းရွက်များ၊ စိုက်ပျိုးရေးသုံးပစ္စည်းများနှင့် စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်စိုက်ခင်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဟင်းသီးဟင်းရွက်များ အထွက်နှုန်းကောင်းမွန်ရေး၊ မျိုးကောင်းမျိုးသန့်အသုံးပြုရေးနှင့် ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက် များကို စားသုံးသူပြည်သူများထံ ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချရေးတို့ကို မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ပြည်မြို့ခေတ္တရာတိုးချဲ့စက်မှုဇုန် တည်ဆောက်ရေးလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ ပဲခူးတိုင်း(အနောက်ပိုင်း) တွဲဖက်တိုင်းအုပ်ချုပ်ရေးမှူး ဦးဖေသန့်က စက်မှုဇုန်မြေကွက်ဖော်ထုတ်ထားရှိမှု၊ လျှပ်စစ်မီးနှင့် ရေသွယ်တန်းတပ်ဆင်ပြီးစီးမှုနှင့် လမ်းများဖောက်လုပ်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်း)ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်းက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို မှာကြားသည်။

ဆက်သွယ်နိုင်

စက်မှုဇုန်အတွင်း သွားလာလွယ်ကူချောမွေ့စေရေးအတွက် ပေ ၂၀၀၊ ပေ ၁၀၀နှင့် ပေ ၅၀လမ်းများ ဖောက်လုပ်လျက်ရှိပြီး ပင်မလမ်းမကြီးများနှင့် ဆက်သွယ်ရေး၊ စက်မှုဇုန်အတွင်း ဆက်သွယ်ရေးအတွက် လမ်းများ ဖောက်လုပ်လျက်ရှိရာ ၉၀ ရာခိုင်နှုန်းဖောက်လုပ်ပြီးစီးနေပြီ စက်မှုဇုန်မြေကွက်များအား ဦးရာလူစနစ်ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်းနှင့် ရင်းနှီးမြှုပ်နှံလိုသူ စက်မှုစက်မှု လုပ်ငန်းရှင်များအတွက် နေရာကောင်းရရှိရန် တိုးချဲ့စက်မှုဇုန်ဖော်ထုတ်ရေးကော်မတီသို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

တက်ရောက်အားပေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် ပြည်ခရိုင် ပေါင်းတည်မြို့နယ် ကြူတောကန်ကျေးရွာအုပ်စု၊ သပြေကုန်းကျေးရွာရှိ တောင်သူလယ်သမားကြီး ဦးအေးသောင်း၏ လယ်မြေ၌ ကျင်းပသော ပေါင်းတည်မြို့နယ် နွေစပါးစုပေါင်းကောက်စိုက်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ကောက်စိုက်လုံမေများက ပေါင်းတည်မြို့နယ် သပြေကုန်းကျေးရွာ အကျိုးဆောင် တောင်သူဦးအေးသောင်း၏ လယ်မြေ၌ စုပေါင်းကောက်စိုက်ကြသည်။

စုပေါင်းကောက်စိုက်ပွဲအပြီးတွင် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်း)ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်းက စုပေါင်းကောက်စိုက်ပွဲတွင် ပါဝင်စိုက်ပျိုးကြသည့် ကောက်စိုက်လုံမေများနှင့် စုပေါင်းကောက်စိုက်ပွဲ အခမ်းအနားလက်ခံကျင်းပသည့် အကျိုးဆောင်တောင်သူဦးအေးသောင်းအား ဂုဏ်ပြုအမှတ်တရ ဆုချီးမြှင့်သည်။

လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းကအမှာစကားပြောကြားရာတွင်မိမိတိုနိုင်ငံသည်စိုက်ပျိုးရေးနိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံ၏စီးပွားရေးသည်လည်းစိုက်ပျိုးမွေးမြူရေးကို အခြေခံကြောင်း၊ စုပေါင်းကောက်စိုက်ပွဲပြုလုပ်သည့် ကြူတောကန်ကျေးရွာအုပ်စုတွင်လယ်မြေဧက ၁၀၀၀ရှိသည့်အနက် နွေစပါးကို ရာနှုန်းပြည့်စိုက်ထားပြီးဖြစ်သည်။ ပေါင်းတည်မြို့နယ် အနေဖြင့် နွေစပါး ၁၉၅၁၈ဧက စိုက်ပျိုးရန် လျာထားရာ ၂၀၀၆၂ဧက စိုက်ပျိုးပြီးဖြစ်ရာ လျာထား ချက်ထက်၅၄၄ ဧကပိုမိုစိုက်ပျိုးနိုင်သည့် ပဲခူးတိုင်း(အနောက်ပိုင်း) အနေဖြင့် နွေစပါး၁၃၃၉၈၀ဧက စိုက်ပျိုးရန်လျာထားရာ ယနေ့အထိလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ပြီးဖြစ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် ကြို့ပင်ကောက်မြို့သို့ရောက်ရှိပြီး ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂) ဧည့်ရိပ်သာ၌ ဆည်မြောင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဝင်းက တောင်ညို၊ ဝဲကြီး၊ ဘော်ဘင်နှင့် ဂမုံးဆည်တို့၏ ဆည်မြောင်းများ အခြေအနေ၊ ယခု ပွင့်လင်းရာသီမကုန်မီ ဂမုံးဆည်၏လက်တံမြောင်းများ တိုးချဲ့ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများအား ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ပဲခူးတိုင်းအနောက်ခြမ်းတွင်လာမည့်နွေစပါးရာသီ၌ အနည်းဆုံး ဧကတစ်သောင်းတိုးချဲ့စိုက်ပျိုးနိုင်ရေးဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိသည်။ **(သတင်းစဉ်)**

တကောင်းနှင့် ဆက်စပ်ဒေသများမှ စူးစမ်းလေ့လာ ရှာဖွေရရှိခဲ့သော ကျောက်ခေတ်သစ်၊ ကြေးခေတ်နှင့် ပျူခေတ်ဆိုင်ရာ ယဉ်ကျေးမှုပစ္စည်းများ။ (ယဉ်ကျေးမှု)

ကွင်းဆင်းလေ့လာရာတွင် တွေ့ရှိသောရှေးဟောင်းပစ္စည်းများ ခင်းကျင်းပြသ ပျူယဉ်ကျေးမှု တစ်ဆက်တစ်စပ်တည်း ထွန်းကားခဲ့ကြောင်း ဖော်ထုတ်နိုင်

ရန်ကုန် မတ် ၃၀

တကောင်းမြို့ဟောင်း ဟန်လင်းမြို့ဟောင်းနှင့် ပဋ္ဌလငါးမြို့တို့တွင် ထွန်းကားခဲ့သော ယဉ်ကျေးမှုချင်းနီးနွှယ်ဆက်စပ်ပုံကို လေ့လာဖော်ထုတ်ရန် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာန မန္တလေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမောင် ခေါင်းဆောင်သော ကွင်းဆင်းသုတေသနအဖွဲ့နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော် ခေါင်းဆောင်သော ကွင်းဆင်း သုတေသနအဖွဲ့ နှစ်ဖွဲ့သည် ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီမှ မတ် ဒုတိယပတ်အထိ ကွင်းဆင်းလေ့လာရာတွင် တွေ့ရှိခဲ့သော ရှေးဟောင်းပစ္စည်းများကို မတ် ၂၈ရက် နံနက် ၉နာရီက ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးရုံးခန်း၌ ခင်းကျင်းပြသသည်။

ကွင်းဆင်းလေ့လာရေးအဖွဲ့နှစ်ဖွဲ့မှ ကွင်းဆင်းလေ့လာတွေ့ရှိခဲ့သော ရှေးဟောင်းပစ္စည်းများကိုယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ကြည်အောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ယဉ်ကျေးမှုဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ရန်ကုန် ယဉ်ကျေးမှု တက္ကသိုလ် ပါမောက္ခချုပ်တို့ လာရောက်ကြည့်ရှုသည်။

အဆိုပါ ရှေးဟောင်းပစ္စည်းများမှာ ကျောက်ခေတ်သစ် ကျောက်ကွင်းများ၊ ကျောက်ချောလက်နက်များ၊ ကြေးလက်ကောက်များ၊ ပျူယဉ်ကျေးမှုပစ္စည်း ဖြစ်သည့် လက်စင်းရာပါ အုပ်ချပ်များ၊ အိမ်မိုးအုတ်ကြွပ်ပြားများ၊ မြေထည် အိုးခွက်များ၊ မြေသပိတ်၊ မြေပုတီး၊ သီရိဝစ္ဆပုံ၊ ဘဒ္ဒပိဌပုံနှင့် ခရုသင်းပုံပါ အိုးခြမ်းကွဲများ၊ မြေဆေးတံများ၊ ခရုခွံများ၊ အရိုးပုတီးများ၊ ရောင်စုံကျောက်ပုတီးများ၊ သံမယ်နများ၊ သွားအပြည့်အစုံပါသော လူအောက်မေးရိုး တစ်ခုနှင့် သမင်ရိုးများဖြစ်ကြသည်။ ခေတ်ကာလအားဖြင့် ကျောက်ခေတ်သစ်၊ ကြေးခေတ်နှင့် ပျူယဉ်ကျေးမှုပစ္စည်းများဖြစ်ကြပြီး မြေထည်အိုးခွက်နှင့် အိုးခြမ်းကွဲပေါ်ရှိ ဒီဇိုင်းပုံများကို ကြည့်ရှု၍ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားခဲ့ကြောင်း လေ့လာသိရှိနိုင်သည်။

ရှေးဟောင်းသုတေသန ကွင်းဆင်းသုတေသနအဖွဲ့နှစ်ဖွဲ့သည် တကောင်းမြို့ဟောင်းတွင် ထွန်းကားခဲ့သည့် ရှေးကျသော ယဉ်ကျေးမှုဝတ္ထုပစ္စည်းများနှင့် နှိုင်းယှဉ်ဆက်စပ်လေ့လာနိုင်ရန်အတွက် တကောင်းမြို့ဟောင်းနှင့် ဆက်စပ်ဒေသများဖြစ်သော ကြံညှပ်၊မလည်၊ဘော၊ဂါးတား၊ ဆားတွင်း၊ ဟန်လင်းကြီး၊ ကျောင်းပြင်သား၊ ဖလဲ၊အင်ပင်လှ၊ ကုက္ကိုကုန်း၊ အင်္ဂုတ္တိုရ်၊ ညောင်ကုန်း၊ တောင်ပုံ၊ဟင်းသော်၊ ပန်းကုန်းသာ၊ ကြက်ကိုင်း၊ ဇင်း၊ချပ်သင်း၊ လက်ပံဈား၊ ဂါဂလော်ကူ ဦးကင်းကြည်၊ တမာကုန်း၊ ဆားကျင်း၊ ပင်းသာ၊ ကင်းတောင်၊ မြေဒူး၊ ခေါ်သန္တီ၊ရသားငါးရာနဲ၊ စည်ပုတ္တရာ၊ မူးကမ်းကြီး ကျေးရွာနှင့် ပတ်ဝန်းကျင်ဒေသများသို့ ကွင်းဆင်းသုတေသနပြုခဲ့ကြခြင်းဖြစ်သည်။

ဤသို့ ကွင်းဆင်းလေ့လာရာမှ စုဆောင်းရရှိသည့် ပစ္စည်း အထောက်အထားများအရ တကောင်းမြို့ဟောင်းတွင် ထွန်းကားခဲ့သော ယဉ်ကျေးမှု၊ ဟန်လင်းမြို့ဟောင်းတွင် ထွန်းကားခဲ့သော ယဉ်ကျေးမှု နှင့် ပဋ္ဌလငါးမြို့တွင် ထွန်းကားခဲ့သော ယဉ်ကျေးမှုတို့မှာ အချိန်ကာလအားဖြင့် လည်းကောင်း၊ အဆင့်အတန်းအားဖြင့် လည်းကောင်း များစွာကွဲပြားခြားနားမှု မရှိကြဘဲ အမျိုးအစား၊ ပုံသဏ္ဌာန် အရွယ်အစား အသုံးပြုမှုများတွင် ယေဘုယျအားဖြင့် တူညီမှုရှိကြောင်းနှင့် အဆိုပါဒေသအားလုံးတွင် ပျူယဉ်ကျေးမှု တစ်ဆက်တစ်စပ်တည်း ပျံ့နှံ့ထွန်းကားခဲ့ကြောင်း လေ့လာဖော်ထုတ်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရှေ့တောင်အာရှနိုင်ငံများ ငှက်ဖျားရောဂါတိုက်ဖျက်ရေး ကျန်းမာရေးသတင်းအချက်အလက် မြေပုံဆိုင်ရာသင်တန်းဖွင့်

ရန်ကုန် မတ် ၃၀

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် JICA ဂျပန် နိုင်ငံအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီတို့ ပူးပေါင်း ဆောင်ရွက်သည့် အရှေ့တောင်အာရှနိုင်ငံများ၏ ငှက်ဖျားရောဂါ တိုက်ဖျက်ရေးတွင် ကျန်းမာရေး သတင်းအချက်အလက် မြေပုံဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အလံပြ ဘုရားလမ်းရှိ Grand Plaza Park Royal Hotel ခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနကိုယ်စားလှယ် Dr. Agostino Borra နှင့် JICA ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Takahiro Sasaki တို့က အမှာစကားပြောကြားကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနချုပ်နှင့် အရှေ့တောင်အာရှဒေသ ဆိုင်ရာညွှန်ကြားရေးမှူးရုံးမှ ငှက်ဖျားရောဂါဆိုင်ရာ ကျွမ်းကျင်သူ ပညာရှင်များနှင့် မြန်မာ၊သီရိလင်္ကာ၊ ထိုင်း၊အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ အိန္ဒိယနိုင်ငံများမှ ငှက်ဖျားရောဂါဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များ ပါဝင်ဆွေးနွေးကြပြီး ဆွေးနွေးပွဲကို ယမန်နေ့မှစ၍ ဧပြီ ၁ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

31-3 (12).p65 1 3/24/05, 10:30 PM

နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့ အောင်မင်္ဂလာကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဉက္ကဋ္ဌာစက္က၏ ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း



ဆရာတော်လောင်းလျာသည် ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့နယ် တောင်တီးကျေးရွာ ဦးထွန်းညို(ခ) ဦးဒုံးညို-ဒေါ်ငွေညွန့်တို့မှ ၁၂၇၈ ခုနှစ် တပေါင်းလဆန်း ၁၃ရက် (တနင်္ဂနွေ) နေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။

ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၉၁ ခုနှစ် တပေါင်းလဆန်း ၁၁ ရက်တွင် ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့နယ် တောင်တီးကျေးရွာ ဘကြီးတော် ဦးအောင်-ဒေါ်ရွှေစင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ၁၂၉၈ ခုနှစ် တပေါင်းလဆန်း ၁၅ ရက် နံနက် ၉နာရီ ၁၀ မိနစ်တွင် ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့နယ် ဘုတ်မြောင်ကျောင်းဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသမထေရ်ကို ဥပဇ္ဈာယ်ပြု၍ ပြည်မြို့နယ် ပေါင်းတလည်မြို့ ဦးရန်ထား-ဒေါ်အေးမယ်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ဘုတ်မြောင်ကျောင်းခဏ္ဍသိမ်၌ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လျောင်းလျာသည် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် စကားဝါပင်ကျောင်းဆရာတော် ဦးအရိယ၊ ခရမ်းမြို့ ပြာသာဒ်ကျောင်းဆရာတော်၊ မြန်အောင်မြို့ မြို့ရွှေကျောင်းဆရာတော် ဦးသုစရိတဓမ္မ၊ ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတေဇနိယ(အဂ္ဂမဟာပဏ္ဍိတ) တို့ထံတွင် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို ဆရာနည်းရအောင် သင်ယူဆည်းပူးတော်မူခဲ့သည်။

စာပေပို့ချခြင်းနှင့် သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ၁၃၀၆ ခုနှစ်တွင် မြန်အောင်မြို့ မြို့ရွှေကျောင်း၌ ရဟန်းသာမဏေ ၁၀၀ ကျော်တို့အား ပရိယတ္တိစာပေများကို သင်ကြားပို့ချခဲ့ပြီး ၁၃၀၈ ခုနှစ်မှစ၍ ပြည်မြို့ နဝင်းရပ်ကွက် အောင်မင်္ဂလာကျောင်း၌ ရဟန်းသာမဏေများအား ပရိယတ္တိစာပေများကို သင်ကြားပို့ချတော်မူ၍လည်းကောင်း၊ ဆဋ္ဌသင်္ဂါယနာတင်ရာတွင် ဓာတုကထာဘာဏကအဖြစ်လည်းကောင်း၊ ပြည်မြို့ ရွှေဆံတော်ဘုရားကြီး၊ ရတနာသီရိဘုရားကြီး ဂေါပကအဖွဲ့ စသည်တို့၏ သြဝါဒါစရိယဆရာတော်အဖြစ်လည်းကောင်း၊ ၁၃၆၀ ပြည့်နှစ်မှစ၍ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်အဖြစ်လည်းကောင်း သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့သည်။

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း

ဆရာတော်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ခမာဇာဂရိယ စသော ဂုဏ်များနှင့် သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်းများကို ကြည်ညိုလေးစားလျက် နိုင်ငံတော်အစိုးရက ၁၉၉၉ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပူဇော်ခဲ့သည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်တော်မူရင်းမှ သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၈)ဝါအရ (၁၃၆၅ခုနှစ် နှောင်းတန်ခူးလဆန်း ၈ ရက်) မတ် ၂၈ ရက် (တနင်္ဂနွေနေ့) ညနေ၃နာရီ ၄၅မိနစ်တွင် အောင်မင်္ဂလာကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီး ဧပြီ ၁၀ ရက်တွင် အန္တိမဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သာသနာ ရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

တကောင်းမြို့ ရှေးဟောင်း လေးမျက်နှာဘုရားကြီး ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရန်အလှူငွေပေး

ရန်ကုန် မတ် ၃၀

မန္တလေးတိုင်း တကောင်းမြို့ ရှေးဟောင်းလေးမျက်နှာ ဘုရားကြီး ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမဆောင်၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် တက်ရောက်၍ လက်ခံသည်။

အဆိုပါ အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ယဉ်ကျေးမှုဗိမာန် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းဆွေ၊ ရှေးဟောင်း သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဟန်၊ ရန်ကုန်ယဉ်ကျေးမှုတက္ကသိုလ်ပါမောက္ခချုပ်ဦးတင်စိုး၊ ဝန်ကြီးရုံး ရုံးအဖွဲ့မှူး ဗိုလ်မှူးဌေးလှိုင်နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က အလှူငွေကျပ် ၁၀ သိန်း၊ မင်္ဂလာဂါးဒင်းဟိုတယ် မန်နေဂျင်း ဒါရိုက်တာ ဦးဇော်မင်းကိုယ်စား အထွေထွေမန်နေဂျာ ဦးစိန်ဝင်းက အလှူငွေကျပ် နှစ်သိန်း၊ တရုတ်ကုန်သည်ကြီးများအသင်း အတွင်းရေးမှူး ဦးကြီးစိန်က အလှူငွေကျပ် နှစ်သိန်း စုစုပေါင်းအလှူငွေကျပ် ၁၄ သိန်းကို ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်ချုပ် ကြည်အောင်က လက်ခံ၍ ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

(၅၉)နှစ်မြောက်တပ်မတော်နေ့ပြပွဲ တပ်မတော်စစ်သမိုင်းပြတိုက်

(ရွှေတိဂုံဘုရားလမ်း)

(၂၆-၃-၂၀၀၄ မှ ၄-၄-၂၀၀၄)

(မည်သူမဆိုအခမဲ့ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။)

တကောင်းမြို့ ရှေးဟောင်းလေးမျက်နှာဘုရားကြီး ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်

အေဒီ(၁၁)ရာစု အနော်ရထာမင်းကြီး ကောင်းမှုတော်ဖြစ်သော လေးမျက်နှာဘုရားကြီးသည် လေျင်ဒဏ်၊ ရာသီဥတုဒဏ်တို့ကြောင့် ပြိုကျပျက်စီးခဲ့ရပြီး နှစ်ပေါင်းများစွာ တောချုံများ အုပ်ဖုံးလျက် အုတ်ကုန်းကြီးဘဝရောက်ခဲ့ရသည်ကို ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် တကောင်းမြို့ဟောင်းတွင် ပြန်လည်ပြုပြင်တည်ဆောက်ပါမည်။ စေတနာရှင် ကုသိုလ်ရှင်များ သဒ္ဓါတရားထက်သန်စွာဖြင့် ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်ပါသည်။



အုတ်တစ်ချပ် (၁၂ x ၆ x ၃)	-	၄ဝိ/-
ဘိလပ်မြေတစ်အိတ်	-	၄၀၀ဝိ/-
သဲတစ်ကျင်း	-	၆၀၀ဝိ/-
မြစ်ကျောက်(အသေး)တစ်ကျင်း	-	၂၀၀၀ဝိ/-
ထုံး (တစ်အိတ်)	-	၁၀၀ဝိ/-
သံကျောက်ပြားတစ်ချပ် (၁၂ x ၁၂)	-	၅၀ဝိ/-

ယဉ်ကျေးမှုဝန်ကြီးဌာန	(ဝန်ကြီးရုံး)	ဖုန်း-၅၄၃၂၃၅၊ ၅၄၃၂၃၃
ရှေးဟောင်းသုတေသနဦးစီးဌာန	(ရုံးချုပ်)	ဖုန်း-၅၁၂၁၄၀၊ ၅၁၂၁၃၉
ယဉ်ကျေးမှုအမွေအနှစ်ဒေသဌာနခွဲ	(မန္တလေး)	ဖုန်း ၀၂-၃၆၃၆၅၊ ၀၂-၃၉၁၅၆

တကောင်းမြို့ လေးမျက်နှာဘုရား ဂေါပကအဖွဲ့ရုံး။

ကလေးမြို့ စကားလှ ဓမ္မာရုံကျောင်းဂုဏ်ပြုပူဇော်မည်

ရန်ကုန် မတ် ၃၀

ကလေးမြို့ စကားလှ ဓမ္မာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဓမ္မပါလ (တိုင်းသံဃနာယကအဖွဲ့ဝင်)အား အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်း ခံရတော်မူသည့် ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားနှင့် မှန်ချီဆေးတိုက် မိသားစုမှ ဂုဏ်ပြု ပူဇော်ပွဲအတွက် လှူဒါန်းမှုအစုစုတို့အား ရေစက်သွန်းချပွဲကို ဧပြီ ၁ ရက် နံနက်ပိုင်းတွင် ကျောင်းတိုက်အတွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

သန်လျင်ဆုထူးပန်တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၃၀

သန်လျင်မြို့ အောင်ချမ်းသာ(၃)ရပ်ကွက် ဆုထူးပန် ဓမ္မရိပ်သာကျောင်းတိုက် အတုလဂုဏ်ရည် သိမ်ကျောင်း ဓမ္မာရုံ အပေါ်ထပ်တွင် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ထေရဝါဒ ဗုဒ္ဓသာသနာပြု သြဝါဒါစရိယ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တသလ္လာပဏ္ဍိတမှ ဦးဆောင်၍ မဟာစည် နယ်လှည့်ဓမ္မကထိက အစိုးရကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကဝိန္ဒနှင့် တပည့်ယောဂီ၊ ဒါယကာ ဒါယိကာမအပေါင်းတို့က သတိပဋ္ဌာန်သကြင်္န်အထူးတရားစခန်းကို ဧပြီ ၁၂ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများ ဖုန်း-၀၁-၅၄၅၉၈၀၊ ၀၅၆-၂၁၉၂၆ တို့သို့ ကြိုတင်ဆက်သွယ်၍ စာရင်းပေးကာလှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မတ်၂၄ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁)အခြေခံ ပညာမူလတန်းကျောင်း၏ ၂၀၀၂-၂၀၀၃ ပညာသင်နှစ်အတွက် သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားတွင် စတုတ္ထတန်းမှ မောင်ရဲညွန့်လှိုင်အား ကျောင်းတာဝန်ခံဆရာမ ဒေါ်သင်းသင်းအောင်က သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်စဉ်။ (က-ပ)

ကျွန်းနှင့်ဝါးလုပ်ငန်းထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့်ဆွေးနွေးပွဲကျင်းပ

ရန်ကုန် မတ် ၃၀

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသသစ်နှင့်ပတ်သက်သည့် အဖွဲ့အစည်း (ITTO)တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကျွန်းနှင့်ဝါး ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် ဆွေးနွေးပွဲကို ယနေ့နံနက်၉နာရီတွင် သစ်တောဦးစီးဌာန ရုံးချုပ်တော်ဝင်ခန်းမ၌ကျင်းပရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင် တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသ သစ်နှင့်ပတ်သက်သည့် အဖွဲ့အစည်း စီမံကိန်းများမန်နေဂျာ Dr. Hwan Ok Ma က ကမ္ဘာ့ကျွန်းနှင့်ဝါးထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံရုံးမှကောင်စစ်ဝန် Mr. Park Joon Yong၊ သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာ့သစ်လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့မှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသသစ်နှင့်ပတ်သက်သည့် အဖွဲ့အစည်းစီမံကိန်းမှ ဝါးထွက်ပစ္စည်းကျွမ်းကျင်သူ Mr. Sukiman နှင့် မြန်မာနိုင်ငံရှိ ဝါးလုပ်ငန်းရှင်များ၊ သစ်တောရေးရာ ဝန်ကြီးဌာနနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနတို့မှ သင်တန်းသားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ယင်းဆွေးနွေးပွဲတွင် စုစုပေါင်း စာတမ်း ၁၁ စောင် ဖတ်ကြားတင်သွင်းကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သဲအင်းဂူသင်္ကြန်တွင်းအဓိဋ္ဌာန် စခန်းကျင်းပမည်

ရန်ကုန် မတ် ၃၀

ဇလွန်မြို့ မစိုးရိမ်ကျောင်းတိုက်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော သဲအင်းဂူရိပ်သာအမှတ်စဉ်(၂၅)၌ အဓိဋ္ဌာန်စခန်းပွဲကို ဧပြီ၁၁ရက်မှ၁၇ရက်ထိခုနစ်ရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။ တရားစခန်းပွဲတွင် ကျေးဇူးတော်ရှင် မူလသဲအင်းဂူဆရာတော်ကြီး၏ ဥပနိဿယအတိုင်းတပည့်ရင်း ဆရာဦးမောင်ကြည်(ပန်းတနော်)က သဲအင်းဂူခန္ဓာကိုယ်တွေ့ ဝိပဿနာ တရားတော်မြတ်ကို သစ္စာအမြင်ဖြင့် ဟောကြားပြသမည်ဖြစ်ရာအဓိဋ္ဌာန်ဝင်ယောဂီများသည် ဧပြီ၂ရက် ညနေ၅နာရီတွင် မှတ်ပုံတင်ကတ်ယူ၍ ရိပ်သာသို့လာရောက်ကြို တင်စာရင်းပေးနိုင်သည်။ အရဏ်၊ နေ့ဆွမ်း၊ ဖျော်ရည်များကို လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ကလေးမြို့စကားလှမ္မာရုံကျောင်း တရားစခန်းပွဲကျင်းပမည်

ရန်ကုန် မတ် ၃၀

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ပင်မ မဟာစည်သာသနာ့ရိပ်သာဌာနချုပ်မှ ကမ္မဌာနာစရိယဆရာတော်များဖြစ်ကြသော ဦးထေရာဝံသ(ဓမ္မာစရိယ)၊ဦးကုဝေရ(တက္ကသိလဓမ္မာစရိယ) ဆရာတော်နှစ်ပါးသည် ဧပြီ၅ရက်မှစ၍ ခုနစ်ရက်တိုင်တိုင် တရားစခန်းပွဲကျင်းပမည်ဖြစ်၍ တရားအားထုတ်လိုသောဒါယကာ၊ဒါယိကာမအပေါင်းတို့သည် ဧပြီ၃ ရက်နောက်ဆုံးထား၍ စကားလှမ္မာရုံကျောင်းတွင် စာရင်းပေးသွင်းကြရန် နှိုးဆော်ထားကြောင်းသိရသည်။ **(က–ပ)**

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)

We are a Leading marketing & distribution company and we required well-qualified personals for the positions.

၁။ Admin Manager — ကျား/မ (၂)ဦး
ဘွဲ့ရ၊ ရုံးလုပ်ငန်း၊ စတိုလုပ်ငန်းများအားစီမံအုပ်ချုပ်နိုင်ရမည်၊ လုပ်ငန်းအတွေ့အကြုံရှိရမည်။

၂။ Auditor (B.Com/CPA) — ကျား/မ (၃)ဦး
လုပ်ငန်းတစ်ခုလုံး၏ စာရင်းများအား စစ်ဆေးနိုင်ပြီး၊ အတွေ့အကြုံ(၅)နှစ်နှင့်အထက်ရှိရမည်။

၃။ Accountant (B.Com/LCCI/DA) — ကျား/မ (၃)ဦး
Computerized Accounting ကျွမ်းကျင်ပြီး၊ လုပ်ငန်းအတွေ့အကြုံရှိရမည်။

၄။ Office Secretary (ရန်ကုန်) — မ (၁)ဦး
အသက်(၂၅–၄၀)နှစ်အတွင်းဖြစ်ပြီး Computer ကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။ အင်္ဂလိပ်စာအရေး၊အပြောကျွမ်းကျင်ပြီး၊ ရုံးလုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိရမည်။

၅။ Stock Control — ကျား/မ (၂)ဦး
ဘွဲ့ရရှိသူဖြစ်ပြီး၊ ဆေးဝါးမျိုးစုံ Stock များနှင့်ပတ်သက်၍ Control လုပ်နိုင်ရမည်။ ကွန်ပျူတာကျွမ်းကျင်ပြီး အတွေ့အကြုံရှိသူဦးစားပေးမည်။

၆။ Sales Representative — ကျား/မ (၁၀)ဦး
ခရီးသွားလာနိုင်သူဖြစ်ရမည်။ အရောင်းအဝယ်လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ အနည်းဆုံး(၁၀)တန်းအောင်ရမည်။

၇။ Computer Operator — မ (၂)ဦး
World,Excel ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။ ဘွဲ့ရ၍အတွေ့အကြုံရှိသူကို ဦးစားပေးမည်။

၈။ Receptionist — မ (၃)ဦး
အပြောအဆိုယဉ်ကျေးသိမ်မွေ့၍ ရုပ်ရည်အသင့်အတင့်ရှိရမည်။ Telephone Operator အလုပ်နှင့်တွဲဖက်လုပ်ဆောင်နိုင်ရမည်။ ဘွဲ့ရသူကိုဦးစားပေးမည်။

၉။ ဂိုဒေါင်မှူး/လက်ထောက်ဂိုဒေါင်မှူး — ကျား (၃)ဦး
သိုလှောင်ရုံလုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။ ဘွဲ့ရရှိသူဖြစ်ရမည်။

၁၀။ ယာဉ်မောင်း — ကျား (၅)ဦး
ယာဉ်မောင်းလုပ်ငန်းအတွေ့အကြုံရှိပြီး အရောင်းအတွေ့အကြုံရှိသူဦးစားပေးမည်။ ၂တန်/၃တန်ကားများဖြင့် နယ်လမ်းကြောင်းများအတွေ့အကြုံရှိသူဖြစ်ရမည်။ အနည်းဆုံး(၁၀)တန်းအောင်ရမည်။ လစာနှင့်အရောင်းကော်မရှင်ခံစားခွင့်ရှိသည်။

အထက်ပါအလုပ်ကိုစိတ်ဝင်စားသူသည် ဤကြော်ငြာသည့်ရက်မှ၁၀ရက်အတွင်း မိမိတို့ကိုယ်ရေးရာဇဝင်၊ ဓာတ်ပုံနှစ်ပုံ၊ ပညာအရည်အချင်းအထောက်အထား၊ မိမိကို ဆက်သွယ်ရန်ဖုန်းနံပါတ်၊အိမ်လိပ်စာအပြည့်အစုံ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ တို့နှင့်အတူ မိမိလျှောက်ထားလိုသော ရာထူးကို တိကျစွာဖော်ပြ၍ စာတိုက်သေတ္တာအမှတ်(၁၅၂၃) ရန်ကုန်စာတိုက်ကြီး ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားနိုင်သည်။





မောင်အေးမြင့်[၁၂/စခန(နိုင်)၀၄၉၁၄၄]နှင့် သက်ဆိုင်သူအများသိစေရန်ကြေညာချက်

ဦးတင်ညွန့်နှင့်ညီမဒေါ်ခင်ထားမြင့် အမှတ်(၈) ဦးစံငြိမ်းလမ်း၊ စမ်းချောင်းမြို့နယ်တို့နှင့်အတူနေထိုင်ခဲ့သော မောင်အေးမြင့် ၁၂/စခန(နိုင်)၀၄၉၁၄၄သည် ဘကြီးနှင့်မိခင်၊ညီအစ်ကိုမောင်နှမတို့၏ အကြိမ်ကြိမ်ဆုံးမမှုကို မနာခံဘဲလူမှုရေးကိစ္စ၊ ငွေရေးကြေးရေးကိစ္စများကို မိမိ၏သဘောအလျောက်ပြုလုပ်ဆောင်ရွက်နေပါ၍ မောင်အေးမြင့်နှင့်ပတ်သက်သောမည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးခြင်းများပြုလုပ်မည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်သည်။

ညွှန်ကြားချက်အရ–

ဦးဝင်းကြည်(B.Sc,R.L)
တရားရုံးချုပ်ရှေ့နေ
၆၆၊၁၁လမ်း၊ လမ်းမတော်မြို့နယ်၊
ရန်ကုန်၊ ဖုန်း–၂၁၀၇၈၃။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရွှေဘိုမြို့နယ်၊ နွယ်ငြိမ်းကျေးရွာနေ ဦးမြင့်ဝင်း–ဒေါ်ဆယ်ဝင်းတို့၏သားကြီး
မောင်ကိုကိုဦး(ခ)ရွှေဘိုကြီး
B.Tech(Mechanical)
နှင့်
ပျဉ်းမနားမြို့၊ အောင်မင်္ဂလာရပ်နေ
ဦးအောင်လှိုင်–(ဒေါ်ရီရီ)တို့၏သမီးလတ်
မမင်းမင်းသန့်
B.E(Mechanical)
တို့သည် နှစ်ဖက်မိဘဆွေမျိုးများရှေ့မှောက်၌ ၂၈–၃–၂၀၀၄ ရက်(တနင်္ဂနွေနေ့)တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကိုကိုဦး–မမင်းမင်းသန့်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန(ရုံးချုပ်) B.Tech ဒုတိယနှစ် သင်တန်းဖွင့်လှစ်ရန်ကြေညာခြင်း

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့် သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ အစိုးရနည်းပညာကောလိပ်များတွင် ၂၆–၁–၂၀၀၄ရက်မှ ၆–၂–၂၀၀၄ရက်တွင် ကျင်းပခဲ့သော **B.Tech** ပထမနှစ် သင်တန်းအသီးသီး၏ စာမေးပွဲ အောင်စာရင်းကို ၂၉–၃–၂၀၀၄ရက်တွင် ထုတ်ပြန်ကြေညာပြီးဖြစ်၍ **B.Tech** ဒုတိယနှစ်သင်တန်းများကို ၁–၄–၂၀၀၄ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

စက်မှုနှင့်သက်မွေးပညာဦးစီးဌာန။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အခြေခံနည်းပညာကျွမ်းကျင်မှုသင်တန်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုသင်တန်းများအတွက် သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများနှင့် အစိုးရကွန်ပျူတာကောလိပ်များတွင် ၁–၄–၂၀၀၄ရက်တွင်ဖွင့်လှစ်မည့်အခြေခံနည်းပညာကျွမ်းကျင်မှုသင်တန်းနှင့်ကွန်ပျူတာကျွမ်းကျင်မှုသင်တန်းများတွင်တက်ရောက်ရန် ၂၀၀၃ခုနှစ် မတ်လတွင် ကျင်းပသော အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူများနှင့် ၂၀၀၄ ခုနှစ် မတ်လတွင် ကျင်းပသော အခြေခံပညာအထက်တန်းစာမေးပွဲဖြေဆိုထားသူများ လျှောက်ထားနိုင်ပါသည်။

၂။ ပထမလေးလ သင်တန်းအောင်မြင်ပြီး အခြေခံပညာအထက်တန်းအောင်မြင်ပါက ဒုတိယလေးလသင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည်။ ဒုတိယလေးလသင်တန်းအောင်မြင်ပြီးဆုံးပါက အစိုးရနည်းပညာ ကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများနှင့် အစိုးရကွန်ပျူတာကောလိပ်များတွင် ဖွင့်လှစ်မည့် ပထမနှစ်သင်တန်းများသို့ တိုက်ရိုက် တက်ရောက်ခွင့်ပြုမည်။

၃။ ပထမလေးလ သင်တန်းအောင်မြင်ပြီးလျှင်လည်းကောင်း၊ ဒုတိယလေးလသင်တန်းအောင်မြင်ပြီးလျှင်လည်းကောင်းကျွမ်းကျင်မှုလက်မှတ် အသီးသီးကို ချီးမြှင့်ပေးမည်။

၄။ အသေးစိတ်သိရှိလိုသော အချက်အလက်များအား သက်ဆိုင်ရာအစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများနှင့် အစိုးရကွန်ပျူတာ ကောလိပ်များတွင် စုံစမ်းနိုင်ပါသည်။

ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမြစ်ကြီးနားမြို့ တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းသုံးနှစ်လုပ်ပိုင်ခွင့်လုပ်ငန်းလိုင်စင် လေလံတင်ရောင်းချရန်ကြော်ငြာ

ကချင်ပြည်နယ်အတွင်းရှိ လက်ရှိတံတားအသုံးပြုခကောက်ခံနေသော နိုင်ငံတော်ပိုင်တံတားသုံးစင်း၏ ၂၀၀၄–၂၀၀၅ခုနှစ်မှ၂၀၀၆–၂၀၀၇ခုနှစ်အထိတံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်းသုံးနှစ်လုပ်ပိုင်ခွင့် လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

(က) **လေလံတင်ရောင်းချမည့်တံတားများ**
(၁) ဗလမင်းထင်တံတား(မြစ်ကြီးနားမြို့)
(၂) မိုးကောင်းတံတား(မိုးကောင်းမြို့)
(၃) ရွှေလီတံတား(ရွှေကူမြို့)

(ခ) **လေလံလျှောက်လွှာဝယ်ယူရရှိနိုင်သည့်နေရာ**
ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ စီးပွား–၂၊ဌာနခွဲ(ဖုန်း–၀၇၄–၂၂၆၅၄)

(ဂ) **လေလံလျှောက်လွှာတင်သွင်းရမည့်နေရာ**
ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ စီးပွား–၂၊ဌာနခွဲ(ဖုန်း–၀၇၄–၂၂၆၅၄)

(ဃ) **လေလံဆွဲဝယ်ခွင့်လျှောက်လွှာ စတင်လက်ခံမည့်ရက်၊ အချိန်**
၂၈–၃–၂၀၀၄ရက်(တနင်္ဂနွေနေ့) နံနက်(၁၀း၀၀)နာရီ

(င) **လေလံတင်သွင်းရန် နောက်ဆုံးအချိန်**
၁၉–၄–၂၀၀၄ရက်(တနင်္လာနေ့)ညနေ (၁၆း၀၀)နာရီ

(စ) **လေလံတင်ရောင်းချမည့်နေ့ရက်**
၂၁–၄–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) နံနက်(၁၀း၀၀)နာရီ

(ဆ) **လေလံတင်ရောင်းချမည့်နေရာ**
မြို့တော်ခန်းမ၊ မြစ်ကြီးနားမြို့

မှတ်ချက်။ လေလံဆွဲဝယ်ယူခွင့်လျှောက်လွှာနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ကျပ် ၁၀၀၀ နှုန်းဖြင့် ဝယ်ယူ၍ ရုံးချိန်အတွင်း တင်သွင်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ကချင်ပြည်နယ်တံတားများအသုံးပြုခွင့်လိုင်စင်လေလံတင်ရောင်းချရေးကြီးကြပ်အဖွဲ့
မြစ်ကြီးနားမြို့။

တီဘီရောဂါပပျောက်ရေး အသက်ရှူတိုင်းသတိပေး
(Every Breath Counts, Stop TB Now)

စာရှုသူမိတ်ဆွေ–

သင် အသက်ရှူနေပါသလား?

သင် အသက်ရှူနေစဉ်မှာ အသက်ရှူရှိုက်သော လေသည် သန့်ရှင်းလတ်ဆတ်ပြီး ရောဂါပိုးမွှားကင်းစင်သော လေဟုတ်ပါရဲ့လား?

သင်အသက်ရှူနေစဉ်မှာ သင်မသိလိုက်ဘဲ လေထဲမှာပျံ့လွင့်နေတဲ့ တီဘီရောဂါပိုးဟာ အသက်ရှူလမ်းကြောင်းကတစ်ဆင့်သင့်ရဲ့အဆုတ်ထဲသို့ဝင်ရောက်လာပြီး တီဘီရောဂါကူးစက်ခြင်းခံရနိုင်တယ်ဆိုတာကိုရောသတိထားမိပါသလား?

တီဘီရောဂါဆိုတာ ကမ္ဘာတစ်ဝန်းလုံးမှာ နေ့စဉ်နေ့တိုင်း လူပေါင်း ၅၀၀၀ လောက်ကို ထာဝရ အသက်ရှူရပ်သွားစေနိုင်တဲ့ ကူးစက်ရောဂါဆိုးကြီးဖြစ်တယ်ဆိုတာကိုရော သိရှိပြီး ဖြစ်ပါသလား?

သလိပ်မှာ တီဘီရောဂါပိုးတွေ့ရတဲ့ တီဘီလူနာတစ်ဦးဦးဟာ ဘတ်စ်ကားပေါ်မှာပဲဖြစ်ဖြစ်၊ လေဝင်လေထွက်မရှိတဲ့ ကာရာအိုကေရုံ၊ ဗီဒီယိုရုံ ကျဉ်းကျဉ်းလေးထဲမှာဖြစ်ဖြစ်၊ ရုပ်ရှင်ရုံထဲမှာဖြစ်ဖြစ် သင့်ဘေးက၊ သင့်ရှေ့က၊ သင့်နောက်က ထိုင်နေနိုင်သလို လူစည်ကားတဲ့ဈေးထဲမှာ သင့်ကိုတိုးဝှေ့နေတာ၊ သင်နဲ့ဘေးချင်းယှဉ်ပြီး ဈေးဝယ်နေတာလဲ ဖြစ်နိုင်ပါတယ်။ အဲဒီတီဘီလူနာက နဖူးမှာ စာရေးမထားလေတော့ ကူးစက်နိုင်တဲ့ တီဘီလူနာမှန်းတော့ သင်မသိနိုင်ဘူးပေါ့။ အဲဒီသူ၊ သို့မဟုတ် သူမက အနားကပ်ပြီး ဟတ်ချိုးဆိုပြီး နှာချေလိုက်ရင်ပဲဖြစ်ဖြစ်၊ တဟွတ်ဟွတ်နဲ့ ချောင်းဆိုးလိုက်ရင်ပဲဖြစ်ဖြစ်၊ တဟားဟားနဲ့ ရယ်မောလိုက်ရင်ပဲဖြစ်ဖြစ်၊ စကား ကျယ်ကျယ်လောင်လောင်ပြောလိုက်ရင်ပဲ ဖြစ်ဖြစ်၊ အားရပါးရ သီချင်းအော်ဆိုလိုက်ရင်ပဲဖြစ်ဖြစ် သူ၊ သို့မဟုတ် သူမရဲ့ သလိပ်မှုန်၊ နှာရည်မှုန်တွေထဲကတစ်ဆင့် တီဘီရောဂါဖြစ်စေတဲ့ တီဘီပိုးဟာ သန်းနဲ့ချီပြီး လေထဲကို ပျံ့လွင့်သွားပြီး သင့်မျက်စိနဲ့မမြင်နိုင်တဲ့ တီဘီပိုးများဟာ လေထဲမှာ ခြောက်နာရီကြာလောက် လွင့်ပျံ့နေနိုင်ပါတယ်။

လူဆိုတာ စက္ကန့်တိုင်း၊ မိနစ်တိုင်းမှာ အသက်ရှူရှိုက်နေကြရတာ ဆိုတော့ တစ်မိနစ်ကို ၁၈ခါကနေ အခါ၂၀လောက် အသက်ရှူရှိုက်ကြပါတယ်။ တီဘီရောဂါပိုး ပျံ့လွင့်နေတဲ့လေကို ရှူရှိုက်မိတဲ့သူအတွက်ကတော့ အသက်ရှူလမ်းကြောင်းကနေတစ်ဆင့် ကူးစက်တတ်တဲ့ တီဘီပိုးဟာ အဲဒီလူရဲ့ ဝင်သက်ကနေ အဆုတ်ထဲကို တိုက်ရိုက်ရောက်သွားပြီပေါ့။ လူရဲ့ဘယ်ညာ အဆုတ်နှစ်ဖက်မှာရှိတဲ့ လေအိတ်လေးတွေထဲမှာ တီဘီပိုးဟာ ကျကျနန စခန်းချနေတော့တာပါပဲ။ လူ့ခန္ဓာကိုယ်ကလဲ သဘာဝအရ ရောဂါပိုးဝင်လာရင် တိုက်ဖျက်မယ့် ကိုယ်ခံအား ပဋိပစ္စည်းတွေရှိတယ်လေ။ ဒီပဋိပစ္စည်းတွေက အသက်ရှူလမ်းကြောင်းကနေတစ်ဆင့် အဆုတ်ထဲကိုရောက်လာတဲ့ တီဘီပိုးတွေကို နှိမ်နင်းဖို့ ကြိုးစားကြပါတယ်။ တီဘီပိုးပတ်ပတ်လည်မှာ ပဋိပစ္စည်းဖြစ်တဲ့ သွေးဖြူဥတွေက ခုခံကြ၊ ဝိုင်းထားကြပေမယ့် တီဘီပိုးကလဲအဆုတ်ထဲကို ရောက်လာကတည်းက အဆုတ်အသားအမျှင်တွေကို အားရပါးရ စားပစ်ကြတာဆိုတော့ တီဘီပိုးရှိနေတဲ့ နေရာဝန်းကျင်မှာ ဒိန်ခဲလေးလို ဖြစ်သွားပါတယ်။ (ဒါကို Caseation ခေါ်ပါတယ်) မှန်ဘီလူးနဲ့မှ ကြည့်လို့မြင်ရတဲ့ အစေ့ပုံ သဏ္ဍာန်လေး(Granulomas)ရဲ့ အတွင်းထဲမှာ ဒိန်ခဲလေးလိုအရာ (Caseation) ထဲမှာ တီဘီပိုးကလဲ ဘယ်မှ မထွက်နိုင်၊ မပျံ့နိုင်တော့ဘဲ ပိတ်မိနေပြီး ထုံးခဲလေးလိုမာမာလေးဖြစ်သွားပါတယ်။ ဒါဟာ ကိုယ်ခံအား ကောင်းသူတွေမှာ တီဘီရောဂါပိုးပါတဲ့ လေကိုရှူရှိုက်မိရင် တစ်နည်းအားဖြင့် တီဘီပိုးကူးစက်ခြင်း ခံရရင် တွေ့ကြုံရတတ်တဲ့ပုံစံပါ။ ဒီလိုအခြေအနေမှာတော့ ယခုလို တီဘီရောဂါ ကူးစက်ခြင်းခံရသူဟာ တခြားသူများကို ကူးစက်မှုမပေးနိုင်ပါဘူး။ ကမ္ဘာ့လူဦးရေရဲ့ သုံးပုံ၊ တစ်ပုံတစ်နည်းအားဖြင့် လူသန်းပေါင်း ၂၀၀၀ဟာ အခုလို တီဘီရောဂါပိုး ကူးစက်ခြင်း ခံထားရပါတယ်။

ကဲ...အကြောင်းကြောင်းကြောင့် သင့်ရဲ့ကိုယ်ခံအားလျော့နည်းသွားပြီဆိုပါစို့။ ဥပမာ–HIVပိုးကူးစက်ခံရရင်ပဲဖြစ်ဖြစ်၊ ဆီးချိုရောဂါရှိလို့ပဲဖြစ်ဖြစ် အာဟာရချို့တဲ့ရင်ပဲဖြစ်ဖြစ် ကိုယ်ခံအားလျော့နည်းသွားမယ်၊ခုခံအားကျသွားမယ် ဆိုရင်တော့ စောစောကပြောခဲ့တဲ့ဒိန်ခဲလေးလိုအရာဟာ ထုံးခဲလေးလို မာသွားရမယ့် အစား အရည်ပျော်ပြီး တီဘီပိုးတွေဟာ ဝမ်းသာအားရ ခုန်ပေါက်ထွက်လာပါ တော့တယ်။ ဒီအခါ ခန္ဓာကိုယ်ကလည်း သွေးဖြူဥတွေ ပို့ပြီးထွက်လာပြီး တုံ့ပြန်ခုခံဖို့ ကြိုးစားပေမယ့် အရာမထင်တော့ပါဘူး။ တီဘီပိုး တိုက်ခိုက်လို့/ စားပစ်လို့ရတဲ့ အဆုတ်ဒဏ်ရာဟာ ပိုပြီးကြီးလာရာကနေ တီဘီပိုးတွေရဲ့ အင်အားတွေကများပြီး ခုခံနိုင်တဲ့ သွေးဖြူဥအင်အားတွေက နည်းမယ်ဆိုရင်တော့ ထောင်ပေါင်းများ စွာသော တီဘီပိုးတွေဟာ အဆုတ်မှာ ပျံ့နှံ့နေရာယူလာပြီး သင်ကိုယ်တိုင်လဲ တီဘီရောဂါ ဝေဒနာရှင်ဖြစ်၊ သင်ကနေလဲ တခြားသူများကို တီဘီရောဂါပိုး ကူးစက်စေနိုင်တဲ့ အခြေအနေကို ရောက်တော့တာပါပဲ။

ဒီအခါမှာတော့ တီဘီပိုးတွေဟာ သင့်အသက်ကိုရန်ရှာလာပါပြီ။ တီဘီရောဂါပိုးကြောင့် ဖြစ်ပေါ်လာတဲ့ ဝေဒနာတွေစတင်ခံစားလာရပါပြီ။ သင့်အနေနဲ့ အသက်ရှူရ ခက်ခဲလာမယ်၊ အစားအသောက်ပျက်ပြီး မောပန်း လွယ်မယ်၊ ကိုယ်အလေးချိန် လျော့နည်းလာပြီး ပိန်ချုံးလာမယ်၊ အဖျားတာရှည်မယ်၊ ကျောရင်အောင့်လာမယ် (ရက်သတ္တပတ် သုံးပတ်နှင့်အထက်)ရက်ရှည် ချောင်းဆိုးလာပါမယ်။ ချောင်းဆိုးရင်လဲအစကတော့ သွေးမျှင်လေးလောက် ပါရာကနေပြီး

ဒေါက်တာခင်ဆွေဝင်း
(တီဘီရောဂါ အထူးကုဆေးရုံကြီး)

နောက်တော့ သလိပ်မှာ သွေးပါလာတတ်ပါတယ်။ တီဘီပိုးက အဆုတ်မှာရှိတဲ့ သွေးကြောအကြီးကြီးတွေ စားပစ်တဲ့ အခြေအနေဆိုရင်တော့ ချောင်းဆိုးရင်းနဲ့ သွေးတွေအများကြီးအန်ပြီး အသက်ဆုံးရှုံးသည်အထိ ဖြစ်ကြရပါတယ်။

တီဘီရောဂါဟာ အသက်အရွယ်မရွေး လူတိုင်းမှာ ဖြစ်နိုင်ပါတယ်။ အဆုတ်မှာသာမက ခန္ဓာကိုယ်အနှံ့အပြားမှာလဲပျံ့နှံ့ပြီး တီဘီရောဂါဖြစ်နိုင်ပါတယ်။ တီဘီရောဂါကို မကုသဘဲထားရင် ရောဂါဖြစ်သူ ၅၀ရာခိုင်နှုန်းဟာ ငါးနှစ်အတွင်း သေဆုံးကြရပြီး ကျန်တဲ့သူတွေကတော့ အားအင်ချည့်နဲ့ပြီး နာတာရှည် လူမမာဘဝကို ရောက်ကြရပါတယ်။

သို့သော် စာရှုသူမိတ်ဆွေ တီဘီရောဂါအကြောင်းကို ခုလိုသိရလို့ သိပ်လည်း ကြောက်လန့်မသွားပါနဲ့ဦး။ တီဘီရောဂါဟာ မကုသဘဲထားရင် သေဆုံးနိုင်၊ နာတာရှည် လူမမာဖြစ်စေနိုင်ပေမယ့် ကုသမှုပေးရင်တော့ ပျောက်ကင်းနိုင်ပါတယ်။ ရောဂါကူးစက်စေနိုင်တဲ့ တီဘီရောဂါလူနာများကို တီဘီရောဂါ ပျောက်ကင်းအောင် နီးစပ်တဲ့သူအပေါင်းက၊ ပြည်သူလူထုက ဝိုင်းဝန်းကူညီစောင့်ရှောက်ကြမယ်ဆိုရင်တော့ တီဘီလူနာများကလည်း တီဘီရောဂါပျောက်ကင်းပြီး သူတို့ရှူထုတ်လိုက်တဲ့ လေတွေကလည်း တီဘီရောဂါပိုး ကင်းစင်တဲ့ လေတွေ ဖြစ်မှာအမှန်ပါပဲ။

တီဘီရောဂါကို လုံးဝအမြစ်ပြတ် ပျောက်ကင်းစေနိုင်တာကတော့ DOTS နည်းဗျူဟာခေါ် တိုက်ရိုက်ကြည့်ရှု အချိန်တိုနှင့်ကု နည်းဗျူဟာပဲ ဖြစ်ပါတယ်။ တိုက်ရိုက်ကြည့်ရှု အချိန်တိုနှင့်ကု နည်းဗျူဟာကို တိတိကျကျ လိုက်နာပြီး ဆေးတာဝန်ယူ တိုက်ကျွေးမယ့် တစ်စုံတစ်ယောက်က ဆေးမြိုချသည် အထိ စောင့်တိုက်ပြီး လူနာကိုယ်တိုင်ကလဲ ဖွဲကောင်းကောင်းနဲ့ သတ်မှတ်တဲ့ ကာလ ခြောက်လ၊ သို့မဟုတ် ရှစ်လပြည့်သည်အထိ ဆေးကို သတ်မှတ်တဲ့ ဆေးအချိန်အဆအတိုင်း မှန်မှန်သောက်ရပါမယ်။ တီဘီပိုးတွေ တကယ် သေမသေ၊ တီဘီရောဂါပျောက် မပျောက် သိရအောင် သလိပ်ကိုလဲ တီဘီလူနာသစ်ဆိုရင် နှစ်လအကြာ၊ ငါးလအကြာ၊ ခြောက်လအကြာမှာ သလိပ်ပြန်စစ်ရပြီး ရောဂါပြန်ဖြစ် တီဘီလူနာဟောင်း ဆိုရင်တော့ သုံးလအကြာ၊ ငါးလအကြာနဲ့ ရှစ်လအကြာမှာ သလိပ်မှန်မှန်စစ်ရပါမယ်။ အဲဒီလို စစ်ဆေးလို့ သလိပ်မှာ တီဘီပိုးကင်းစင်ပါမှ တီဘီရောဂါ အမှန်တကယ် ပျောက်တယ်လို့ ဆိုနိုင်ပါတယ်။

ဒီနေရာမှာ တီဘီဆေးနဲ့ပတ်သက်ပြီး တီဘီလူနာတွေအတွက် ဝမ်းသာစရာကောင်းတဲ့အချက်တစ်ခု သတင်းပေးလိုပါတယ်။။ ဒါကတော့ အရင်ကတီဘီဆေးသောက်မယ်ဆိုရင် တီဘီဆေးတစ်မျိုးကိုအနည်းဆုံးသုံးလုံးနှုန်းနဲ့ ဆေးလေးမျိုးဆိုတော့ ၁၂လုံးခန့်သောက်ရပါတယ်။ တီဘီလူနာအနေနဲ့ သူ့ခများတီဘီရောဂါ ပျောက်ချင်ရှာလွန်းလို့ ဆေးသောက်ရပေမယ့် သောက်ရတဲ့တီဘီဆေးအရေအတွက်ကများလွန်းတော့ ဆေးသောက်ရတာပင်ပန်းရှာပါတယ်။ ဆေးကြောက်တတ်တဲ့သူဆိုရင် ပိုပြီးဆိုးတာပေါ့။ ဒါကြောင့် ဖြစ်ချင်ရာဖြစ် ဆေးလုံးအရေအတွက် လျှော့သောက်လိုက်မယ်ဆိုတာတို့၊ တစ်ရက်တလေ ဆေးမသောက်တာကိစ္စမရှိတန်လောက်ပါဘူးဆိုတဲ့ စိတ်ရိုင်းကလေးတွေဝင်လာပြီး ဆေးသောက်ပျက်ကွက်တတ်ကြပါတယ်။ ဒီအခါ ဆေးယဉ်ပါးပြီး တီဘီဆေးမတိုးတဲ့ အခြေအနေရောက်သွားပြီး ငွေသိန်းနဲ့ချီအကုန်အကျခံပြီး တစ်နှစ် နှစ်နှစ်ကုတာတောင် မပျောက်နိုင်တဲ့ နာတာရှည် တီဘီလူနာဖြစ်ကြရပါတယ်။ ဒါကြောင့်လဲ **DOTS** လို့ ခေါ်တဲ့ တိုက်ရိုက်ကြည့်ရှု အချိန်တိုကုနည်းနဲ့ တစ်စုံတစ်ယောက်က တာဝန်ယူပြီး မျက်စိရှေ့မှောက်မှာ ဆေးတိုက်ကျွေးကြရတာပါ။

ဒါပေမယ့် ၂၀၀၄ခုနှစ်ကစပြီး တီဘီဆေးတိုက်ကျွေးတဲ့အခါ အရင်ကလို တီဘီဆေး ၁၂လုံးသောက်ရမယ့်အစား ဆေးတစ်လုံးစီမှာ ဒီတီဘီဆေးလေးမျိုးကို အချိုးညီညီစနစ်တကျ ရောစပ်ထားတဲ့ အရွယ်တူ အရောင်တူ အင်အားတူတဲ့ FDCS တီဘီဆေးသုံးလုံးလောက်ကိုပဲ သောက်ကြရတော့မှာမို့ တီဘီလူနာများ မုချမသွေ ရောဂါပျောက်ကင်းစေမယ့် အချက်ပါပဲ။

ဒီနှစ် မတ်လ ၂၄ ရက်နေ့မှာ ကျရောက်ခဲ့တဲ့ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ဆောင်ပုဒ်ကတော့ “တီဘီရောဂါပပျောက်ရေး အသက်ရှူတိုင်းသတိပေး” (Every Breath Counts, Stop TB Now!) တဲ့။

ကဲ–စာရှုသူရေ၊ တီဘီရောဂါပိုးရှိတဲ့ တီဘီလူနာရဲ့ သလိပ်မှုန်၊ နှာရည်မှုန်တွေထဲမှာ တီဘီရောဂါပိုးတွေနဲ့ ပြည့်နှက်နေပြီး ပတ်ဝန်းကျင်လေထုထဲမှာပျံ့နှံ့နေနိုင်တယ်ဆိုတာရယ်၊ တီဘီရောဂါမဖြစ်သေးသူတွေက တီဘီပိုးပျံ့နှံ့နေတဲ့ လေထုကို ရှူရှိုက်မိရင် ဝင်သက်တိုင်းမှာ တီဘီပိုးတွေဟာအသက်ရှူလမ်းကြောင်းကနေတစ်ဆင့် အဆုတ်ထဲကိုရောက်ပြီး တီဘီရောဂါ ကူးစက်ခံရနိုင်တယ်ဆိုတာရယ်–

- ဒါကြောင့် ရက်သတ္တပတ်သုံးပတ်ကျော်၍ ချောင်းဆိုးရင် နီးစပ်ရာ ကျန်းမာရေးဌာနမှာ တီဘီရောဂါရှိ မရှိ စစ်ဆေးဖို့လိုအပ်တယ်ဆိုတာရယ်၊
- တီဘီရောဂါဖြစ်လာရင်လဲ တိုက်ရိုက်ကြည့်ရှု အချိန်တိုနှင့်ကုနည်းဖြင့် စနစ်တကျကုသလျှင် တီဘီရောဂါပျောက်ကင်းနိုင်ပါတယ်ဆိုတာရယ်၊
- ကျန်းမာရေးဝန်ကြီးဌာနက တီဘီလူနာများကို အစွမ်းထက်မြက်သော တီဘီဆေးဝါးများဖြင့် **အခမဲ့** ကုသပေးနေပါတယ်ဆိုတာရယ်

တွေကို ကိုယ်တိုင်လဲ အသက်ရှူတိုင်း မမေ့မလျော့သတိရှိပြီး မိမိနဲ့နီးစပ်တဲ့ ဆွေမျိုးသားချင်း မိတ်သင်္ဂဟများကိုလဲ အသက်ရှူတိုင်း သတိရှိကြဖို့ တစ်ဆင့်စကား သတိပေး ပြောကြားပေးကြမယ်ဆိုရင်တော့ မြန်မာနိုင်ငံမှာ တီဘီရောဂါ မလွဲမသွေပပျောက်မှာ အမှန်ဧကန်ပါပဲရှင်။

ဪ– စာရှုသူမိတ်ဆွေရေ၊ တီဘီရောဂါကို ကြိုတင်ကာကွယ်ချင်တယ်ဆိုရင်တော့ **“ကုသမှုခံယူခြင်းသည် အခြားသူများသို့ ကူးစက်စေခြင်းမှ အကောင်းဆုံးကာကွယ်ခြင်းဖြစ်သည်”** ဆိုတဲ့အချက်ကို သတိရှိပြီး ရင်သွေးငယ်များကို တီဘီရောဂါ ကာကွယ်ဆေး(ဘီစီဂျီ) မပျက်မကွက်ထိုးပေးဖို့ရယ်၊ အာဟာရပြည့်ဝတဲ့ သန့်ရှင်းလတ်ဆတ်တဲ့ အစားအစာများကို စားသုံးဖို့ရယ်၊ သင့်တင့်လျောက်ပတ်တဲ့ ကိုယ်လက်လှုပ်ရှားမှုတွေ ပြုလုပ်ဖို့ရယ်၊ ချောင်းဆိုးနှာချေလျှင် ဘာကြောင့်ပဲဖြစ်ဖြစ် လက်ကိုင်ပဝါကို အမြဲအသုံးပြုဖို့ရယ်၊ သလိပ်နဲ့ တံတွေးကို စည်းကမ်းမဲ့ထွေးခြင်းက ရှောင်ကြဉ်ဖို့ရယ်၊ ဆေးလိပ်သောက်ခြင်းမှ ရှောင်ကြဉ်ဖို့ လိုအပ်တယ်ဆိုတာရယ်ဆိုတဲ့ အချက်တွေကို သေသေချာချာ လိုက်နာမယ်ဆိုရင်တော့ **တီဘီရောဂါကို ကြိုတင်ကာကွယ်လို့ ရပါတယ်** ဆိုတဲ့ သတင်းလေးကိုလဲ သတိပေးပြောပြဖို့ မမေ့နဲ့ဦးနော်။

“အားလုံးသတ္တဝါတွေ အသက်ရှူတိုင်း တီဘီရောဂါဘေးမှ ကင်းဝေးကြပါစေ”။ ။

မတ် ၂၄ရက်က သဃ်္ဃန်းကျွန်း မြို့နယ် အမှတ် (၉) အခြေခံ ပညာမူလတန်းကျောင်း ၂၀၀၂–၂၀၀၃ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲတွင် တတိယတန်းမှ ပထမဆုရ မောင်မျိုး ဗလ သန်းဆွေအား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဌေးက ပညာရည်ချွန်ဆု ချီးမြှင့်စဉ်။
(က–ပ)

ပဋ္ဌာန်းသမုဟ္ဒ်ဒ် တရားတော်များ ဟောပြောပြသမည်

ရန်ကုန် မတ် ၃၀

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ကုလားတန်း သုံးအိမ်အုပ်စု ကုလားတန်းကျေးရွာ ဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တ ဓမ္မိက ကျေးရွာအုပ်စု သံဃနာယကဥက္ကဋ္ဌ ဆရာတော် ကျောင်းတွင် ၁၃၆၆ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၅ ရက်မှ နှောင်းတန်ခူးလပြည့်ကျော် ၄ ရက်အထိ (ဧပြီ ၄ ရက်မှ ဧပြီ ၈ ရက်အထိ) ငါးရက်တိုင်တိုင် တရားစခန်းပွဲကျင်းပမည် ဖြစ်သည်။ ကျေးဇူးတော်ရှင် မိုးကုတ် ဆရာတော်ဘုရားကြီးနှင့် ကွင်းကျောင်း စာသင်တိုက် ပဓာနနာယက မြို့နယ် ဥက္ကဋ္ဌ တိုက်ပိုင်ဆရာတော် ဦးပညာသီရိ၏ တပည့် ရန်ကုန်မြို့ မိုးကုတ် အဖွဲ့ချုပ်ကြီး၏ နယ်လှည့်ကမ္မဋ္ဌာနာ စရိယ ဓမ္မကထိက ကွင်းကျောင်းစာသင်တိုက်နာယက စာချဖြစ်သော မွေးမေမေတ္တာ ဦးကောသလ္လနှင့် သလ္လာမြေ ဦးပဏ္ဏဝတို့က သစ္စာလေးပါး ပဋ္ဌစ္စသမုပ္ပာဒ် တရားတော်များ ဟောပြောပြသမည်ဟု သိရသည်။ **(က–ပ)**

မတ် ၁၃ ရက်က အမှတ်(၃)အခြေခံပညာဦးစီးဌာန မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း မူလတန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ် ချီးမြှင့်ခြင်း အခမ်းအနားတွင် ကျောင်းအုပ် ဆရာမကြီးဒေါ်ဌေးဌေးဝင်းက မူလတန်းဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ် ချီးမြှင့်စဉ်။ (က–ပ)

မော်လမြိုင် မဟာမြတ်မုနိဘုရား နှစ်တစ်ရာပြည့် ဗုဒ္ဓပူဇနိယပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပရေး ညှိနှိုင်းစည်းဝေး

မော်လမြိုင် မတ် ၂၅

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ကျက်သရေဆောင်ဖြစ်တော်မူသည့် မဟာမြတ်မုနိဘုရား (ယာပုံ) နှစ် (၁၀၀)ပြည့်အထိမ်းအမှတ် ဗုဒ္ဓပူဇနိယပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပရေး စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးကို မတ် ၂၁ ရက်က မော်လမြိုင်မြို့ မဟာမြတ်မုနိဘုရား နှစ်(၁၀၀)ပြည့် ကျင်းပရေးကော်မတီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးသာဇင်က အဖွင့် အမှာစကားပြောကြားပြီး ကျင်းပရေးကော်မတီအတွင်းရေးမှူး ဦးတင်အောင်က ကြိုတင်ဆောင်ရွက်ထားရှိသည့် လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်း တင်ပြသည်။

အသေးစိတ်ရှင်းလင်း

ဆက်လက်၍ အခမ်းအနားကျင်းပရေး လုပ်ငန်းဆပ်ကော်မတီ ၁၅ ခုမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့က ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်း တင်ပြဆွေးနွေးကြသည်။

မဟာမြတ်မုနိဘုရား နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် ဘုရားပရဝဏ်အတွင်း အသံမစဲ ရွတ်ဖတ်ပူဇော်ပွဲ၊ ဘုရား၏ ပခုံးဒေါက်တွင် ရွှေစင်ရွှေသား ၇၄ ကျပ်သား ဆက်ကပ် လှူဒါန်းပူဇော်ပွဲ ကျင်းပခြင်း၊ သိန်း ၇၀၀ကျော် တန်ဖိုးရှိ ဓမ္မသာလာဆောင် ရေစက်ချ လှူဒါန်းခြင်းနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပခြင်းတို့ကို ဧပြီ ၂၃ ရက်မှ မေ ၂ ရက်ထိ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

နှစ်(၁၀၀)ပြည့် အခမ်းအနားနှင့် ရွှေစင်ရွှေသားများ ဆက်ကပ် လှူဒါန်းလိုသူများ မဟာမြတ်မုနိဘုရား ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးသာဇင် ဖုန်း ၀၅၇-၂၁၄၄၄၊ ကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးတင်အောင်ဖုန်း ၀၅၇-၂၄၄၄၆နှင့် ငွေထိန်း ဦးစွန်စိမ်း ဖုန်း- ၀၅၇- ၂၄၃၆၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၁၆၈)



အမြို့မြို့ အနယ်နယ် သတင်းများ

မတ် ၁၉ရက်က ဇန်းမော်မြို့နယ် စည်ပင်သာ ယာရေးအဖွဲ့မှ အမှုဆောင် အရာရှိ ဦးကျော်သူနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးတို့ ဗိုလ်ချုပ်လမ်းရှိ လမ်းလယ်ကျွန်း ပန်းခုံများတွင် ဝန်ထမ်းများနှင့်အတူ တပင်တိုင်အပင်များ စိုက်ပျိုးနေခြင်းကို ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ဆက်ကပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရသည့် မကွေးတိုင်း သရက်ခရိုင် ဆင်ပေါင်ဝဲမြို့ ကျောက်မော်ကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ဓမ္မပိယ (မြို့နယ် သံဃနာယက ဥက္ကဋ္ဌ) အား ဂုဏ်ပြုပူဇော်ပွဲကို မတ် ၁၄ ရက်က ကျင်းပရာ မြို့နယ် သံဃနာယကထံ အလှူရှင်များ ကိုယ်စား မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဦးက ဆက်ကပ် လှူဒါန်းစဉ်။

(၃၈၅)

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ရွာသစ်ရပ်ကွက် စစ်ရဲလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၁၉ ရက်က ကျင်းပရာမြို့နယ်ဥက္ကဋ္ဌ ဦးပုနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ဇော်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

ရွှေဘိုမြို့နယ်သီးလုံးကျေးရွာ ကျောက်ချောလမ်းဖွင့်

ရွှေဘို မတ် ၂၆

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၃-၂၀၀၄ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအနက် သီးလုံးလမ်း (ကျေးလက်ကျောက်ချောလမ်း) ဖွင့်ပွဲကို ရွှေဘိုမြို့နယ် သီးလုံး ကျေးရွာတွင် မတ် ၂၃ရက်က ကျင်းပသည်။ ရွှေဘိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသိန်းက ကျေးလက်လမ်းတံတားများအကြောင်းရှင်းလင်းတင်ပြပြီး ခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်နှင့် သီးလုံးကျေးရွာ ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်၍ ကျောက်ချောလမ်းကို ကြည့်ရှုစစ်ဆေးကြသည်။ **(မြို့နယ်စည်ပင်)**

ရေနံချောင်း ရုံးကုန်း-ဆည်- အလယ်ကန်ကျေးလက်လမ်းဖွင့်

ရေနံချောင်း မတ် ၂၇

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၃-၂၀၀၄ဘဏ္ဍာရေးနှစ် ရုံးကုန်း-ဆည် - အလယ်ကန် ကျေးလက်မြေသားလမ်းဖွင့်ပွဲကို မတ် ၂၅ရက် နံနက် ၈နာရီက ရုံးကုန်းကျေးရွာ ကျေးလက် မြေသားလမ်းမုခ်ဦးတွင် ကျင်းပသည်။ **(အောက်ပုံ)**

ဖဲကြိုးဖြတ်ဖွင့်

အဆိုပါ အခမ်းအနားကို မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးအင်းကြူ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အဆိုပါ မြေသားလမ်းအား မြို့နယ်ဥက္ကဋ္ဌ ဦးအင်းကြူနှင့် မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးသန်းဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(မြို့နယ်စည်ပင်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု ရွှေတောင်မြို့နယ် ဆင်သေကျေးရွာ ဘဲလှရေတံခါးဖွင့်

ရွှေတောင် မတ် ၂၈

(၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်ခရိုင် ရွှေတောင်မြို့နယ် ဆင်သေကျေးရွာ ဘဲလှရေတံခါးဖွင့်ပွဲ အခမ်းအနားကို မတ်၂၆ ရက် နံနက်၁၀ နာရီက ကျင်းပရာ ပဲခူးတိုင်း (အနောက်ပိုင်း)တိုင်းခွဲ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) တွဲဖက်တိုင်းအုပ်ချုပ်ရေးမှူး ဦးဖေသန့်နှင့် ပြည်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ထွန်းအေးတို့က အသီးသီးအမှာစကားပြောကြားကြသည်။

ထို့နောက် ရွှေတောင်မြို့နယ်ဥက္ကဋ္ဌ ဦးလှဝင်းတင်က ဘဲလှ ရေတံခါးနှင့်ပတ်သက်သည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ကျေးရွာအုပ်စုငါးအုပ်စု ကိုယ်စား ညောင်စာရေး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးမြင့်စိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

ထို့နောက်ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းခွဲ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁)တွဲဖက်တိုင်းအုပ်ချုပ်ရေးမှူး ဦးဖေသန့်နှင့် ခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးထွန်းအေးတို့က ရွှေတောင်မြို့နယ် ဆင်သေကျေးရွာ ဘဲလှရေတံခါးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ) (၁၁၆)**

စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်

စလင်း မတ် ၁၇

မကွေးတိုင်း စလင်းမြို့နယ် မြေနုကျေးရွာ အလင်းသစ် စာကြည့်တိုက် နှစ်ပတ်လည်နေ့နှင့် ဇာတိမာန်စာစီစာကုံးပြိုင်ပွဲဆုပေးပွဲကို စာကြည့်တိုက်တွင် မတ် ၁၁ ရက်က ကျင်းပရာ စာကြည့်တိုက် နာယကဆရာတော် အရှင်သာမိနက ဩဝါဒမိန့်ကြား၍ ဦးဝင်းက စာကြည့်တိုက်ဖွံ့ဖြိုးရေးကိစ္စများ ဆွေးနွေးပြီး ရပ်ကွက်ဥက္ကဋ္ဌ ဦးဝင်းတင်နှင့် စာကြည့် တိုက်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းကိုတို့ကရှေ့လုပ်ငန်းစဉ်များဆွေးနွေးပြီး စာစီစာကုံးစာမူ ဆုရရှိသူများအား ဆုများ ချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံ

၁-၄-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ခန္ဓသုတ်တရားတော်

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (အာလူးမှ အာဟာရမှုန့် ထုတ်လုပ်ခြင်း)

၁၁း၃၅ စာအုပ်စာပေလှူ့မိတ်ဆွေ (၁)မာနုသာဂရီ အဟော ပဒေသာကျမ်း(ပထမတွဲ) (ဆရာဦးအောင်ခိုင် ပြန်ဆိုသည်)
(၂) သေသွားသည့်တိုင် (ဦးကျော်ဇေယျ)

၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (အစားအသောက်သတင်း) (မောင်ဆုရှင်)

၁၂း၃၀ ခံတွင်းမြိန်စရာသူ့လက်ရာ (ငါးအာလူးကတ်တလိတ်ကြော်၊ ကြက်သား၊ အာလူး၊ ကတ်တလိတ်နှင့်သက်သတ်လွတ်အာလူး ကတ်တလိတ်ကြော်)

ညနေပိုင်း

၁၆း၂၅ ထီပေါက်စဉ်

၁၆း၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၇း၀၀ တပ်မတော်စာတိုက်

၁၇း၁၅ ဇာတ်လမ်းပမာ(အဖေ)

ကျောက်ချောလမ်းသစ်ဖွင့်

မူဆယ် မတ် ၁၇

မူဆယ်ခရိုင်မုံးကိုးမြို့ မြို့မရပ်ကွက် (၂) ဘုရားကုန်းလမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို (၅၇) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၇ရက်က ကျင်းပရာ မုံးကိုးမြို့နယ်ဥက္ကဋ္ဌ ဗိုလ်မှူးရဲလင်းဦးနှင့် မြို့နယ် စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးရဲလွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကျောက်ချောလမ်းသည် အရှည်ပေ၂၉၄၀ဖြစ်ပြီးအကျယ်၁၂ပေ ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)



အမည်ပြောင်း

အဖ ဦးရွှေမြ၏သမီး မရွှေမိ နိုင်ငံသား စိစစ်ရေးကတ် ၁၂/တမန (နိုင်)၀၃၅၅၄၂ အား မယင်းမာခိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မယင်းမာခိုင်။

အမည်ပြောင်း

ဦးမျိုးမင်းဦး၏ သမီးဖြစ်သူ မခင်ခင်ဦး အမက(၈)စမ်းချောင်း စတုတ္ထတန်းအား မသက်ထားဆု ဟု အမည်ပြောင်းလဲခေါ်ပါရန်။

ကိုကျော်ကျော်အောင် ၉/မထလ(နိုင်) ၀၆၈၃၂၃ နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် တိုးချဲ့(၂) VIB ရပ်ကွက်၊ အနော်ရထာလမ်းသွယ်(၃)လမ်း၊ အမှတ်၃၅၉နေ လုပ်ငန်းရှင် ဒေါ်သောင်းခင် ၁/မဗန(နိုင်) ၀၄၀၁၇၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ရဲစခန်း၀င်းဟောင်းအနီး မြကန်သာလမ်း အိမ်အမှတ် ၄၁၇နေ (အဖ) ဦးအောင်ငွေ(ကွယ်လွန်)နှင့် (အမိ)ဒေါ်ခင်ရီတို့၏သား ကိုကျော်ကျော်အောင် ၉/မထလ(နိုင်)၀၆၈၃၂၃ သည် ကျွန်ုပ်အမှုသည်နှင့် လူမှုရေးကိစ္စ၊ငွေကြေးကိစ္စ၊လုပ်ငန်းကိစ္စများ ဆောင်ရွက်ထားကြရာ ဖြေရှင်းခြင်းမရှိဘဲ ရှောင်တိမ်းနေကြောင်း သိရှိရပါသည်။

ဤကြေညာသည့်နေ့မှ ခုနစ်ရက်မြောက်သောနေ့ကို နောက်ဆုံးထား၍ ကိုကျော်ကျော်အောင် ကိုယ်တိုင် ကျွန်ုပ်အမှုသည်နှင့် လာရောက်တွေ့ဆုံ ဖြေရှင်းပါရန်နှင့် ပျက်ကွက်ပါက ဥပဒေအရအရေးယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
ဒေါ်ငွေငွေရီ [တရားရုံးချုပ်ရှေ့နေ(စဉ်-၆၅၃၅)]
အမှတ်-၇/အေ၊၃၄လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၅၆၅၉၃၇

ကျေးဇူးဆပ်ပါမည် ကျွန်တော် မောင်မြအေး C.D.C 49559 ၏ 4-Ticket လက်မှတ် ပျောက်ဆုံးသွားပါ၍ တွေ့ရှိကအကြောင်းကြားပါ။
မောင်မြအေး ၂၅(က)စလင်းလမ်း၊ ကြည့်မြင်တိုင်မြို့နယ်။ ဖုန်း-၅၂၄၃၉၀



(၃၅)နှစ်မြောက် မင်္ဂလာရက်မြတ်ဆုမွန်လွှာ

ချစ်ဖေဖေ ဦးမြင့်သိန်း(ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း) ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနနှင့် ချစ်မေမေ ဒေါ်သီသီနွယ်တို့၏ ၃၁-၃-၂၀၀၄ ရက်တွင် ကျရောက်လာသော (၃၅)နှစ်မြောက် ရက်မြတ်မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစွာ လျှောက်လှမ်းနိုင်ကြပါစေ။

သားကြီး – ရဲရင့်သိန်း Manager, Hanoi Club
ခေတ္တ–Vietnam
သားငယ် – ရဲမွန်သိန်း Second Mate (FG)
2/0 East Wind Ship Management Pte., Ltd.

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏အစီအစဉ်

MIN KYAW MIN'S
SPOKEN ENGLISH CLASS

သင်တန်းသစ်ကို ၉-၄-၂၀၀၄ ရက်တွင် စမည်။
သုံးလသင်တန်း တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ 9:00˚am to 1 1:30
လူဦးရေအကန့်အသတ်ဖြင့်သာလက်ခံမည်။
Multi-media Style Lab,audio-visual aidနှင့်ခေတ်မီအထောက်အကူများသုံးမည်။
၁၀ တန်းအောင်ပြီးသူ၊ ဘွဲ့ရ၊ ဘွဲ့လွန်များအတွက် အကျိုးဝင်၊ အသုံးဝင်မည်။
THE NEW LIGHT OF MYANMAR˚သတင်းစာတိုက်
ကမ်းနားလမ်းနှင့် ၄၃ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
စုံစမ်းရန် ဖုန်း-၂၉၆၁၆၁။

တောင်ပြုံးတွဲဖက်အလက ပန္နက်တင်တိုင်ထူ

တံတားဦး မတ် ၂၃

တံတားဦးမြို့နယ် တောင်ပြုံးကျေးရွာ တွဲဖက်အလယ်တန်းကျောင်းဆောင်သစ် ဆောက်လုပ်ရန် ပန္နက်တင်တိုင်ထူပွဲ အခမ်းအနားကို မတ် ၂၃ရက်က အဆိုပါကျောင်း၌ ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဦးမောင်မောင်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာဝင်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးတုတ်ပေါ်တို့က မင်္ဂလာ အချိန်တွင် ပန္နက်တိုင်အသီးသီးကို စိုက်ထူပေးကြသည်။ ထိုနောက်မြို့နယ် အတွင်းရေးမှူးက ကျေးရွာလူထုနှင့် တွေ့ဆုံကာ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် ငါးရပ်ကို ရှင်းလင်းပြောကြားသည်။ **(မြို့နယ်ပြန်/ဆက်)**

ကျောင်းကုန်းမြို့ ဘုရင့်နောင်ကတ္တရာလမ်းသစ်ဖွင့်

ကျောင်းကုန်း မတ် ၂၈

(၅၉)နှစ်မြောက် တပ်မတော်နေ့ ကိုဂုဏ်ပြုသောအားဖြင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှဆောင်ရွက်သော ဘုရင့်နောင်ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၆ ရက်နံနက် ၈ နာရီက ရောဝတီတိုင်း ကျောင်းကုန်းမြို့နယ် အမှတ် (၂) ရပ်ကွက်၊ ဘုရင့်နောင်လမ်းမ မုခ်ဦးတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးကြည်စန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဦးက ကတ္တရာလမ်းဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဘုရင့်နောင်ကတ္တရာလမ်းသစ်ကြီးအား မြို့နယ်ဥက္ကဋ္ဌ ဦးကြည်စန်းနှင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)** အဆိုပါလမ်းမှာ အရှည်ပေ ၃၅၀ နှင့် အကျယ် ၁၂ ပေဖြစ်ပြီး မြို့နယ်စည်ပင် သာယာရေးအဖွဲ့မှ ငွေကျပ် ၄၂၁၁၀၀ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့သောလမ်း ဖြစ်သည်။ **(၂၆၅)**

မတ် ၂၃ရက်က မင်းဘူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင် အရာရှိဦးမြင့်အောင်နှင့် တာဝန်ခံ အင်ဂျင်နီယာဦးတင်ဦးတို့က ဆောင်ရွက်သည့် မြို့ရေပေးရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နေခြင်း လုပ်ငန်းမှ ရေတွင်းဆယ်ခြင်း၊ ရှစ်လက်မပိုက်လိုင်းနှင့်လေးလက်မပိုက်လိုင်းများအစားထိုးပြင်ဆင်ခြင်းလုပ်ငန်းများကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့်အဖွဲ့ စစ်ဆေးကြစဉ်။
(မြို့နယ်စည်ပင်)

မတ် ၁၂ ရက်က ဘီးလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မင်္ဂလာဈေးတွင် မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်မှုကို အမှုဆောင်အရာရှိ ဦးရန်မျိုးအောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူးနှင့် အဖွဲ့ဝင်များ၊ ဈေးမိဈေးဖများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းလေ့ကျင့်ကြစဉ်။ (မြို့နယ်စည်ပင်)

ကျောက်တန်းမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ကျောက်တန်း မတ် ၂၉

ကျောက်တန်းမြို့နယ်အသင်း၏ (၁၈)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲကို တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက်၊ လက်ဝဲ မင်းဒင်လမ်းရှိ အသင်းဓမ္မာရုံ၌ ဧပြီ ၂၄ရက် နံနက် ၉နာရီတွင် ကျင်းပမည် ဖြစ်သည်။

(၇၅)နှစ်ပြည့်ပြီးသူအသင်းဝင်များ၊ ၂၀၀၂-၂၀၀၃ ခုနှစ် အခြေခံပညာ အထက်တန်းစာမေးပွဲတွင် ဂုဏ်ထူးရအသင်းဝင်သားသမီးများ၊ ကျောက်တန်းမြို့နယ် ကျောင်းပေါင်းစုံမှ အခြေခံပညာ အထက်တန်းစာမေးပွဲ လေးဘာသာနှင့်အထက် ဂုဏ်ထူးရ ကျောင်းသားများ၊ နိုင်ငံတကာနှင့် နိုင်ငံတော်မှ ဆုချီးမြှင့်ခံရသူများ ဧပြီ ၁၈ ရက် နောက်ဆုံးထား၍ ဦးစိန်ထွန်းအောင် (နာယက) ဖုန်း-၅၄၅၇၀၃၊ ၅၇၀၈၅၉၊ ဒေါက်တာဦးစိုးတင် (ဥက္ကဋ္ဌ) ဖုန်း-၆၀၀၁၅၄၊ ဦးစိုးမြင့် (အတွင်းရေးမှူး) ဖုန်း-၂၉၈၃၄၉၊ ဦးစိုးဝင်း (ကျောက်တန်းမြို့) ဖုန်း ၀၅၆-၂၅၁၂၅ တို့သို့ အထောက်အထား အပြည့်အစုံဖြင့် စာရင်းပေးပို့ ဆက်သွယ်ကြရန်နှင့် (၁၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးသို့ ကျောက်တန်း မြို့နယ်သူ မြို့နယ်သားများအားလုံး တက်ရောက်ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

နှစ်သစ်သင်္ကြန် ပျော်မြူးဖို့

သင်္ကြန်ရေကစားမဏ္ဍပ် အမျိုးမျိုး၊
ကုမ္ပဏီများ၏ကြော်ငြာ ရေကစားမဏ္ဍပ်များ၊
တီးဝိုင်းနှင့် ရေကစားမဏ္ဍပ်များကို တာဝန်ယူ
ဆောက်လုပ်ပေးပါသည်။
ကြော်ငြာပံ့ပိုးကူညီမည့် ကုမ္ပဏီများလည်း ဆက်သွယ်နိုင်ပါသည်။

"အမြန်ဆက်သွယ်ပါ"
SIGN MEDIA
ဖုန်း–၂၉၃၅၉၁

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်
ဖုန်း–၂၄၅၆၂၀၊ ၂၄၅၆၄၂



ကားရောင်းမည်

၄ခ/လေအိတ်အဲယားကွန်း
Nissan/ RE. 8/BUS
639466 Ext 365
639485 ဦးစိုးဝင်း

မိသားစုစီမံမှုဖြင့် အမွေခွဲဝေပေးခြင်း စာချုပ်အား ပယ်ဖျက်ခြင်းနှင့် ပတ်သက်၍ ပြန်ရှင်းခြင်း

၁၅–၃–၂၀၀၅ ရက်စွဲပါ မြန်မာ့အလင်း သတင်းစာတွင် အထက်ပါခေါင်းစဉ်ဖြင့် ကြော်ငြာခြင်းမှာ မမှန်ပါ။ ၆–၂–၁၉၉၉ ရက်စွဲပါ မိသားစုစီမံမှုဖြင့် အမွေခွဲဝေခြင်းစာချုပ်ကို ကျွန်မတို့ သုံးဦးက မဟုတ်မမှန် တစ်ဖက်သတ်စီစဉ်ဆောင်ရွက်ထားခြင်း ဖြစ်သည်ဆိုခြင်းမှာ မမှန်ပါ။

ယင်းစာချုပ်ကို ဖခင် ဦးခင်လှ ကိုယ်တိုင် ကျွန်မတို့မသိဘဲ ရှေ့နေတစ်ဦးထံသွား၍ ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ နောက်မှ ကျွန်မတို့အားပေးထားခြင်းဖြစ်ပါသည်။ ၎င်းစာချုပ်ပြုလုပ်ပြီးကြောင်းကို ရပ်ကွက်လူကြီးနှင့် ရှေ့နေတစ်ဦးထံတွင် ဖခင်ကိုယ်တိုင် ဝန်ခံပြောကြားခဲ့ခြင်းရှိပါသည်။

ဒေါ်အေးအေးသန်း ၁၂/မဂတ(နိုင်)၀၄၄၃၆၃
ဒေါ်မြမြသန်း ၁၂/သဃက(နိုင်)၀၀၉၈၇၆
ဦးအေးလွင် ၁၂/သဃက(နိုင်)၀၀၇၆၇၅
အမှတ်(၇၈) တောင်ထိပ်ပန်းလမ်း၊ ၂၉ ရပ်ကွက်၊ လုံးချင်းအိမ်ရာ၊ သုဝဏ္ဏမြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

အမည်ဖြည့်စွက်ခြင်း

အဖ ဦးအောင်ပွင့်၏ သမီး ဒေါ်ငွေး၂/ဥကတ(နိုင်)၀၈၅၅၁၃ အရ ဒေါ်ငွေး(ခ)ဒေါ်မြမြငွေး ဟု ဖြည့်စွက်ခေါ်ပါရန်
ဒေါ်ငွေး(ခ)ဒေါ်မြမြငွေး။

ကျေးဇူးတင်ရှိခြင်း

၂၀–၃–၂၀၀၅ရက်နေ့တွင် သင်္ဂြိုဟ်ပြီးစီးခဲ့သော ဦးခင်မောင်ဦး (တိုင်းချစ်စတိုး)ပျဉ်းမနား၏ ဈာပနသို့ လိုက်ပါပို့ဆောင်ကြသော ရပ်ဝေးရပ်နီးဆွေမျိုး မိတ်သင်္ဂဟများအား ကျေးဇူးတင်ရှိပါကြောင်း။
ကျန်ရစ်သူမိသားစု ။

မခိုင်မာသန့်ဇင်
(ခေတ္တ-ဩစတြေးလျ)
အသက်(၁၉)နှစ်

ရန်ကုန်မြို့နေ (ဦးချစ်)-ဒေါ်နုတို့၏မြစ်၊ (ဦးခင်မောင်ဝင်း)-ဒေါ်မမစိန်၊ (ဦးခင်စိုး)-ဒေါ်စန်းကြည်တို့၏မြေး၊ ဩစတြေးလျနိုင်ငံ၊ဆစ်ဒနီမြို့နေ ဒေါက်တာသန့်ဇင်-ဒေါ်ခင်မျိုးတင့်တို့၏သမီး၊ မောင်ကျော်ကိုကိုဇင်၏ညီမ မခိုင်မာသန့်ဇင်သည် ၃၀-၃-၂၀၀၄ရက်တွင် ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

မခိုင်မာသန့်ဇင်
(ခေတ္တ-ဩစတြေးလျ)
အသက်(၁၉)နှစ်

ရန်ကုန်မြို့၊ ရွှေဘုံသာလမ်း၊ အမှတ် ၁၉၁ နေ (ဦးခင်စိုး)-ဒေါ်စန်းကြည်တို့၏မြေး၊ ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့နေ ဒေါက်တာသန့်ဇင်-ဒေါ်ခင်မျိုးတင့်တို့၏သမီး၊ မောင်ကျော်ကိုကိုဇင်၏ညီမ၊ ဦးမြင့်ဆွေ-ဒေါ်နွဲ့နွဲ့ရီ၊ ဦးတင်ထွဋ်၊ ဒေါက်တာခင်နုနု၊ ဦးလှဆန်း-ဒေါ်စမ်းစမ်းအေး၊ ဦးမျိုးနိုင်-ဒေါ်လှလှ၊ ဦးအောင်ဝင်း-ဒေါ်မေသန္တာတင်၊ ဒေါ်ခင်မျိုးမြင့်၊ ဦးခင်မောင်စိုး-ဒေါ်မီမီကျော်တို့၏တူမ မခိုင်မာသန့်ဇင်(ခေတ္တ-ဩစတြေးလျ)သည် ၃၀-၃-၂၀၀၄ရက်တွင် ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့၌ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

မခိုင်မာသန့်ဇင်
အသက်(၁၉)နှစ်

ရန်ကုန်မြို့၊ ရွှေဘုံသာလမ်း၊ အမှတ် ၁၉၁ နေ (ဦးခင်စိုး)-ဒေါ်စန်းကြည်တို့၏မြေး၊ ဩစတြေးလျနိုင်ငံ၊ဆစ်ဒနီမြို့နေ ဒေါက်တာသန့်ဇင်-ဒေါ်ခင်မျိုးတင့်တို့၏သမီး၊ ကျော်ကိုကိုဇင်၏ညီမ၊ ကိုဇော်လင်းထွန်း၊ မမိုးပပလှိုင်၊ (ကျော်ညီညီမျိုး)၊ မခိုင်ခိုင်မြင့်၊ စည်သူဝင်း၊ ဇေယျာထွဋ်၊ ကြည်ဇင်သန့်၊ နန္ဒာဝင်း၊ ဇော်ဖြိုးနိုင်၊ မေသင်းခိုင်၊ သဉ္ဇာဝင်း၊ ဖြိုးပြည့်စိုး၊ ဝိုင်းပြည့်စိုး၊ နွယ်သင်းနိုင်၊ အိမ့်ပြည့်စိုး၊ ချစ်စမ်းမောင်တို့၏ညီမ/အစ်မ၊ ဖွဲ့မဟာထွန်း၏အဒေါ်သည် ၃၀-၃-၂၀၀၄ရက်တွင် ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

မထွန်းစုမြတ်မွန်သိန်း(ခ)Barbie လေး
အသက်(၄)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၂၆၊ စရည်းပင်လမ်း၊ သုဝဏ္ဏနေ ဦးခင်မောင်သိန်း-ဒေါ်စုစုသိန်း၊(ဒုတိယဗိုလ်မှူးကြီးလှမောင်)-ဒေါ်ဥဥခင်တို့၏ချစ်လှစွာသောမြေး၊ ဦးထွန်းထွန်း (ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်သမ္မတရုံး)-ဒေါ်မာလာသိန်းတို့၏ချစ်လှစွာသောသမီး၊ မောင်အောင်ဇင်ဖြိုးသိန်း၏ချစ်လှစွာသော ညီမလေးသည် ၃၀-၃-၂၀၀၄ရက် နံနက် ၃း၃၅နာရီတွင် ကလေးဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

မထွန်းစုမြတ်မွန်သိန်း(ခ)Barbie လေး
အသက်(၄)နှစ်

ဦးခင်မောင်သိန်း-ဒေါ်စုစုသိန်း၊ (ဒုတိယဗိုလ်မှူးကြီးလှမောင်)-ဒေါ်ဥဥခင်တို့၏မြေး၊ ဦးထွန်းထွန်း(ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်သမ္မတရုံး)-ဒေါ်မာလာသိန်းတို့၏သမီး၊ အောင်ဇင်ဖြိုးသိန်း၏ညီမလေး၊ ဒေါ်လှလှဦး(MID INTL Services)၊ Capt ထွဋ်ထွဋ် (MD.MID INTL Services)-ဒေါ်ချိုချိုစန်း(အထက-၃၊ အလုံ)၊ ဒေါ်မြတ်မြတ်ဦး (ရွှေရှမ်းကန်၊ ရွှေအင်းယား)-ဦးကျော်ကျော် (MD.Asia Point Bowling Center)၊ ဗိုလ်မှူးမျိုးသန့် (Ph.D Candidate တပ်မတော်နည်းပညာတက္ကသိုလ်)-ဒေါ်သီတာတိုးတို့၏တူမလေးသည် ၃၀-၃-၂၀၀၄ရက်တွင် ကလေးဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၁-၄-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူဦးလေး၊အဒေါ်များ။

မထွန်းစုမြတ်မွန်သိန်း(ခ)Barbie လေး
အသက်(၄)နှစ်

သုဝဏ္ဏ၊ အမှတ် ၂၂၆၊ စရည်းပင်လမ်းနေ ဦးခင်မောင်သိန်း-ဒေါ်စုစုသိန်း၊ (ဒုတိယဗိုလ်မှူးကြီးလှမောင်)-ဒေါ်ဥဥခင်တို့၏မြေး၊ ဦးထွန်းထွန်း(ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်သမ္မတရုံး)-ဒေါ်မာလာသိန်းတို့၏သမီး၊ အောင်ဇင်ဖြိုးသိန်း၏ညီမလေး၊ ဦးသော်တာသိန်း-ဒေါ်လှမြတ်ခိုင်၊ ဦးဒေဝါသိန်း-ဒေါ်ခင်စန္ဒာဖေ၊ ဗိုလ်မှူးမောင်မောင်သိန်း-ဒေါ်တင့်တင့်အောင်၊ ဒေါ်မွှေးသီတာသိန်း၊ ဦးစိုးမင်းအောင်၊ ဒေါက်တာခင်ရတနာသိန်းတို့၏တူမလေး၊ မမြတ်ကြည်လဲ့သိန်း၊ မောင်ကျော်ဇေယျအောင်၊ မယမုံနာအောင်၊ မောင်ဝေလျှံအောင်၊ မောင်ထက်ခိုင်သိန်း၊ မောင်ကျော်ဒေဝါ၊ မဟေမာန်ဒေဝါတို့၏ညီမလေးသည် ၃၀-၃-၂၀၀၄ ရက် နံနက် ၃း၃၅ နာရီတွင် ကလေးဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၁-၄-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ကိုသန်းဒါး
(A.G.T.I, Mech:) (Thunder Company Limited)
အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံလမ်း၊ အမှတ် ၁၇၄ နေ (ဦးကြည်)-ဒေါ်မြမြသန်းတို့၏သားကြီး၊ (ဦးပါ)-ဒေါ်အေးသန့်၊ ဦးတင်ဝင်း-(ဒေါ်ခင်ပု)တို့၏မြေး၊ ဦးအုန်းကျော်-ဒေါ်အေးအေး၊ (ဦးတင်ရွှေ-ဒေါ်မြင့်မြင့်သန်း)၊ (ဦးကျော်မြင့်)-ဒေါ်ဝင်းဖြူဖြူ(မစူး)၊ ပေါင်းတည်မြို့နေ ဦးသံဒိုင်-ဒေါ်ယဉ်ရွှေတို့၏တူ၊ ဦးအောင်လွင်-ဒေါ်မြသီတာ(အမက-၆၊ သာကေတ)တို့၏မောင်၊ ဒေါ်မြသူဇာ (Bagan Cybertech Co.,Ltd.)၊ ဒေါ်မြမာလာ(People Magazine)၊ ကိုရန်လင်းကြည်တို့၏ အစ်ကိုသည် ၃၀-၃-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၆း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမြင့်ဝေ
(CE Technology)
အသက်(၄၀)

ရန်ကုန်မြို့၊ ရန်ကင်း (Duplex)၊ တိုက်အမှတ် ၁၅၄(ခ)၊ ရန်နိုင်လမ်းသွယ် ၈၊ (၄)ရပ်ကွက်နေ (ဒုတိယဗိုလ်မှူးကြီးတင်ထွန်း)-ဒေါ်မမစိန်တို့၏သားထွေး၊ ဦးပြုံးမောင်မောင်-ဒေါ်ခင်သီတာထွန်း၊ ဗိုလ်မှူးအေးကိုကို(ငြိမ်း)-ဒေါ်နီလာဝေ၊ ဦးမိုးမြင့်တို့၏ညီငယ်၊ မခင်ပန်းနုပြုံး-Charles၊ မခင်နှင်းပွင့်ပြုံး၊ မောင်မြတ်ကိုကိုစိန်၊ မောင်ကျော်ထွန်းနိုင်၊ မနန္ဒာအေးကိုကိုတို့၏ဦးလေးသည် ၂၇-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၃၁-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။)

အထက်ပါနေအိမ်သို့ ၂-၄-၂၀၀၄ ရက်တွင် နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေး တရားနာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်ဝင်းကြည်
နတ်မောက်ကြည်လေး
B.A, D.T အထပြ(ငြိမ်း)
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ငွေဝတ်မှုံရပ်ကွက်၊ ရွှေတောင်ကြား ၁ လမ်း၊ အမှတ် ၉၀(ဂျေ)နေ (ဦးဖိုးစီ-ဒေါ်ငွေမယ်)တို့၏သမီး၊ (ဦးခ-ဒေါ်တင်တင်)တို့၏သမီးချွေးမ၊ (ဒုတိယဗိုလ်ချုပ်ကြီးမြင့်အောင်၊ ငြိမ်း)၏ဇနီး၊ (ဦးဘကြည်)၊ (ဒေါ်ကြီးလှ)၊ (ဒေါ်ကြီးမြ)တို့၏ညီမ၊ (ဦးစောအောင်)၏အစ်မ၊ ဒေါက်တာအောင်မြတ်စိုး(ကထိက၊ မျက်စိဆေးရုံကြီး၊ရန်ကုန်)-ဒေါ်သဇင်မြင့်အောင်တို့၏မိခင်၊ မကေခိုင်စုသွယ်(I.M.1)၊ မချောစုလတ်(I.M.1)၊ မခိုင်မျိုးမြတ်(U.C.S.Y)တို့၏အဘွားသည် ၃၀-၃-၂၀၀၄ရက် နံနက် ၉း၀၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၅-၄-၂၀၀၄ရက်(တနင်္လာနေ့)တွင် ရက်လည်ဆွမ်းကျွေးမည်ဖြစ်ပါသဖြင့် တရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးတင်စိန် (မုတ္တမမြို့)
အသက်(၇၃)နှစ်

(ဦးပိန်-ဒေါ်ကြွေ)တို့၏သား၊(ဦးကုလားဖေ-ဒေါ်ရင်စိန်)တို့၏သားသမက်၊ မုတ္တမမြို့၊ အမှတ် ၁၁ နယ်မြေ၊ ဇေတဝန်ရပ်နေ (ဒေါ်အုန်းနု)၏ခင်ပွန်း၊ ကိုနိုင်ဝင်း-မညိုညိုစန်း၊ ကိုဝင်းဇော်၊ ဗိုလ်မှူးမင်းတလထော (သာယာဝတီခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ အတွင်းရေးမှူး) - ဒေါ်ခင်သက်မော်၊ ကိုတင်ထွန်း-မအေးအေးမော်၊ ကိုဝင်းကို- မနုနုငယ်(သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း)၊ ကိုသိန်းဇော်တို့၏ဖခင်၊ မိစုရတနာမင်းထော၊ မင်းတလသွန်းထော၊ မိသီရိရတနာမင်းထော၊ အိသဇင်ထွန်းတို့၏အဘိုးသည် ၂၉-၃-၂၀၀၄ရက် နံနက် ၉း၄၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၃-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် မုတ္တမမြို့ အောင်ဇေယျမြို့သစ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးဘိုညွှန့် (ရေစကြို)
ကုန်သွယ်/လယ်ယာ(ငြိမ်း)
အသက်(၆၁)နှစ်

ရေစကြိုမြို့၊ ဈေးရပ်နေ (ဦးသိန်းမောင်-ဒေါ်သိန်းလှ)တို့၏ သားကြီး၊ ရေးမြို့နေ (ဦးစိန်ပု-ဒေါ်မအစ်)တို့၏ သားသမက်၊ ဒုရဲမှူးကြီးစိန်မြ-ဒေါ်အမာ၊ ဦးချူး-ဒေါ်ခင်ဝင်း၊ မခင်ကို၊ အရာခံဗိုလ်စိန်လှ၊ မဝင်းဝင်းကြည်၊ တကကတင်ထွန်းဝင်းတို့၏အစ်ကို၊ မောင်ရန်နိုင်ဦး၊ မောင်ရန်နိုင်ဝင်းတို့၏ ဖခင်၊ ဒေါ်ခင်ဝင်း၏ခင်ပွန်းသည် ၂၉-၃-၂၀၀၄ရက်(တနင်္လာနေ့) ညနေ ၆း၄၅ နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၁) ရပ်ကွက်၊ ဦးပြုံးချိုလမ်း၊ အိမ်အမှတ် ၃၁၀တွင် ကွယ်လွန်သွားပါ၍ ၃၁-၃-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

Captကျော်ဌေးဦး(ခ)ဖိုးပြုံး
CDC (6190) M.V YTHAM Eastwind Ship Management Pte, Ltd.
(ရွှေတောင်)
အသက်(၄၉)နှစ်

ရွှေတောင်မြို့၊အမှတ် ၅၉၊ကြာနီကန်လမ်းနေ ဦးအေးမောင်-ဒေါ်အေးသိန်းတို့၏သားကြီး၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ အမှတ် ၁၅၇၊ တောင်ခြေလမ်းသွယ် ၂ နေ (ဦးကျင်မီ)-ဒေါ်တင်အေးတို့၏သားသမက်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မာလာမြိုင်လမ်း၊ အမှတ် ၅၃၁(C-2)၊ အခန်း ၆၁၄ နေ ဒေါ်မိမိခိုင်[B.Sc (Phys:)]၏ခင်ပွန်း၊ ဒေါ်ဌေးဌေးဝင်း[B.Sc (Bot:)၊ အလုပ်ရုံခွဲမှူး၊ ဘဏ္ဍာရေးဌာန၊ ရွှေတောင် ချည်/ချောစက်ရုံ]၊ ဒေါ်ဆွေဆွေဝင်း [B.A (Accounting)၊ ဒုဦးစီး၊ ထွေ/အုပ်၊ ရွှေတောင်)၊ ဦးတင်ဌေးဝင်း (ဦးတေဇနိယ) ပဲခူးမြို့၊ ဟံသာဝတီကမ္မဋ္ဌာန်းရိပ်သာ၊ (ကိုတင်မောင်အေး)၊ ကိုတင်မောင်ဆွေ [B.Sc (Chem:)]-မနီနီအေး [B.Sc (Chem:)]၊ ကိုဇော်မင်းအေး [B.A (Geog:)]-မလဲ့လဲ့မူ [B.Sc (Chem:)]၊ ကိုကျော်ကျော်နိုင် (တောအုပ်၊ မြောင်းမြမြို့နယ်၊ သစ်တောဦးစီးဌာန)၊ ဒေါက်တာဖြိုးခနကျော် (Mega Products Ltd.)-မမေသူရ [B.Sc (I.C) Q၊ Mega Products Ltd.]တို့၏အစ်ကိုကြီး၊ မောင်ကျော်ထက် (Bellevue Community College U.S.A)၊ မမေဦး(အထက-၄၊ တောင်ကြီး)၊ မမေထက်(အထက-၄၊ တောင်ကြီး)တို့၏ဖခင်၊ တူ တူမ ငါးယောက်တို့၏ဘကြီးသည် ၂၈-၃-၂၀၀၄ရက် (စနေနေ့) မြန်မာစံတော်ချိန် ည ၁၀ နာရီတွင် ကိုလံဘီယာ ကမ်းလွန်ပင်လယ်ပြင်၌ တာဝန်ထမ်းဆောင်စဉ် ရုတ်တရက် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်အုန်းကြာလှ
(မြက်ရိုတ်ကျွန်း၊မြောက်ဦးမြို့နယ်)
အသက်(၇၆)နှစ်

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ မြက်ရိုတ်ကျွန်းနေ (ဦးမောင်ထွန်း-ဒေါ်စံဦးဖြူ)တို့၏သမီးကြီး၊ (ဦးဘသာ)-ဒေါ်သာနှင်းတို့၏အစ်မ၊ ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ နဝရတ် ၂ လမ်း၊ အမှတ် ၃၇၇/က နေ ဦးသာဘန်းဦး၏ဇနီး၊ ဦးသိန်းကျော်ဦး(ပြည်တွင်းရေကြောင်း)-ဒေါ်အေးရီ၊ ဦးအောင်ရွှေကျော်(ဦးစီးအရာရှိ၊ပြည်နယ်သမ)-ဒေါ်ဒါညို(အထက-၄၊ စစ်တွေ)၊ ဦးကျော်မြ(တပ်မတော်-ရေ)-ဒေါ်သိန်းကျော့ဦး (အလက-၄၊ ဒလ)၊ ဦးလှကျော်ထွန်း(မြို့နယ်အင်/ယာ၊MEPE)၊ ခနဲ့ဖြူ)-ဒေါ်ခင်သိန်းမြင့်(အမက-မုဆိုးကွင်း)၊ ဦးတင်ဝင်း(အာမခံ)-ဒေါ်အေးသာနု (အမက-အိုးတန်း)၊ ဒေါ်မေနီဝင်း (အလက-ခွဲ၊ ပျဉ်ထောင်၊ သန်လျင်)၊ မောင်ကျော်ညွန့်(တပ်မတော်-ရေ)တို့၏မိခင်၊ ဦးစိုးလွင်(ရွှေဒေါင်းပျံ ဆေးပေါ့လိပ်၊ စစ်တွေ)-ဒေါ်အမာ(ခ)ဒေါ်အေးအေးသောင်း (အမက၊ ဗန္ဓုလ)တို့၏အကြီးရင်မ၊ မြေး ၁၅ ယောက်တို့၏အဘောင်ရင်၊ မြစ်နှစ်ယောက်တို့၏အဖီးရင်သည် အထက်ပါနေအိမ်၌ ၂၈-၃-၂၀၀၄ရက် နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၄-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သန်းအေး (ရေနံချောင်း)
(B.A, Dip.ed)
အထက်တန်းပြ(ငြိမ်း)
အသက်(၆၉)နှစ်

ကျောက်ပန်းတောင်းမြို့၊ မြို့မရပ်နေ (ဦးကြွယ်-ဒေါ်ပြည့်)တို့၏သမီး၊ ရေနံချောင်းမြို့နေ (ဦးကျောက်-ဒေါ်စိန်ဟုံ)တို့၏သမီးချွေးမ၊ ရေနံချောင်းမြို့နေ ဦးတင်စိုး၏ဇနီး၊ ရန်ကုန်မြို့၊ အမှတ် ၇၁၊ (လေးလွှာ၊ ဝဲ)၊ စိတ္တသုခလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်နေ ဦးတိုးတိုးမောင် (အကောက်ခွန်မှူး)-ဒေါ်သီတာစိုးတို့၏မိခင်၊ အောင်မြင်မောင်မောင်၊ ကောင်းဆက်မောင်မောင်တို့၏အဘွားသည် ၃၀-၃-၂၀၀၄ရက် နံနက် ၁၁း၂၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၀၄ရက်(ကြာသပတေးနေ့)ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအောင်စိုး
(မန်နေဂျာ)
SM. Tours & Transport Co., Ltd.
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၅လမ်း၊ အမှတ် ၁၄၂(ရှစ်လွှာ၊ ဝဲဘက်အခန်း)နေ (ဦးအေးမောင်-ဒေါ်စန်းရီ)တို့၏သား၊ ဦးကျော်မင်း၊ ဦးကျော်ဝင်း-ဒေါ်ကြည်ကြည်မြ၊ ဦးထွန်းကြည်-ဒေါ်အေးသန်း၊ ဦးယဉ်အေး-ဒေါ်ကြူကြူဝင်းတို့၏ညီ/မောင်၊ ဦးမောင်မောင်ချစ်-ဒေါ်စန်းစန်းအေး၊ ဦးဇော်ဝင်း၊ ဒေါ်သီသီဝင်း၊ ဦးကျော်ကျော်အောင်-ဒေါ်နီနီဝင်းတို့၏အစ်ကို၊ မောင်သီဟဖြိုးပိုင်၊ မောင်ပုညစိုးပိုင်(အထက-၂၊ ဗိုလ်တထောင်)တို့၏ ဖခင်သည် ၃၀-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၀၄ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
မွန်ပြည်နယ်၊မော်လမြိုင်မြို့ တောင်ဝိုင်းရပ်၊မဟာဝိသုတာရာမ ဓမ္မဗိမာန်ကျောင်းတိုက်
ဘဒ္ဒန္တပဏ္ဍိတ(ခ)
ဦးဟန်ကြူ (မြောင်းမြ)
(ကုန်သွယ်ရေး ၈-၉၊ အငြိမ်းစား)
သက်တော်(၇၅)နှစ်၊ သိက္ခာတော်(၁၆)ဝါ

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ တောင်ဝိုင်းရပ်၊ မဟာဝိသုတာရာမ ဓမ္မဗိမာန်ကျောင်းတိုက်တွင် သီတင်းသုံးနေထိုင်တော်မူသော ဘဒ္ဒန္တပဏ္ဍိတ(ခ)ဦးဟန်ကြူသည် ၁၃၆၅ ခုနှစ် တန်ခူးလဆန်း ၉ရက် (၂၉-၃-၂၀၀၄ရက်) နံနက် ၁၁း၃၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၅ခုနှစ် တန်ခူးလဆန်း ၁၂ ရက် (၁-၄-၂၀၀၄ရက်)မွန်းလွဲ ၁ နာရီတွင်အန္တိမအဂ္ဂိစျာပန သာခုကီဠနပူဇာသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှတပည့်ဒါယကာ၊ဒါယိကာမများအား အကြောင်းကြားသိစေအပ်ပါသည်။ ဒါယကာ၊ဒါယိကာမများ။

ဒေါ်ကြာမ
(မင်းပြားမြို့နယ်အသင်း)
အသက်(၉၀)

ရန်ကုန်မြို့၊ ဝါယာလက်၊ ပလရအိမ်ခြံ ၁၀၀၊ ၃ လမ်း၊အိမ်အမှတ် ၆၁ နေ ဦးကျော်ဖုံဖြူကြီး၏ဇနီး၊ (ဦးမောင်ထွန်းစံ)-ဒေါ်အေးခိုင်စိန်၊ တကကအောင်သာ၊ ဒေါ်လှဝင်းရီတို့၏မိခင်၊ ဖြူနုမ-မောင်ဝေရ၊ မအောင်တင်၊ ဝိုင်းမခြေ-ကျော်သိန်းမောင်(မင်းပြား)၊ ကိုသန်းဇော်-မညွန့်ညွန့်ဖူး၊ တကကဝင်းဇော်-မမို့မို့ထွန်းတို့၏အဘွား၊ မြစ် ၁၃ ယောက်၊ တီရှစ်ယောက်တို့၏အဖီးသည် ၂၉-၃-၂၀၀၄ရက်(တနင်္လာနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် တပ်မတော်ဆေးရုံကြီး မင်္ဂလာဒုံအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်ခင်ခင်သာ
(မန်နေဂျာ၊ ငြိမ်း၊ MEIS)
အသက်(၇၁)နှစ်

အမှတ် ၁၅၇၊ ဦးချိုလမ်း၊ (၈) ရပ်ကွက်၊ လှိုင်မြို့နယ်နေ ဦးလှမင်း (ဒုအင်ဂျင်နီယာချုပ်၊ စစ်ဆေးရေးငြိမ်း၊ မြန်မာ့လေကြောင်း)၏ဇနီး၊ (ဦးသူရမင်း)-ဒေါ်မာနမ်၊ ဒေါ်အေးအေးမင်း-ဦးမောင်မောင်သန့်၊ ဒေါ်စမ်းစမ်းမင်း-ဦးညီညီဝင်းတင်၊ ဦးသီဟမင်း-ဒေါ်ခင်နှင်းဦးတို့၏မိခင်၊ မင်းခွန်မင်း၊ ဘိုမင်းသန့်၊ နေခြည်မင်းတင်၊ မြတ်မင်းသာ၊ ကောင်းမင်းသာ၊ ခန့်မင်းသာတို့၏အဘွားသည် ၃၀-၃-၂၀၀၄ရက် နံနက် ၂ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁-၄-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ယုဒသန်ဘုရားရှိခိုးကျောင်း(ရန်ကုန်တက္ကသိုလ်)တွင် ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးစံလှိုင်
(လက်ထောက်ကထိက၊ငြိမ်း)
စက်မှုသင်တန်းကျောင်း(သန်လျင်)
အသက်(၅၇)နှစ်

ရန်ကင်း၊ တိုက်အမှတ် ၂၉၉၊ အခန်း ၁၅၊ ရန်ကင်း ရဲအရာရှိရိပ်သာနေ (ဦးအောင်ထွန်း - ဒေါ်တင်ဟန်)တို့၏ သား၊(ဦးဖိုးချုပ်-ဒေါ်မြတင်)တို့၏သားသမက်၊ ဒုတိယရဲမှူးဒေါ်ခင်စိန်[မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ဦးစီး(၄)မှူးခင်း]၏ခင်ပွန်း၊ (ဦးမောင်ဖိတ်)-ဒေါ်ခင်ညို၊ ဦးခင်မောင် - ဒေါ်ကြည်ကြည်ညွန့်(ရွှေညာမောင်ပို့ဆောင်ရေး)တို့၏အစ်ကိုကြီး၊ကိုမျိုးသူ-မမာလာစိုးသွယ်၊မကျော့သူဇာလှိုင်တို့၏ဖခင်၊ မသွယ်ဝင့်သူ၏အဘိုးသည် ရန်ကုန်ဆေးရုံကြီး အသည်းရောဂါဌာန ၃၀-၃-၂၀၀၄ရက် နံနက် ၁၁း၄၅ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ပဲခူးတိုင်း၊ပြည်မြို့၊ အောင်မင်္ဂလာကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဘဒ္ဒန္တ ဣန္ဒာစက္က
သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၈)ဝါ

ပဲခူးတိုင်း(အနောက်ပိုင်း)၊ ပြည်မြို့၊ နဝင်းရပ်ကွက်၊ အောင်မင်္ဂလာကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တ ဣန္ဒာစက္ကသည် ၁၃၆၅ခုနှစ် နှောင်းတန်ခူးလဆန်း ၈ ရက် (၂၈-၃-၂၀၀၄ရက်) တနင်္ဂနွေနေ့ ညနေ ၃း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်၏ အန္တိမအဂ္ဂိစျာပန ပူဇာသဘင်ကို နှောင်းတန်ခူးလပြည့်ကျော် ၆ ရက် (၁၀-၄-၂၀၀၄ရက်) စနေနေ့တွင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်ဒါယကာ၊ဒါယိကာမများ။

ဒေါ်မြသောင်း
ကုန်သွယ်/လယ်ယာ(ငြိမ်း)
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၉ လမ်း၊ အမှတ် ၃၈ နေ (ဦးလှိုင်ထွန်း-ဒေါ်အေးစိန်)တို့၏သမီးကြီး၊ ဦးအုန်း (ရုပ်ရှင်လုပ်ငန်း၊ငြိမ်း)၏ဇနီး၊ ဦးမောင်မောင် (လဝက၊ ငြိမ်း)၊ ဦးမောင်ကို (ဆောက်/လျှပ်၊ ငြိမ်း)တို့၏ အစ်မ၊ ဦးတင်ထွန်း (မြန်မာ့အာမခံ၊ ငြိမ်း)-ဒေါ်မြင့်မြင့်စန်း(မြန်မာ့အာမခံ)၊ဦးကျော်ကျော်နိုင်(3/O၊ Sunrise Marine)-ဒေါ်မြမြသွယ်၊ ယာယီတပ်ရင်းမှူး ဗိုလ်မှူးတင်ဝင်း-ဒေါ်ခင်ခင်စု၊ (ကိုလှထွန်း)၊ ကိုရဲထွန်းတို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၃၀-၃-၂၀၀၄ရက် နံနက် ၃း၀၅ နာရီတွင် ဆာကူရာအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်မြင့်မြင့် (ဟင်္သာတ)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၂၊ ကုက္ကိုင်းရိပ်သာလမ်း၊ရွှေတောင်ကြား(၂)၊ဗဟန်းမြို့နယ်နေ (ဦးတင်အေး) (ကုန်သွယ်/လယ်ယာ၊ ငြိမ်း)၏ဇနီး၊ ဟင်္သာတမြို့နယ်၊ တလုတ္တော်ကျေးရွာနေ (ဦးထွန်းလှ-ဒေါ်ဖွားကြွယ်)(ဆန်စက်ပိုင်)တို့၏ သမီး၊ ဦးစိန်သောင်း (ဆောက်/လျှပ်၊ ငြိမ်း)-ဒေါ်စန်းစန်းမွန်၊ ဦးကျော်အေး (GM Five Stones Co.)-ဒေါ်ခင်အေးသန်း၊ Capt,ဦးအောင်ဝင်း(ကြယ်ငါးပွင့်)-ဒေါ်ညိုညို၊ဦးသန်းဆွေ(C/O)-ဒေါ်ဝါဝါတင်၊ ဦးဇော်မင်းလွင်-ဒေါ်ဥမ္မာဝင်းတို့၏မိခင်၊ မောင်ဇေယျာစိုး (A/B ကြယ်ငါးပွင့်)၊ မောင်ဗိုလ်ဗိုလ်၊ မောင်ဟိန်းဇော်(ဆေး-၁)၊ မသီရိဝါ၊ မောင်စစ်ပိုင်ဖြိုး၊ မောင်ကျော်ပွင့်သစ်ထွန်း၊ မနှင်းယွန်းဝတီတို့၏အဘွားသည် ၂၉-၃-၂၀၀၄ရက် (တနင်္လာနေ့)နံနက် ၁၁း၃၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ဇရပ် ဒါယိကာမကြီး
ဒေါ်မေသန်း
(ရေး၊ ချောင်းဆုံ၊ တကူကနာ)
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၂)ရပ်ကွက်၊ လက်ဝဲသုန္ဒရလမ်း၊ အမှတ် ၁၀၇ နေ (ရေးမြို့ ဦးဘသီး-ဒေါ်မယ်သင်)တို့၏သမီး၊ ဦးစန်းမြင့်-ဒေါ်တင်တို့၏ညီမ၊ ဦးအေးသွင်၏ဇနီး၊ ဦးတင်ဝင်းလှိုင်၊ မခင်သန်းဝေ၊ မခင်သန်းနု၊ မခင်ဌေးဝင်း(ခ)မချို၊ မောင်မျိုးဝင်း(ခ)တူးတူး-မစန္ဒာဌေး၊ ဦးဝေစိုး (မြန်မာ့အလင်း ပုံနှိပ်တိုက်)-မနုနုဝင်းတို့၏မိခင်၊ မြေး ၁၁ ယောက်တို့၏ အဘွားသည် ၃၀-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၀၄ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာမည်။) ကျန်ရစ်သူမိသားစု။

ပုလောမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်ကြိုင်ကြိုင်
(ရွှေပေါက်ကံမြို့သစ်)
အသက်(၈၂)နှစ်

မြောက်ဥက္ကလာပမြို့နယ်၊ရွှေပေါက်ကံမြို့သစ်၊ (၁၃)ရပ်ကွက်၊ ရန်ကုန်လမ်း၊ အမှတ် ၄၁၇ နေ ဦးကြွက်နီ၏ဇနီး၊ ဦးခင်မောင်လေး-ဒေါ်မြသောင်း အသင်းဝင်အမှတ်(၁၅၀၀)တို့၏ မိခင်သည် ၂၉-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၃၁-၃-၂၀၀၄ရက် ညနေ ၄ နာရီ ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အသင်းမှကားများ မွန်းလွဲ ၂း၃၀ နာရီ ထွက်ပါမည်။) အမှုဆောင်အဖွဲ့။

ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်သန်းမြ
ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)
အထက(၁)၊သုံးခွ
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ကျားကွက်သစ်ရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ အမှတ် ၃ နေ (ဦးသော်-ဒေါ်တင်)တို့၏သမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွှကုန်းဌေးကြွယ်(က)ရပ်ကွက်၊ သမ္မာဒိဋ္ဌိလမ်း၊ အမှတ် ၄၄ နေ (ဦးကျော်လွင်)၏ ဇနီး၊ ဦးဝင်းထွဋ်-ဒေါ်ဝင်းဝင်းကျော် (အထက-၄၊ သဃ်န်းကျွန်း)၊ ဦးတင်မောင်ဆွေ(စည်ပင်၊ အခွန်ဌာန)-ဒေါ်စန်းစန်းလွင်၊ ဦးမင်းကြည်-ဒေါ်မြစန္ဒာ၊ ဦးမိုးဇော်အောင်(မြန်မာတိုယိုတာဆူရှိကုမ္ပဏီလီမိတက်)၊ ဒေါ်မြသီတာ(မြန်မာ့အာမခံလုပ်ငန်း)တို့၏မိခင်၊ မြေး ၁၂ ယောက်တို့၏ အဘွားသည် ၂၉-၃-၂၀၀၄ရက် နံနက် ၁၁း၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁-၃-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါက်တာသင်းဇော် (မိုးကုတ်)
(သင်းမေတ္တာမွန်ဆေးခန်း)
(လိပ်ကျရွာမ၊သပိတ်ကျင်းမြို့)
အသက်(၄၁)နှစ်

မိုးကုတ်မြို့၊ပိတ်စွယ်ရပ်နေ ဦးအေး-ဒေါ်မြရင်တို့၏သား၊ ရန်ကုန်မြို့၊ (၄၃)ရပ်ကွက်၊မြောက်ဒဂုံနေ ဦးဝင်းမောင်-ဒေါ်မြခင်တို့၏သားသမက်၊ မန္တလေးမြို့နေ ဦးတင်ဝင်း-ဒေါ်ညိုညို(မြတ်တော်ဝင်ရေယာဉ်)တို့၏တူ၊ ကိုဗိုလ်မြ-မအေးအေးဝင်း၊ ကိုအောင်မျိုးခိုင်-မကြူကြူသန်း၊ ကိုညီညီခိုင်တို့၏ညီ၊ ကိုမင်းဇော်-မသဲမမ၊ ကိုသားကြီး-မသက်၊ ကိုသောင်းဌေးဦး-မငယ်(ပတ္တမြား)၊ကိုမျိုးဇော်(မြို့မ)၊ကိုထက်ဝေလင်းတို့၏အစ်ကို၊ မအေးသီရိခိုင်၏ဖခင်၊ မပပခိုင်၏ခင်ပွန်းသည် ၂၉-၃-၂၀၀၄ ရက်တွင် စစ်ကိုင်းမြို့၌ကွယ်လွန်ပါ၍ ၃၁-၃-၂၀၀၄ရက်တွင် စစ်ကိုင်းမြို့၌ သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ကိုကိုမောင်
(စိန့်ဂျွန်းကျောင်းသားဟောင်း)
အသက်(၄၁)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ၇ လမ်း၊ အမှတ် ၄၃ နေ ဦးဝင်းမောင်(MEPE၊ ဘဏ္ဍာရေးဌာနရုံးချုပ်၊ ငြိမ်း)-ဒေါ်ခင်လှတို့၏ သားကြီး၊ ကိုအဘီး-မမီမီဝင်း၊ ကိုကျော်ကျော်မောင်၊ ကိုညီညီ-မရီလေး(တောင်ကြီး)တို့၏အစ်ကို၊ မမိုနီဘီး၊ မပိုးလေးငြိမ်း(အလက-၁၊ဒဂုံ)၊ မောင်စွမ်းရဲထွတ်တို့၏ဘကြီးသည် ၂၉-၃-၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၃း၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၄-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများမွန်းလွဲ ၁၂း၁၅ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့ထုတ်စောင်ရေ ၂၀၀၁၂၅

၂၀၀၄ ခုနှစ် မေလ ၁၇ ရက်၌ အမျိုးသားညီလာခံပြန်လည်ကျင်းပရန်ကြေညာ အမျိုးသားညီလာခံကိုယ်စားလှယ်များထံသို့ ဖိတ်ကြားစာများအချိန်မီပေးပို့မည်

ပြည်ထောင်စု မြန်မာနိုင်ငံတော်
အမျိုးသားညီလာခံကျင်းပရေးကော်မရှင်
ရန်ကုန်မြို့
ကြေညာချက်အမှတ်(၁/၂၀၀၄)

၁၃၆၅ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၀ ရက်
(၂၀၀၄ ခုနှစ် မတ်လ ၃၀ ရက်)

အမျိုးသားညီလာခံပြန်လည်ကျင်းပရန် ကြေညာခြင်း

၁။ ယာယီအားဖြင့်ဆိုင်းငံ့ထားလျက်ရှိသော အမျိုးသားညီလာခံကို ၁၃၆၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက် (၂၀၀၄ ခုနှစ်၊ မေလ ၁၇ ရက်) တနင်္လာနေ့တွင် ရန်ကုန်မြို့၌ ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း ကြေညာလိုက်ပါသည်။

၂။ အမျိုးသားညီလာခံကိုယ်စားလှယ်များထံသို့ ဖိတ်ကြားစာများကို အချိန်မီပေးပို့မည်ဖြစ်ပါသည်။

(ပုံ) သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
ဥက္ကဋ္ဌ
အမျိုးသားညီလာခံကျင်းပရေးကော်မရှင်

မြဝတီရုပ်မြင်သံကြား နဝမနှစ်ပတ်လည်နေ့နှင့် မြဝတီစာပေတိုက် နှစ်ပတ်လည်ဆုချီးမြှင့်ပွဲကျင်းပ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ပြီးဆုများချီးမြှင့်

ရန်ကုန် မတ် ၃၀

မြဝတီရုပ်မြင်သံကြား နဝမနှစ်ပတ်လည်နေ့နှင့် မြဝတီစာပေတိုက် နှစ်ပတ်လည်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့ရှိ မြဝတီရုပ်မြင်သံကြား၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြဝတီရုပ်မြင်သံကြား နဝမနှစ်ပတ်လည်နေ့နှင့် မြဝတီစာပေတိုက် နှစ်ပတ်လည် ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဆုရရှိသူအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

တက်ရောက်

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်နှင့် ဗိုလ်မှူးချုပ်ခင်မောင်ထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သိန်းထွန်း၊ ဗိုလ်ချုပ်ခင်အောင်မြင့်၊ ဗိုလ်ချုပ်အောင်သိန်း၊ ဗိုလ်ချုပ်စောလှ၊ ဗိုလ်ချုပ်တင်ထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံဓာတ်ပုံအသင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ မြဝတီရုပ်မြင်သံကြားမှ ဝန်ထမ်းများ၊ မြဝတီစာပေတိုက် နှစ်ပတ်လည်စာမူနှင့် ဓာတ်ပုံပြိုင်ပွဲဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဆုများချီးမြှင့်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မြဝတီစာပေတိုက် ၂၀၀၃ ခုနှစ် မြဝတီ၊ ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည်အကောင်းဆုံးစာမူဆုနှင့် မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲဆုများကိုချီးမြှင့်ရာ အမျိုးသားစာပေဆုရှင် ဦးမောင်မောင်ကြည် (ရေနံမြေ-မောင်မောင်ကြည်)၊ အကောင်းဆုံးမြဝတီဝတ္ထုရှည်ဆုရရှိသူ မောင်ရည်သွေး၊ အကောင်းဆုံးငွေတာရီဝတ္ထုရှည်ဆုရရှိသူ မုဒုံသုမွန်၊ အကောင်းဆုံး မြဝတီဝတ္ထုတိုဆုရရှိသူ ရွှေသဉ္ဇာနှင့် အကောင်းဆုံးငွေတာရီဝတ္ထုတိုဆုရရှိသူ ဝင်းနွယ် (သစ်တော)တို့အား ဆုများကိုချီးမြှင့်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး မြဝတီရုပ်မြင်သံကြား နဝမနှစ်ပတ်လည်နေ့နှင့် မြဝတီစာပေတိုက် နှစ်ပတ်လည် ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဆုရရှိသူအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)